www.burmeseclassic.com

# စိတ်ကူးဉာဏ်ကြောင့် ကမ္ဘာကျော်ကြသူများ




မောင်မြင့်ကြည်(စာပေဗိမာန်)

www.burmeseclassic.com

www.burmeseclassic.com

# စိတ်ကူးညာဏ်ကြောင့် ကမ္ဘာကျော်ကြသူများ

## မောင်မြင့်ကြည် [ ဘာသာပြန် ]

ဒီဇိုင်းခွင့်ပြုချက် - ၈၉၀ / ၂၀၀၁ (၉)
မျက်နှာဖုံးခွင့်ပြုချက် - ၅၆ / ၂၀၀၂ (၁)
ထုတ်ဝေသူ - ဦးမိုးကြည် ၊ မိုးကြည်စာပေ
အမှတ်-၁၈၇၊ ဖျာပုံလမ်း
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးစွန်ကော်ယု (မြဲ-၀၅၅၅၇)
မာကျူရီပုံနှိပ်တိုက်
အမှတ်-၄၉၊ ရေကျော်လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
အဖုံးပုံနှိပ် - ဒေါ်အေးစန္ဒာညို (၀၄၉၆၇)၊
မြတ်သီဒီပုံနှိပ်တိုက်
အမှတ်-၅၊အင်ကြင်းမြိုင်လမ်းသွယ်
သုဝဏ္ဏ၊ ရန်ကုန်မြို့။
၂၀၀၂-ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်
အုပ်ရေ ၅၀၀၊ တန်ဖိုး ၂၀၀



## မာတိကာ

၁။ စကားညွှန်း ၇
၂။ ကမ္ဘာကျော်စုံထောက်ဝတ္ထုစာရေးဆရာ ပီတာချေနီ ၁၄
၃။ မျက်နှာချင်းလမင်းမှာ ဆုံကြမယ် ၂၆
၄။ ကမ္ဘာကျော်သော ကျွန်ကလေး ၅၀
၅။ ဆင်းရဲတွင်းမှ လွတ်မြောက်သူ ၆၂
၆။ ကမ္ဘာကျော်တို့၏ ဓာတ်ခံဗီဇ ၇၁
၇။ ငွေမမက်သောစန္ဒယားဆရာကြီး ဖရက်ဒရစ်ရှိုပင် ၇၇

www.burmeseclassic.com



| | | |
|---|---|---|
| ၈။ | စိတ်ကူးဉာဏ်ကောင်းသော ကမ္ဘာကျော်သူတို့နှင့် သူတို့ချစ်သောမိန်းမများ | ၈၈ |
| ၉။ | စိတ်ကူးဉာဏ်ကောင်းသောကမ္ဘာကျော်တို့၏ ဘေးဒုက္ခများ | ၁၀၆ |
| ၁၀။ | ချစ်တတ်သောမိုပါဆွန်း | ၁၁၉ |
| ၁၁။ | ဇရာကိုနားလည်သူ | ၁၄၂ |
| ၁၂။ | ဝါဒသစ်ဖြင့်ကမ္ဘာကျော်သူ | ၁၅၄ |
| ၁၃။ | ဖြစ်တည်မှုပဓာနဝါဒကို ဖန်တီးကြသူများ | ၁၇၅ |
| ၁၄။ | နိဂုံး | ၁၈၃ |

BURMESE CLASSIC

## စကားညွှန်း

လူတစ်ယောက်တွင် "စိတ်ကူးဉာဏ်" သည်အရေးကြီးဆုံးဟု ကျွန်တော်ထင်သည်။ "စိတ်ကူးဉာဏ်" ဟူရာ၌ မိမိတစ်ဦးတည်း ကြံဆတီထွင်၍ စိတ်ကူးခြင်းမျိုးသည် ပို၍ အဖိုးတန်သည်ဟုဆိုနိုင်သည်။ သို့ရာတွင် လူတစ်ယောက်သည် ပတ်ဝန်းကျင်အတွေ့အကြုံ အကြားအမြင်၊ လေ့လာဆည်းပူးသင်ယူမှု ဟူသော အကြောင်းအချက်များပေါ်တွင် အခြေခံ၍သော "စိတ်ကူးဉာဏ်" မှာ ဖြစ်ပေါ်လာနိုင်ခြင်းရှိလေသည်။

❀ တင်မော်(ဓာတု)စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



အတွေးအမြင်သည် "စိတ်ကူးဉာဏ်" အခြေခံသဘောတရားတစ်ရပ်ဖြစ်၍ တွေးတတ် မြင်တတ် ဆင်ခြင်တတ်မှုလည်း ရှိဖို့လိုပေမည်။ "ဆင်ခြင်ဉာဏ်"သည် အကြောင်းကိစ္စရပ်တစ်ခု၌ ဖြစ်နိုင်မဖြစ်နိုင် သဘာဝကျမကျ၊ ဟုတ်မဟုတ် မှန်မမှန်ကို ဆုံးဖြတ်နိုင်သော ဉာဏ်မျိုးဖြစ်၏။ သူများနှင့်မတူသောစိတ်ကူး၊ သူများနှင့် မတူသော အလုပ်အကိုင်တို့ကို စိတ်ကူးလုပ်ကိုင်နိုင်ရန် ဖြစ်ပေါ်စေတတ်သော ဉာဏ်မျိုးမဟုတ်ဟု ယူဆသင့်သည်။ သို့သော် ဆင်ခြင်ဉာဏ်ရှိသူသည် ဘဝလမ်းကြောင်း မတိမ်းမစောင်းအောင် ထိန်းကွပ်စောင့်ရှောက်နိုင်ပြီး အမှားအယွင်းနည်းကာ အကျိုးရှိသော ဘဝကို ဖြစ်ပေါ်စေရာ၌ကား အသုံးတည့်လှ၏။

"စိတ်ကူးဉာဏ်"သည်ကား ထိုသို့မဟုတ်ပါ။" စိတ်ကူးဉာဏ်"သည် သသူများနှင့်တူသောအတွေး၊ သူများနှင့်တူသော အလုပ်တို့ကို မတွေးမလုပ်ဘဲ မိမိဝါသနာနှင့်မိမိ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မဆင်ခြင်ဘဲ အသစ်အဆန်းများကို ချဲ့ထွင်ကြံစည်တတ်သော စိတ်မျိုးဖြစ်သည်။





အများကဖြစ်နိုင်မည်မဟုတ်ဟု ယုံကြည်သောအရာကိုလည်း ထိုစိတ်ကူးဉာဏ်ကောင်းသူသည် မဖြစ်ဖြစ်အောင် ကြံစည်စိတ်ကူးကာ အောင်မြင်သည်အထိ လုပ်ကိုင်ဆောင်ရွက်တတ်လေသည်။ မည်သည့်အလုပ်ပင်ဖြစ်စေ လက်တွေ့မလုပ်ဆောင်မီ ကြံစည်စိတ်ကူးရ၏။ ထိုကြံစည်စိတ်ကူးခြင်းမှာ အလုပ်ရှေ့ပြေး ပြဋ္ဌာန်းချက်ဖြစ်၍ သေချာသောအလုပ်၊ အောင်မြင်သောအလုပ်၊ ကောင်းမွန်သေသပ်သောအလုပ်ဖြစ်စေရန် ရှေ့ဦးလုပ်ဆောင်ချက်ဟု ဆိုနိုင်ပေသည်။

BURMESE CLASSIC

အနုပညာရပ်ဆိုင်ရာလုပ်ငန်းများဖြစ်သော စာပေ၊ ဂီတ၊ ပန်းချီ ပန်းပု အနုပညာလုပ်ငန်းများတွင်ကား စိတ်ကူးဉာဏ်သည် အခြားလုပ်ငန်းလုပ်ကိုင်သူများထက်ပင် ပို၍အရေးပါလေသည်။ သံစဉ်နှင့်စာသား မရှိသေးသောတေးတစ်ပုဒ်ကို ဖန်တီးရေးဖွဲ့ကာ နားထောင်သူတို့၏နားတွင် သာယာပျော်ရွှင် နှစ်သက်အောင်၊ ခဏခဏနားထောင်ပြီး စွဲလမ်းအောင် ရေးဖွဲ့နိုင်သောအစွမ်းမှာ စိတ်ကူးဉာဏ်ကောင်းသောကြောင့်ပင် ဖြစ်သည်။ ဤနေရာ၌ စိတ်ကူးဉာဏ်သည် "ခံစားမှု"နှင့် "အတွေ့အကြုံ"မှ ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခြင်းဟု ဆိုသင့်၏။

"ခံစားမှု"သည် စိတ်ကူးဉာဏ်ကို အတွေ့အကြုံနှင့် ပေါင်းကာ နှိုးဆွပေးတတ်လေသည်။ ခံစားမှုဟူသည်မှာလည်း **"သုခဝေဒနာ"**နှင့် **"ဒုက္ခဝေဒနာ"**သာ ဖြစ်လေသည်။ ဝမ်းနည်းမှု၊ မကျေနပ်မှု၊ တမ်းတလွမ်းဆွတ်မှုတို့သည် ဒုက္ခဝေဒနာမှ ပေါက်ဖွားလာခြင်းသာဖြစ်သည်. **"အဒုက္ခမ သုခ"**ခေါ် **"ဥပေက္ခာဝေဒနာ"** ကား သာမန်ပုထုဇဉ်တို့တွင် ဖြစ်နိုင်ခဲသောကြောင့် အနုပညာသမားများနှင့်မဆိုင်သော ခံစားမှု (ဝေဒနာ) ဟုပင် ဆိုကောင်းဆိုနိုင်ပါလိမ့်မည်။ ဤသည်မှာ အနုပညာဖန်တီးစဉ် အခိုက်၌ ဖြစ်ပေါ်တတ်သော ဝေဒနာကို သုံးသပ်တင်ပြခြင်းသာ ဖြစ်ပါသည်။

လူမှာလည်း ထိုဒုက္ခနှင့် သုခဝေဒနာတစ်မျိုးမျိုးနှင့်သာ အစဉ်အမြဲနေလေ့ရှိရာ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်မြဲသာဖြစ်သည်။ ခံစားမှုအမျိုးမျိုးမှာလည်း ထိုဒုက္ခနှင့် သုခနှစ်ခုကို အထူအပါး ပြောင်းလဲကာ ဖြစ်ပေါ်နေကြခြင်းပင်လျှင် ဖြစ်လေသည်။ ဝေဒနာခံစားမှု ထက်သန်ခြင်းနှင့်အတူ စိတ်ကူးဉာဏ်လည်း ထက်သန်လာတတ်လေသည်။ ထို့ကြောင့် အလွန်ဝမ်းနည်း





ကြေကွဲ လွမ်းမောတတ်သော သီချင်းရေးဆရာတစ်ယောက်ထံမှ "အလွမ်းသီချင်း" ကောင်းများ ထွက်ပေါ်လာတတ်ခြင်းမှာ ထင်ရှားလေသည်။

"စိတ်ကူးဉာဏ်"ကို အကောင်အထည်ဖော် လုပ်ကိုင်သောအချိန်၌ကား "ဝီရိယ"၏သဘောသည် ပေါ်လွင်လာတော့သည်။ စိတ်ကူးဉာဏ်သည် ရှေ့သို့ဆက်မတိုးဘဲ စိတ်ကူးဉာဏ်ဖြစ်ရုံမျှနှင့် ပျောက်ကွယ်သွားပါကလည်း မည်သည့်အလုပ်မျှ အကောင်အထည်ပေါ် အောင်မြင်လာတော့မည် မဟုတ်ပေ။

စိတ်ကူးဉာဏ်ထူးခြားသူတို့ကား ဝီရိယအားထုတ်မှုဖြင့် ပေါင်းစပ်သော ကမ္ဘာကျော်အောင်မြင်မှုများကိုပင် ရရှိလေတော့သည်။ ထို့ကြောင့် သူတို့၏စိတ်ကူးပုံ၊ အားထုတ်ပုံ၊ မအောင်မြင်မီ ရင်ဆိုင်ရပုံနှင့် အောင်မြင်ကြီးပွား ထင်ရှားပုံတို့ကို ဖတ်ရှုခြင်းဖြင့် ဘဝခွန်အားနှင့် ဉာဏခွန်အားကို ဖြစ်ပေါ်စေနိုင်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ထို့ကြောင့် **"စိတ်ကူးဉာဏ်ကြောင့် ကမ္ဘာကျော်ကြသူများ"**စာအုပ်ကို ကျွန်တော်ရေးသားစုဆောင်း တင်ပြမိခြင်းပင်ဖြစ်၏။

မောင်မြင့်ကြည် (စာပေဗိမာန်)



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဉာဏ်ကောင်း၍ ဖွံ့ ဝီရိယရှိသောသူသည် သူ၏ စိတ်ကူးဉာဏ်ကို အခြေခံကာ မအောင်မြင် အောင်မြင်အောင် အကြိမ်ကြိမ်ကြိုးစားလေ့ရှိသည်။ ထိုသို့ ကြိုးစားအားထုတ်သော ခရီးစဉ်၌ ဆင်းရဲသည်၊ ပင်ပန်းသည်၊ ဒုက္ခရောက်သည်ကိုပင် အမှုမထားဘဲ သူလုပ်လိုသမျှ အာရုံခံစားမှုနောက်သို့လိုက်ကာ ရေဆုံးရေဖျားလုပ်လိုလေ့ရှိ၏။ ထိုသို့သောသူမျိုးထဲ၌ ကမ္ဘာကျော် စုံထောက်စာရေးဆရာကြီး "ပီတာချေနီ" ကို မှတ်တမ်းတင် ထည့်သွင်းထားသင့်လေသည်။

ထို့ကြောင့်ပင် "ပီတာချေနီ" ၏ စုံထောက်ဝတ္ထုများကို

❀ တင်မော် (စာတု) စာပေ ❀



မိုးကာ "အလွတ်စုံထောက်တင်မောင်ဆွေ" ကို မြန်မာစုံထောက် ဝတ္ထုများအဖြစ် ရေးသားဖန်ဆင်းခဲ့သော စာရေးဆရာမိုးဝေက…

"အမှန်ကို ဝန်ခံရမည်ဆိုလျှင် ကျွန်တော်တီထွင်ခဲ့သော "အလွတ်စုံထောက်တင်မောင်ဆွေ" ကား ပီတာချေနီ၏ "စလင်း ကာယ်လဲဂ်ဟာန်" ကိုမှီးထားခြင်းပင်ဖြစ်ပါ၏" ဟု ရေးသားခဲ့ဖူးလေ သည်။ ဤတွင် ပီတာချေနီ၏ စိတ်ကူးဉာဏ်နှင့် ကမ္ဘာကျော် အောင် အားထုတ်ကြိုးစားမှုကို ရေးသားဖော်ပြလိုက်ပါသည်။

❀ တင်မော် (စာတု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာကျော်စုံထောက်ဝတ္ထုစာရေးဆရာ

## ပီတာချေနီ

လူတွေဟာ ကိုယ့်အတ္ထုပ္ပတ္တိတွေကို ကိုယ်ရေးသားခဲ့ကြတယ်လို့ ဆိုရမှာဖြစ်တယ်။ ထင်ရှားတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေကအစ မထင်မရှား သေဆုံးကွယ်လွန်သွားကြရတဲ့ ကျေးလက်ရွာစွန်ရွာများက နွားကျောင်းသားအထိ သူမသေခင် သူ့အတ္ထုပ္ပတ္တိကိုတော့ သူရေးသွားခဲ့တာပါပဲ။

ဘယ်လိုရေးသလဲဆိုတာ စဉ်းစားကြည့်ကြရအောင်။ တကယ်တော့ လူတစ်ယောက်က အမေ့ဗိုက်ထဲကချက်ကြိုးဖြတ်ပြီး အပြင်ရောက်လာကတည်းက သူ့သမိုင်းက "စ" တော့တာပါပဲ။





"ဒီကောင်လေးက ငယ်ငယ်က သိပ်ရော်ဂါထူတာ"

"သူမွေးလာပြီးကတည်းက ချူချာလိုက်တာလွန်ပါရော ဒွာထိပ်ကဆေးဆရာကြီး အချိန်မရွေး အချိန်ရှိ သူ့အပေပြေးပြေးခေါ်ရတယ်"

အဲသလို အမေ့ရဲ့စကားတွေကလည်း သူ့ဘဝအတ္ထုပ္ပတ္တိရဲ့ အစကို ဖော်ညွှန်းနေတာပါပဲ။ ပြီးတော့ သူ့ပတ်ဝန်းကျင်၊ သူနေတဲ့ သွားတဲ့နေရာ၊ သူလုပ်ခဲ့ကိုင်ခဲ့တာတွေ သူ့ကိုမြင်တွေ့ခဲ့ကြ ပြောဆိုရင်းနှီးခဲ့ကြတဲ့သူတွေ ဒါတွေဟာ သူ့အတ္ထုပ္ပတ္တိသမိုင်းရဲ့ အထောက်အထားတွေပဲ မဟုတ်ပါလား။

ဒါကြောင့်လည်း ကမ္ဘာကျော်စုံထောက်စာရေးဆရာရဲ့ အတ္ထုပ္ပတ္တိကို လေ့လာတဲ့အခါမှာ သူ့ရဲ့လုပ်ပုံကိုင်ပုံ နေပုံထိုင်ပုံတွေဟာ ငယ်စဉ်ကကတည်းက သူများနဲ့မတူတာကို တွေ့မြင်နိုင်ကြတာအမှန်ပါပဲ။ ပီတာချေနီဟာ အသက်ဆယ့်လေးနှစ်သားအရွယ်ကတည်းက စုံထောက်ဉာဏ် စုံထောက်စိတ်ကူးရဲ့ ခံစားခြင်းအတွေးတွေ စိတ်ကူးဉာဏ်တွေ သူ့မှာရှိနေခဲ့တယ်။

သူဟာ အဲဒီကတည်းက စာစရေးဖို့ စိတ်ကူးဉာဏ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တယ်ဆိုပါတော့။ ပြီးတော့ သူဟာ ကြီးကြီးကျယ်ကျယ် စာရေးချင်တဲ့သူ၊ သူဟာ အဲဒီအရွယ်ကတည်းက စီးပွားရေး ဥပဒေမှတ်စုတွေနဲ့ ရာဇဝတ်ကောင်တွေရဲ့ ဗီဇစိတ်နေသဘော ထားတွေကို ဘာသာရပ်တစ်ခုလို ရေးသားတင်ပြခဲ့တယ်။

ဒီမှာ စဉ်းစားစရာတစ်ခုရှိတာက ဆယ့်လေးနှစ်အရွယ် ဆိုတာ ကျွန်တော်တို့နိုင်ငံက လူငယ်လူရွယ်တွေဟာ ၇–တန်း၊ ၈–တန်းအရွယ်လောက်ရှိမှာပေါ့။ ကျူရှင်တက်၊ ကျောင်းတက်လို့ ကောင်းတုန်း၊ မိဘဆီက မုန့်ဖိုးယူပြီး မိုခိလို့ကောင်းတုန်း။ ကြီးကျယ်တဲ့ဝတ္ထုရေးဆရာတစ်ယောက်အဖြစ် စိတ်ကူးနိုင်တဲ့သူ အလွန်နည်းပါလိမ့်မယ်။ ပီတာချေနီကတော့ သူ့စိတ်ကူးဉာဏ် အတိုင်း သူဟာ အကောင်အထည်ဖော်ခဲ့တယ်။ ဒါကြောင့်မို့ လည်း သူဟာ သူ့အသက် ၁၄ နှစ်ပြည့်တဲ့နေ့မှာပဲ သူရေးတဲ့ "မနက်ဖြန်"ဆိုတဲ့ ဝတ္ထုတိုလေးကို စပြီးပုံနှိပ်ဖော်ပြတာ ခံခဲ့ရတယ်။

"ပီတာချေနီ"ကို လေ့လာပြီးရင် စိတ်ကူးဉာဏ်ကို အကောင်အထည်ဖော်ဖို့ ကြိုးစားရာမှာ သူဟာ လုပ်သင့်လုပ်ထိုက် တာတွေကို စနစ်တကျအားထုတ်လုပ်ခဲ့တာမျိုး လေ့လာတွေ့





ရှိနိုင်တယ်။ သူဟာ ရှေ့နေလုပ်မယ်လို့ စိတ်ကူးပြီးတော့လည်း ဥပဒေပညာကို တစ်နှစ်ကျော်လောက် လေ့လာလိုက်စားခဲ့တယ်။ ဟုတ်တယ်လေ။ သူ့လုပ်ရပ်မှန်တယ်လို့ ကျွန်တော်တို့ထောက်ခံ ရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ စုံထောက်ဝတ္ထုရေးမယ့် လူတစ်ဦး ဟာ ဥပဒေပညာရပ်ကို နားလည်တတ်ကျွမ်းသင့်တာကိုး။

ရာဇဝတ်မှုကျူးလွန်တဲ့သူကို ဥပဒေက ဘယ်လိုအရေးယူ နိုင်တယ်၊ ဘယ်လိုကိုင်တွယ်ဆုံးဖြတ်ရမယ်၊ ဥပဒေနဲ့ ဥပဒေ ကျူးလွန်သူအရေးယူပုံ၊ ဥပဒေသမားနဲ့ ဥပဒေကျူးလွန်သူတို့ရဲ့ စိတ်နေသဘောထားအမျိုးမျိုးတို့ကိုသိအောင် လေ့လာဖို့ လိုတယ် ဆိုတာ သူစိတ်ကူးမိတဲ့ သဘောပဲပေါ့။

ဒါ့အပြင် အနုပညာနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေကို ဝါသနာပါတဲ့ "ပီတာချေနီ"ဟာ ပြဇာတ်လောကကို လေ့လာဖို့ ဇာတ်ခုံပေါ်ကို ရောက်သွားပြန်ပါတယ်။ ဇာတ်ခုံဆိုတာဟာလည်း လူ့ဘဝရဲ့ အကောင်းအဆိုးတွေ၊ လူ့သဘောအမျိုးမျိုးနဲ့ သဘာဝ လောကကြီးကိုသိပြီး ခံစားနှစ်သက်တတ်အောင် ဖော်ပြ လုပ်ဆောင်တတ်တာလို့ သူသိနေတယ်။ အဲဒီမှာ သူဟာ တစ်နှစ်ခွဲလောက်နေပြီးတော့ အခန်းအမျိုးမျိုးကဝင်ပြီး သရုပ် ဆောင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပီတာချေနီ" ကတော့ ဇာတ်ကရုံနဲ့ အားမရဘဲ "**ဇာတ်ခုံမန်နေဂျာ**" အလုပ်ပါ သူအဲဒီမှာလုပ်လေရဲ့။ ဒါမှ ဇာတ်ဝင်ခန်းတွေ၊ ဇာတ်လမ်းသရုပ်ဆောင်သူနဲ့ ဇာတ်ခုံအပြင်အဆင်တွေကို သူသိခွင့်ရမှာမဟုတ်လား။ ဒါ့အပြင် သူဟာ ရုပ်ရှင်ဇာတ်လမ်းတစ်ခုမှာ ပါဝင်သရုပ်ဆောင်လိုက်သေးတယ်၊ အံ့ပါရော။

ဒါတွေလုပ်နေတဲ့အတွက် "ပီတာချေနီ" ဟာ သူ့စာပေဝါသနာနဲ့ ကလောင်သွေးမှုကိုရော ရပ်ထားတယ်ထင်ပါသလား။ ဘယ်ဟုတ်လိမ့်မလဲ။ အဲဒီဇာတ်ခုံပေါ်မှာကလိုက်၊ မန်နေဂျာလုပ်လိုက် လုပ်နေရင်းကကို "**ကဗျာတွေ**" "**ကာလပေါ်သီချင်း**" တွေကိုလည်း သူရေးလိုက်သေးတယ်။ ဒီကြားထဲက မြဇာတ်ညွှန်းတွေ တစ်ခုပြီးတစ်ခု သူဆက်တိုက်ရေးပြီးနေခဲ့တာ။

ဒီတော့ ဘယ်နေရာမဆို စိတ်ကူးဉာဏ်နဲ့ စိတ်ကူးဉာဏ်ကို အကောင်အထည်ပေါ်အောင် အင်တိုက်အားတိုက် ကြိုးစားလုပ်ဆောင်ဖို့လိုတယ်ဆိုတာ ထင်ရှားနေပါတယ်။

"ပီတာချေနီ" အဲသလို လုပ်ဆောင်နေတဲ့ အချိန်မှာပဲ ကမ္ဘာစစ်ကြီးဟာ ဖြစ်ပေါ်လာပါတော့တယ်။ ဒီအခါ "ပီတာချေနီ" ဟာ သူလုပ်မယ်လို့ စိတ်ကူးဉာဏ်အာရုံတစ်ခုရပြီးရင် မဖြစ်





မနေလုပ်မယ့်အတိုင်း အသက် (၁၈) နှစ်အရွယ်မှာပဲ စစ်ထဲကို ခြေစုံပစ်ပြီး ဝင်လိုက်ပါတော့တယ်။ သူဟာ "**အင်းနစ်ကုတ်**" ဗိုလ်သင်တန်းကိုတက်ပြီးတော့ **ရွှင်ရယ်ဝါး ဝစ်ရှိုင်းယား** ရဲ့ "**ဂျီမင်**" တပ်မှာ စစ်ဗိုလ်လေးဖြစ်လာတယ်။

ပြင်သစ်စစ်မြေပြင်မှာသွားပြီး သူ စစ်မှုထမ်းရတယ်။ ၁၉၁၆ ခုနှစ်မှာတော့ သူဟာ စစ်မြေပြင်စစ်ပွဲများမှာသွားပြီး တိုက်ခိုက်ရင်းနဲ့ ဒဏ်ရာတော်တော်ပြင်းပြင်းထန်ထန်တွေ ရခဲ့ပြီး စစ်မှုမထမ်းနိုင်တော့ဘူး။

ဒီလို စစ်မှုထမ်းနေတဲ့အချိန်မှာရော "ပီတာချေနီ" ဟာ ဘာလုပ်နေတယ်ထင်ပါသလဲ။ သူ့ရဲ့စိတ်ကူးဉာဏ်ဟာ စာရေးဆရာစိတ်နဲ့ စာရေးဆရာဗီဇကို မလျှော့တမ်းလုပ်ဖို့ ရည်ရွယ်ထားတာကြောင့် သူဟာ စစ်မြေပြင်က ကတုတ်ကျင်းထဲမှာ "**ဂင်ကျီလမ်း**" ဆိုတဲ့ သီချင်းတစ်ပုဒ်ကို ရေးဖွဲ့ခဲ့တယ်။

သူဟာ စစ်ပွဲကရလာတဲ့ ဒဏ်ရာတွေကို ဆေးရုံတစ်ခုပြီး တစ်ခုပြောင်းကုရင်း ပျောက်သွားပြန်တယ်။ ဒီတော့ "ပီတာချေနီ" ဟာ စစ်ဗိုလ်ဘဝနဲ့ အမှုထမ်းရင်းကပဲ "**အလုပ်သမားတပ်**" ရာဇဝင်ကို ရေးသားစီစစ်ဖို့ မှတ်စုတွေ စုဆောင်းရေးသား



www.burmeseclassic.com

www.burmeseclassic.com



နေပြန်ရော။ ဒီလိုလုပ်နေရင်းက သူဟာ"**ကိုရာနာသို့**"နဲ့"**အချစ်နှင့်စစ်ကဗျာများ**"လို့ အမည်ရှိတဲ့ ကဗျာစာအုပ်နှစ်အုပ်ကို ရေးသားထုတ်ဝေခဲ့သေးတယ်။

စစ်ကြီးပြီးသွားတာနဲ့ သူဟာ သူ့စိတ်ကူးဉာဏ်အတိုင်း စာရေးတဲ့လုပ်ငန်းကို ဖိဖိစီးစီးကြီး စလုပ်ကိုင်ခဲ့တာပေါ့။ သူ့နာမည်ဟာ တစ်ဟုန်ထိုး ကျော်ကြားလာတယ်။ သူရေးတဲ့ စာတွေကတော့ "**စုံထောက်စာပေ**"နဲ့ ပြင်သစ်ရာဇဝတ်ကောင်တွေရဲ့ အကြောင်းတွေပါတယ်။ ဒီလိုရေးသားရာမှာ သဘာဝကျဖို့နဲ့ စနစ်ကျဖို့အတွက်တော့ သူဟာ နိုင်ငံအသီးသီးက ရဲအဖွဲ့တွေရဲ့ နည်းစနစ်တွေကို လေးလေးနက်နက်နဲ့ နိုက်နိုက်ချွတ်ချွတ် ရှာဖွေဆည်းပူး လေ့လာခဲ့တယ်။

ဒါဟာ အတုယူစရာပါပဲ။ စိတ်ကူးဉာဏ်ကို အကောင်အထည်ဖော်တဲ့နေရာမှာ စနစ်ကျဖို့လိုတယ်ဆိုတာကို ပီတာချေနီက ရှေ့ဆောင်လမ်းပြလုပ်ခဲ့တာလို့လည်း ဆိုနိုင်ပါတယ်။ ကိုယ်သိပ်မသိတဲ့အကြောင်းအရာကို စမ်းတဝါးဝါးရေးနေတာနဲ့ အချက်အလက်တိကျပြီး အဖြစ်အပျက်တွေမှန်တာကို ရေးဖွဲ့ခြင်းဟာ စာရေးဆရာတွေ ပညာရှင်တွေအတွက် အလိုအပ်ဆုံးပဲ မဟုတ်လား။ ဒီအချက်အလက်တွေရလာတာဟာ "ပီတာချေနီ" ကို စုံထောက်စာရေးဆရာဖြစ်ဖို့ အဓိကအခြေခံနဲ့ ပြည့်စုံလာတာလို့ ပြောလို့ရပါတယ်။





ပီတာချေနီဟာ ၁၉၁၉ ခုနှစ်မှာ စစ်ထဲကထွက်လိုက်တယ်။ ဒီအချိန်မှာ သူဟာ အသက်နှစ်ဆယ်ကျော်လေးပဲရှိသေးပြီး ပြဇာတ်တွေရေးဖွဲ့ခဲ့တယ်။ နာမည်ကျော် ပြဇာတ်မင်းသားမင်းသမီးတွေဟာ သူ့ကလောင်ဖျားကထွက်လာတဲ့ ပြဇာတ်တွေကို အားကိုးအားထားပြုခဲ့ကြရတယ်။

ဒါဟာ စုံထောက်စာပေတွေ သူရေးသားဖို့ အားပြုနေတဲ့ သဘောမျိုးသာဖြစ်ခဲ့ပြီးတော့ ၁၉၂၉ ခုနှစ်မှာ အပတ်စဉ်ထည့်သွင်းဖော်ပြဖို့ စုံထောက်ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို စတင်ရေးသားလိုက်တော့တယ်။ သူစတင်ရေးတဲ့အချိန်ကပဲ ထုတ်ဝေသူဟာ သူ့ဝတ္ထုကို နှစ်သက်သဘောကျပြီးတော့ နောက်ထပ်ဝတ္ထုရှည်ကြီး (၆) ပုဒ် ထပ်ရေးသားဖို့ တောင်းဆိုတာခံခဲ့ရပါတော့တယ်။ "ပီတာချေနီ"ရဲ့ "စိတ်ကူးဉာဏ်"ဟာ ဒီအချိန်မှာ သိပ်ရှေ့ရောက်နေတယ်လို့တောင် ပြောရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ဒီခုနှစ်ပိုင်းတွေမှာ မထွက်ပေါ်ဖူးသေးတဲ့ "ရုပ်ရှင်မဂ္ဂဇင်း"တစ်စောင်ထုတ်ဝေဖို့ သူစိတ်ကူးကြံစည်ခဲ့လို့ပါပဲ။ ဒါပေမယ့် အဲဒီအချိန်က သူ့စိတ်ကူးဟာ အကောင်အထည် ပေါ်မလာခဲ့ပါဘူး။ ဒါကြောင့် သူဟာ သတင်းဆောင်းပါးတွေ ဖြန့်ချီတဲ့ဌာနတစ်ခုကို ဦးစီးဦးဆောင်ပြုပြီး စတင်တည်ထောင်တဲ့ နှစ်အတွင်းမှာပဲ သတင်းဆောင်းပါးပေါင်း (၃၄၀) နဲ့ သတင်းစာပေါင်းများစွာကို သူရောင်းချနိုင်ခဲ့တယ်။ သူ့ဆောင်းပါးတွေကို သတင်းစာပေါင်း (၇၅) စောင်မှာ ထည့်သွင်းဖော်ပြတာ ခံခဲ့ရတယ်။

ဒီနောက်မှာတော့ "ပီတာချေနီ" ဟာ စာနယ်ဇင်းအမျိုးမျိုးအတွက်"ခေါင်းကြီးပိုင်းတွေ"ရှာဖွေပေးတယ်။ ပြီးတော့ ၁၉၂၉ ခုနှစ်မှာ သူဟာ "ခေါင်းကြီးနဲ့စာပေအကျိုးဆောင်"ဆိုတဲ့ စာပေဖြန့်ချီရေးဌာနတစ်ခုပါ ဖွင့်လှစ်ခဲ့တယ်။

ပီတာချေနီရဲ့ ထူးခြားမှုကတော့ အလုပ်တစ်ခုလုပ်ပြီဆိုရင် ဒီအလုပ်မှာ သူများနဲ့မတူတဲ့ စိတ်ကူးဉာဏ်သစ်ကို တွေးပြီးတော့ "ကြီးမားကျယ်ပြန့်အောင်" ချဲ့ထွင်လုပ်ကိုင်တတ်တဲ့ သဘောပါပဲ။ ပြီးတော့ သူဟာ သုတေသနအဖြစ်နဲ့ လေ့လာစူးစမ်းလိုစိတ်က





များတော့ အင်္ဂလန်မြို့တော်ကြီးတစ်ခုလုံးကို သူဟာကျွမ်းကျင်နှံ့စပ်နေတယ်။ ဒါဟာသူ့အတွက် ရေးစရာတွေအမြောက်အမြားရစေတဲ့ သဘောပါပဲ။ သူဟာ စူးစမ်းလေ့လာတတ်သူပီပီ လန်ဒန်မြို့တော်ကြီးရဲ့ ညလောကကို ကောင်းကောင်းရင်းနှီးပြီး ရှုပ်ထွေးပွေလီတဲ့ ဒုစရိုက်သမားတွေစရိုက်ကိုသိမြင်လို့ သူ့ဝတ္ထုတွေဟာ သဘာဝကျပြီး ခေတ်မီနေတာကို တွေ့နိုင်ပါတယ်။

တကယ်ဖြစ်ပျက်နေတာတွေကို နောက်ခံထားပြီး သူဟာ ဝတ္ထုကို ဖန်တီးလေ့ရှိတယ်။ နောက်တော့"ပီတာချေနီ"ဟာ လန်ဒန်မြို့တော်သာမကဘဲ မိုင်ပေါင်း (၃၀၀၀) ကျော်လောက်ကွာတဲ့ အမေရိကန်ပြည်ထောင်စုက ဒုစရိုက်ဂိုဏ်းတွေ ကျက်စားကျင်လည်ကြပုံကိုပါ ထုတ်ဖော်ရေးသားပြီး ဇာတ်ကောင်တွေမွေးထုတ်လာခဲ့တယ်။ သူမွေးထုတ်လိုက်တဲ့ ဇာတ်ကောင် "ဂျိမင်းလမ်မီကော်ရှင်"ဟာ အမေရိကန်ပြည်ထောင်စုမှာပါ ထင်ရှားကျော်စောပြီး လူကြိုက်များလာခဲ့ရတယ်။

သူဟာ စုံထောက်ဝတ္ထုသာမက သူလျှိုဝတ္ထုနဲ့ ဥပဒေနောက်ခံဝတ္ထုတွေကိုပါ အများအပြားရေးသားခဲ့နိုင်တဲ့အတွက် ကမ္ဘာတစ်ဝှမ်းမှာ ထင်ရှားကျော်စောလာခဲ့ပါတော့တယ်။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဉာဏ်ကို အဆက်မပြတ် အကောင်အထည်ဖော်နိုင်အောင် ကြိုးစားအားထုတ်မှုကြောင့် သူ ကမ္ဘာကျော်လာရခြင်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့ဇာတ်လိုက်တွေထဲက လူကြိုက်အများဆုံးကတော့ အမေရိကန်ဇာတ်လိုက် **လဲမ်ကော်မီရှင်နဲ့** အလွတ်စုံထောက် **စလင်းကဲလ်ဂဲဟာန်**တို့ပါပဲ။ သူရေးခဲ့တဲ့ သူလျှိုမလေး“**ဂျူလီယာ**” ဝတ္ထုဟာလည်း ထင်ရှားတဲ့ဝတ္ထုအဖြစ် ကျော်ကြားလာပါတော့တယ်။ ဂျူလီယာရဲ့ စွန့်စားခန်းတွေကို စာဖတ်ပရိသတ်တွေဟာ နှစ်သက် စွဲလမ်းခဲ့ကြတယ်။

ဒါကြောင့်လည်းသူ့မိတ်ဆွေ Sunday Graphnic သတင်းစာလက်ထောက် အယ်ဒီတာ “**ချားလ်စ်အိမ်**”က ပီတာ ချေနီရဲ့ စာအုပ်တစ်အုပ်က မိတ်ဆက်စာမှာ...

“ရုပ်ရှင်ထဲမှလည်းကောင်း၊ ပြဇာတ်ထဲမှလည်းကောင်း ပီတာချေနီလိုလူမျိုးနှင့် တူသည့်သူ သတင်းစာအယ်ဒီတာမျိုးနှင့် တူသည့်သူကို မတွေ့ခဲ့ဖူးပါ”ဟု ချီးကျူးရေးသားခဲ့လေသည်။

စိတ်ကူးဉာဏ်ကောင်းလှသော ကမ္ဘာကျော်စုံထောက် စာရေးဆရာကြီး ပီတာချေနီဟာ ၁၉၅၁ ခုနှစ်က အသက် (၅၆) နှစ်အရွယ်မှာ ကွယ်လွန်သွားရှာခဲ့ပြီးဖြစ်ပါတယ်။ သူ၏





စိတ်ကူးဉာဏ်နှင့် အားထုတ်မှုတို့ဟာ ယနေ့ထက်တိုင် စာပေသမားတို့ အတုယူအားကျဖွယ်ရာ ထင်ရှားနေခဲ့ပါတော့တယ်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## မျက်နှာချင်း လမင်းမှာဆုံကြမယ်

ကျွန်တော် ဒဂုံမြို့သစ်မြောက်ပိုင်း ပိုလ်မင်းရောင်လမ်းပေါ်ရှိ ၄၂ ရပ်ကွက်မှ "ရွှေလမင်း" စားသောက်ဆိုင်သို့ ဝင်လိုက်သောအခါ ဆိုင်ထဲတွင်ထိုင်နေသော ဝကြီး၊ ညီညီနှင့် ဦးသန်းလွင်တို့ကို ဦးစွာတွေ့လိုက်ရသည်။ ဦးညွန့်တင်နှင့် ကိုသိန်းဇော်တို့က နောက်မှဝင်လာကြ၏။

ကျွန်တော်စကားပြောဖော် ရှာကြည့်သောအခါ ဦးတင်မောင်ကိုတွေ့၍ ဦးတင်မောင်စားပွဲတွင် ဝင်ထိုင်လိုက်မိတော့၏။ ထိုအခါ ကိုသိန်းဇော်ကလည်း စာပေသမားဖြစ်၍ ကျွန်တော့်စားပွဲတွင် ဝင်လာထိုင်သည်။ ထုံးစံအတိုင်း ကိုသိန်းဇော်က





သူ့အတွက် အရက်တစ်ပိုင်းကိုမှာလိုက်သည်။ ဦးညွန့်တင်ကလည်း သူ့အပိုင်းနှင့်သူ။

ထိုအချိန်တွင် ဦးသန်းလွင်မှာ ထုံးစံအတိုင်း အတော်မူးနေပြီဖြစ်ပေသည်။

"ဟော့... သန်းလွင်... ဘာထင်သလဲ... သဲမန်း (The man) လူက... လူ... အချဉ်မဟုတ်ဘူး"

သူသည် ဆိုင်ထဲမှလူများကို လက်ညှိုးထိုးကာ ဒယိမ်းဒယိုင်ဖြစ်နေသည်။

သွားပြီ၊ သည်ကနေ့တော့ စကားကောင်းပြောရတော့မည်မဟုတ်ဟု ကျွန်တော်ထင်မိသည်။ စိတ်ပျက်စွာ ထပြန်မည်ပြုစဉ် ဦးတင်မောင်က...

"ကိုယ့်စိတ်ကူးနဲ့ ကိုယ်ထိုင်စမ်းပါဗျာ၊ မကြာခင် သူ့ကိစ္စသူရှင်းပါလိမ့်မယ်" ဟု ဆိုကာ ကျွန်တော့်ကိုဆွဲထားလေသည်။ မတတ်နိုင်။ ကျွန်တော် မျက်နှာလွှဲကာ ထိုင်လိုက်ရတော့သည်။

ခဏကြာတော့ ဆိုင်ရှင်ဦးတင်ရွှေ၏သား ကိုအောင်ဆန်းက ဦးသန်းလွင်ကိုဆွဲကာ တာရိုးပေါ်တင်ပေးလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ နားအေးသွားရပါတော့၏။ ရွှေလမင်းဆိုင်၌ ချစ်စရာကောင်းသူများရှိသလို စိတ်ပျက်စရာကောင်းသူများလည်း ရှိလေသည်။

ထိုအထဲတွင်"ကိုရွှေ"လည်းပါ၏။ ကိုရွှေမှာ ယခင်က ပြဇာတ်ကခဲ့ဖူးသည်။ သူ့ကိုယ်သူ လူငယ်ပြဇာတ်မင်းသား "**မောင်ငြိမ်းချမ်း**"ဟု ပြောလေ့ရှိသည်။ ဟုတ်ချင်လည်းဟုတ်မည်။ သို့သော် စိတ်ပျက်စရာကောင်းသည်မှာ မူးလာလျှင် မည်သူမျှ စကားကောင်းကောင်းပြော၍ မရတော့။ တစ်ပိုင်းမှတစ်ပိုင်း ပြောင်းလားပြောင်း၊ သီချင်းအော်ဆိုလား အော်ဆို၊ ထင်ရာလုပ်တော့သည်။

ကျွန်တော်က စိတ်ကူးဖြင့် အရက်သောက်ချင်သူ။ ကျွန်တော်နှင့်စကားပြောဖက် ဦးညွန့်တင်၊ ကိုသိန်းဇော်နှင့် ဦးတင်မောင်တို့သာ စာပေအကြောင်းဆွေးနွေး၍ရသည်။ တစ်နေ့တွင် ကျွန်တော် ညနေသုံးနာရီလောက် ဆိုင်ကိုရောက်သောအခါ ကိုသိန်းဇော်က မေးခွန်းတစ်ခုမေးလာသည်။

"ကိုမြင့်ကြည်၊ ကမ္ဘာမှာ အရက်သောက်တဲ့သူတွေ ထင်ရှားကျော်ကြားသွားတာများ ရှိသလားဗျာ"

ကျွန်တော်က...





"ရှိတာပေါ့ဗျာ၊ အရက်ဆိုတာ ကိုယ်ကသောက်ချင်မှ ရတာပဲ၊ ကမ္ဘာကျော်ပြဇာတ်ဆရာကြီးတစ်ဦးဆိုရင် အရက်လဲ သောက်တာပဲ၊ ဖဲလဲရိုက်တာပဲ၊ ဒါပေမယ့် သူဟာ အင်မတန် ထင်ရှားတဲ့ ရုပ်ရှင်ဇာတ်ညွှန်းရေးသူ၊ ပြဇာတ်ရေးသူဖြစ်ခဲ့တာပဲ" ဟုဖြေလိုက်လေသည်။ ထိုအခါ ကိုသိန်းဇော်က အံ့အားသင့်သွား၏။

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာတော့ အရက်သောက်တာ ကံငါးပါးထဲမှာပါတာပဲ မဟုတ်လားဗျ။ လောင်းကစားကလဲ သူများ နှာခေါင်းရှုံ့စရာ ကိစ္စတွေပဲမဟုတ်လား"

ကိုသိန်းဇော်စကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။ သူတို့သည် ဘဝကို ပုံသေနည်းဖြင့် တွက်ချက်သူများကြောင့် အဝေဖေါ်ဖြင့် အတွေးပေါ်နေကြသူများဖြစ်ကြောင်း ကျွန်တော် နိုင်မိလိုက်လေသည်။

"ဒါကတော့ လူတစ်ကိုယ်အကြိုက်တစ်မျိုးပဲဗျာ၊ ကမ္ဘာမှာကတော့ ကိုယ့်စိတ်ချမ်းသာမှုကိုယ်ရှာပြီး သူတစ်ပါးအနှောက်အယှက်မဖြစ်ရင် အပြစ်မရှိဘူးလို့ ယူဆကြတာပဲ၊ ဒါကြောင့်လဲ ရုပ်ရှင်ဇာတ်ညွှန်းဆရာ ပြဇာတ်ရေးဆရာ '**တင်နက်ဆီဝေလယမ်**' ဟာ ထင်ရှားကျော်ကြားခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'တင်နက်ဆီဝေလယန်' က ဘာတွေများ ရေးခဲ့လို့လဲဗျာ။

ထိုစကားကို ဝင်မေးလိုက်သူမှာ ဦးတင်မောင်ဖြစ်၏။ ဦးတင်မောင်သည် အသက် (၅၀) ခန့် ခေါင်းတစ်ခေါင်းလုံး ဖြူနေသူဖြစ်သည်။ မျက်နှာမှာ မြန်မာကျေးလက်နေ တောသူ တောင်သားများပုံမျိုးဖြစ်သည်။ သူ့လိုမျက်နှာမျိုးသည် တံငါ၊ လယ်သမားများ၏ မျက်နှာမျိုးဖြစ်သည်။ ထိုမျက်နှာမျိုးကို ကျွန်တော် အကြိမ်ကြိမ်မြင်ဖူးသည်။

သူသည် စာဖတ်၏။ စာကိုလည်း ဝါသနာပါ၏။ ငယ်စဉ်က ကွန်မြူနစ်ဝါဒကို တော်တော်သဘောကျခဲ့ဟန် တူသည်။ ကျွန်တော်နှင့်တွေ့သောအခါ ဗုဒ္ဓအဘိဓမ္မာကို သူ ရှုးစမ်းလာ၏။ ဦးတင်မောင်၏စကားကို ကျွန်တော်ကပြန် ဖြေသည်။

"တင်နက်ဆီဝေလယန်"ဆိုတာက ၁၉၁၀ ခုနှစ်က အမေရိကန်ပြည် မစွက်စပီမြစ်ကမ်းဘေးက "ကိုလံဘတ်မြို့" မစ္စတာဒါကင်လို့ခေါ်တဲ့ သူ့အဘိုးအိမ်မှာ မွေးဖွားလာခဲ့တာပေါ့။ သူဟာ ငယ်ငယ်ကတည်းက အနုပညာပါရမီ ပါလာတဲ့သူပဲ။ သူ့အဘိုး မစ္စတာဒါကင်နဲ့ သူ့မိတ်ဆွေ ... တရားဓမ္မဆွေးနွေး





တဲ့အခါ ငြိမ်ငြိမ်သက်သက် နားထောင်နေတတ်တယ်၊ ပြီးတော့ သူ့အဖေဟာ ဖိနပ်ကုမ္ပဏီမှာ နယ်လှည့်အရောင်းသမားဆိုတော့ သူချစ်လှုခင်ပေါ်များပြီး ပျော်ပျော်နေတတ်တဲ့ လူမျိုးဆိုတော့ သူ့အဖေကို သူကချစ်တယ်"

"အဲဒါတွေ ထားစမ်းပါဗျာ "တင်နက်ဆီဝေလယန်"ဟာ လူသိထင်ရှားဖြစ်အောင် ဘာတွေလုပ်ခဲ့သလဲဆိုတာသာ ပြောစမ်းပါ"

စိတ်မရှည်သော ဦးတင်မောင်က စကားထောက်လိုက်တယ်။ ကျွန်တော်က ဦးတင်မောင်၏စကားကြောင့် အရှိန်ပျက်သွားသည်။

"ခင်ဗျားကလည်းဗျာ၊ ကျွန်တော်ကဖတ်ထားတာ စဉ်းစားပြီး ပြန်ပြောရတာကို အဲသလို ဖြတ်ဖြတ်မေးတော့ မေ့သွားတာပေါ့"

ဦးတင်မောင်က အရက်ခွက်ကိုကိုင်ကာ ရေနည်းနည်း ထည့်၍ မော့သောက်လိုက်သည်။

"ကျွန်တော်က လိုရင်းကိုသိချင်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဝါသနာအတိုင်း ကျွန်တော့်ကိုလော၍ပြောလိုက်၏။ ကျွန်တော်က…

"ကမ္ဘာမှာထင်ရှားတဲ့ လူတစ်ယောက်အကြောင်းကို သိချင်တယ်ဆိုရင်တော့ နည်းနည်းသည်းညည်းခံရမှာပေါ့ဗျာ"

ဟု စလိုက်သည်။

"ကဲ ခင်ဗျားပြောတဲ့ 'တင်နက်ဆီ'ဟာ ကမ္ဘာမှာရှိတဲ့ လူတွေ အကျိုးရှိအောင် ဘာများလုပ်ခဲ့လို့လဲ"

ဦးတင်မောင်က သူ၏နှုတ်ခမ်းမွှေးကိုသပ်ရင်း မေးလိုက်သည်။

"လုပ်ခဲ့သပေါ့ဗျာ'တင်နက်ဆီ' မွေးချင်းဆိုလို့ 'ရှိစ်ဝေလယန်' ဆိုတဲ့အစ်မတစ်ယောက်ပဲရှိတယ်၊ သူတို့မောင်နှမဟာ သိပ်ချစ်ခင်ကြတယ်၊ သူတို့မောင်နှမနှစ်ယောက်စလုံးဟာ အမေရဲ့ဩဇာလွှမ်းမိုးခံပြီး နေခဲ့ကြရတယ်၊ အမေတွေဟာ သားသမီးတွေကို ထွန်းကားထင်ရှားစေချင်တဲ့ ထုံးစံအတိုင်း လေးနက်တဲ့စဉ်းစားဉာဏ်ကို သူ့အမေဆီကရခဲ့တာပေါ့…

'ကျွန်မသားက နားရွက်ကားကြီးနဲ့ ငယ်ငယ်ကတည်းက အင်မတန်အကင်းပါးတာရှင့်' ဆိုပြီး သူ့သားကို ဂုဏ်ယူပြောကြားခဲ့တယ်'





"သူ့အမေ နယ်လှည့်အရောင်းသမားကရော သူ့ဘဝအတွက် ဘာအထောက်အကူဖြစ်သလဲဗျ"

"သိပ်ဖြစ်တာပေါ့ဗျာ၊ သူဟာ ပျော်ပျော်နေတတ်တယ်၊ အရက်သောက်တယ်၊ ဖဲရိုက်တယ်၊ သူဟာ အဲသလိုဘဝမျိုးမှာ အမြဲတမ်းပျော်ရွှင်လေ့ရှိတယ်၊ ဒါပေမယ့် သူဟာ သူ့အမေအစား အဘိုးအဘွားတွေဆီမှာနေရပြီး သူ့အမေရဲ့ထောက်ပံ့ငွေကို အမြဲတမ်းသုံးနေရတာဆိုတော့ သူ့အမေဟာ သူ့ရဲ့ကျေးဇူးရှင်ပဲပေါ့ဗျ"

ကျွန်တော့်စကားကို နားထောင်ကာ ဦးတင်မောင်က ခေါင်းညိတ်လိုက်သည်။ ဟိုတစ်ဖက်ဝိုင်းမှကိုခင်မောင်ဝင်းက ကျွန်တော့်ကို…

"ဒီမှာ ကိုမြင့်ကြည်… ခင်ဗျား ကျွန်တော့်နာမည်မပါစေနဲ့ဟု" ပြောလေသည်။ ကိုခင်မောင်ဝင်းသည် "ရွှေလမင်း" အရက်ဆိုင်သို့နေ့တိုင်းလာသူ (ကျွန်တော့်ထက်မှန်မှန်) ဖြစ်၏။

"ကျွန်တော်ပြောနေတာ ကမ္ဘာကျော်စာရေးဆရာတွေရဲ့ အကြောင်းပါဗျာ၊ ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ အကြောင်း မဟုတ်ဘူး" ဟု ကျွန်တော်က ဘုမှုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရက်ဆိုင်ထဲတွင် လူကရှင်းနေသည်။ နေ့လယ်ပိုင်းဖြစ်သောကြောင့် ထရံပြတင်းပေါက်များမှ လေက တဖြည်းဖြည်းတိုက်ခတ်နေသည်။ ကျွန်တော်သည် ကိုသိန်းဖော်မျက်နှာသို့ လှမ်းကြည့်လိုက်၏။

"ကိုမြင့်ကြည်... ခင်ဗျားစာအုပ်တွေ ကျွန်တော်အမြဲတမ်းဖတ်တယ်ဗျာ၊ ဒါပေမယ့် ကိုမြင့်ကြည်မှာ ဘာတစ်ခုခုလိုနေလဲမသိဘူး၊ ဟာတာတာနဲ့"

ကျွန်တော်က ပြုံး၍ဝန်ခံလိုက်သည်။

"ကျွန်တော်က စာရေးဆရာသက်တမ်းနုသေးတာပဲဗျာ၊ 'ပီမိုးနင်း'တို့ 'မဟာဆွေ'တို့လိုတော့ မမျှော်လင့်နဲ့ပေါ့"

"ဟာ...ဒီလိုမဟုတ်ပါဘူး၊ ကိုမြင့်ကြည်ရာ၊ 'တင်နက်ဆီ'က ကမ္ဘာကျော်အောင် ဘာတွေများလုပ်ခဲ့လို့လဲ"

သည်တော့မှပင် ကျွန်တော်ပြောချင်တာပြောရတော့သည်။

"တင်နက်ဆီရဲ့ အမည်ရင်းက'တင်နက်ဆီဝေလယန်'လို့ခေါ်တယ်၊ နောက်ပိုင်းမှာတော့ သူ့ကိုလူတွေက 'တင်နက်ဆီ'လို့ပဲ ခေါ်ကြတယ်ဆိုပါတော့ဗျာ၊ သူဟာ ငယ်စဉ်ကတည်းက ဉာဏ်ကောင်းတယ်လို့ သူ့အမေက အထင်ကြီးလေးစားရတဲ့





သူဖြစ်တယ်၊ သူ့မိသားစုနဲ့ အလည်သွားရတာကို သူဟာ သဘောကျတယ်...

"အဲဒီကာလတွေတုန်းက ရေဒီယိုတို့ တယ်လီဗီးရှင်းတို့က မပေါ်သေးတော့ လူတွေဟာ တစ်အိမ်နဲ့တစ်အိမ် လည်ကြ အတင်းပြောကြနဲ့ နေခဲ့ရတဲ့အချိန်ပေါ့၊ ငွေကြေးတတ်နိုင်တဲ့ သူတွေကတော့ 'ကာရိုလီနာ' ကို အလည်အပတ်သွားလာ သွားကြရဲ့၊ ဒီလူတွေကြားထဲမှာ 'တင်နက်ဆီ'ဟာ ထူးခြားတဲ့ လူတစ်ယောက်ဖြစ်နေတော့တာပဲပေါ့၊ တစ်ခါတော့ သူ့အမေက လူတွေရဲ့အလယ်မှာ...

"ကဲ... ငါ့သားကလဲ အမေတို့ကို ပုံတစ်ပုံလောက်ပြောပြပါ့လားကွယ်" ဟုပြောလိုက်သည်။ ထိုအခါ သူသည်ရှက်၍ ငြင်းလိမ့်မည်ဟု မိသားစုကမျှော်လင့်ကြသော်လည်း ပုံပြင်တစ်ပုဒ်ကို မဆုံးနိုင်အောင် 'တင်နက်ဆီ' က ပြောပြလိုက်လေတော့သည်။

သူသည် ပုံပြင်ကို ပြောရင်းပြောရင်းဖြင့် ကြောက်စရာကောင်းသော ကျားများ၊ မိချောင်းများ၊ မြွေများသို့ရောက်သောအခါ ပုံပြင်ကိုရပ်လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သားဆက်မပြောတော့ဘူး၊ ကြောက်တယ် မေမေရယ်၊ သားအရမ်းကြောက်လာပြီ"ဟူ၍ အဆုံးသတ်လိုက်တော့သည်။

"တင်နက်ဆီ" မှာ ငယ်စဉ်ကတည်းက ခံစားမှုပြင်းထန်သူ ဖြစ်သည်။ သူသည် ကြောက်ရွံ့ဖွယ်ရာရှိလျှင် ကြောက်ရွံ့တတ်၍ ခံစားစရာရှိလျှင်လည်း ခံစားတတ်သူပင်ဖြစ်သည်။

ကြီးမားလာသောအခါတွင် သူသည် သူ့ဝတ္ထုများထဲမှ ကြောက်စရာကောင်းသောအခန်းသို့ ရောက်သောအခါတွင် ဆက်မရေးဘဲ လုပ်ထားတတ်သည်။ အသက်ငါးဆယ်ကျော်သည့်တိုင် ထိုအကျင့်ကို ဖျောက်၍မရ။ "တင်နက်ဆီ" ကျော်ကြားအောင်မြင်သော ပြဇာတ်စာရေးဆရာ၊ ဝတ္ထုစာရေးဆရာ မဖြစ်မီက သူ့မိခင်ကသူ့ကိုအတော်ဂရုစိုက်ခဲ့ရ၏။ သူသည် ငယ်စဉ်က ၂ နှစ်ခန့် ချို့နဲ့သောရောဂါ ဖြစ်ခဲ့သည်။

သူ့အမေက သူ့ကို စာအုပ်များဖတ်ပြ ရှင်းလင်းပြောဆိုပြသဖြင့် သူသည် ဗဟုသုတရရှိခဲ့၏။ ကဗျာဆရာကြီး "မီလတန်"၏ "သုခဘုံဆုံးရှုံးခြင်း" အမည်ရှိ ကမ္ဘာကျော် ကဗျာရှည်ကြီးကို အလွတ်ရသည်အထိပင် သူကျက်ခဲ့သည်။

"တင်နက်ဆီ"သည် မလျှော့သော ဇွဲလုံ့လဖြင့် ကြိုးစားရုန်းကန်သူသာဖြစ်လေသည်။ ထို့ကြောင့် သူတို့ "စိန့်လွီ"





မြို့တွင် အရောင်းရုံးထိုင်မန်နေဂျာအဖြစ် တိုမြင့်ခန့်ထားခြင်း ခံရလေသည်။

သူ့ဖခင်မှာ နယ်လှည့်အရောင်းသမားဘဝမှ ဝင်ကျော်သွားသောကြောင့် ယခင်က ခွဲနေခဲ့ရသော မိသားစုနှင့်သူ အတူပြန်နေရသည်။ အဘိုးဖြစ်သူ တရားဟောဘုန်းကြီးမှာ ဘုရားကျောင်းသို့ အမြဲသွားရန် ခေါ်သော်လည်း "တင်နက်ဆီ" စိတ်မဝင်စားခဲ့ပေ။

တင်နက်ဆီသည် အမြဲလိုလို ကုပ်ချောင်းချောင်းသာနေတတ်သည်။ သူစာရေးဆရာဖြစ်အောင် ဖန်တီးသည်မှာ သူ၏အနုပညာဗီဇကြောင့်ဟုပင် ဆိုနိုင်၏။ သူ့မှာ မွေးချင်းနည်း၍ မောင်နှမနှစ်ယောက်တည်းသာ ရှိသောကြောင့် အစ်မအပျိုဖြစ်သောအခါ သူ့အတွက်အဖော် ပို၍နည်းသွားသည်။ အပျိုပီပီ တသီးတသန့်နေထိုင်သော အစ်မဖြစ်သူကြောင့် သူ့ဘဝ ပို၍ခြောက်သွေ့သွားတော့၏။

သို့သော် သူ့အမေသည် သူ့ကို အကူအညီပေးခဲ့၏။ သူ့သား တင်နက်ဆီ၏ စာပေဝါသနာကို ထွန်းကားလာ၍ သပ်သပ်ယပ်ယပ် စာပေရေးသားနိုင်ရန်အတွက် လက်နှိပ်စက်တစ်လုံးကို ဝယ်ပေးခဲ့သည်။ ထိုအခါ သူသည် စာရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရန် ကြိုးစားပေ၏။

သူ့အဖေအပေါ်၌ မကျေနပ်ချက်များကို တင်နက်ဆီက SMART SET ဝတ္ထု၌ ရေးသားဖော်ပြခဲ့သည်။ ထိုဝတ္ထုတိုမှာ တင်နက်ဆီ၏ ပထမဆုံးဝတ္ထုတိုဖြစ်၍ ဝတ္ထုတိုပြိုင်ပွဲတွင် ဆုအဖြစ် ၂၅ ဒေါ်လာ ရရှိခဲ့သည်။ ပထမ၌သူသည် ရှက်စိတ်ကြောင့် မိန်းကလေးနံမည်ကလောင်ဖြင့် ရေးခဲ့၏။ ထိုစဉ်က သူ့အသက်မှာ ၁၄ နှစ်သားသာ ရှိပေသေးသည်။

နောက်ပိုင်းမှာတော့ သူသည် "The Vengenace of nitocris" ဝတ္ထုကိုရေးသားလိုက်ရာ မဂ္ဂဇင်းကြီးတစ်စောင်မှ ထင်ထင်ရှားရှား ပုံနှိပ်ဖော်ပြခြင်းကို ခံရလေတော့သည်။ သူ၏ ရေးဟန်မှာ သမရိုးကျမဟုတ်ဘဲ အတွန့်ကလေး အကွန့်ကလေးများကြောင့် ပြောင်မြောက်သည်ဟု အယ်ဒီတာများ၏ ဝေဖန်သုံးသပ်ခြင်းကို ခံခဲ့ရ၏။ ယို့နောက်ပိုင်းမှာတော့ ဝတ္ထုများ တစ်ပုဒ်ပြီးတစ်ပုဒ် စွံလာလေတော့သည်။

တင်နက်ဆီသည် နုလုံးသားရှိသူဖြစ်သည့်အတိုင်း သူ ၁၂ နှစ်သား အရွယ်လောက်က အိမ်သို့လာရောက်နေသော "ဟေဇယ်ခရေမာ" ဆိုသည့် ကောင်မလေးကို ချစ်ခင်စွဲလမ်းခဲ့လေသည်။ ယေဇ်ချစ်ဦးဖြစ်သောကြောင့်...





"သိပ်ချစ်ဖို့ကောင်းတဲ့ ကလေးမလေးဗျာ၊ သိတတ်နားလည်လိုက်တာလဲ လွန်ရောပဲ၊ ပြီး ရယ်စရာဟာသ အရမ်းပြောတတ်တာပဲ"

ဟု ကြုံတိုင်း သူ့မိတ်ဆွေများကို အမွှမ်းတင်ပြောကြားလေ့ရှိခဲ့၏။

ထိုကလေးမကို တင်နက်ဆီကသာ စွဲလမ်းချစ်ခင်ခဲ့သော်လည်း သူ့အဖေကမူ မနှစ်သက်ဘဲ ခွဲဖို့ကြံရွယ်ခဲ့၏။ "တင်နက်ဆီ" နှင့် အစ်မဖြစ်သူ "**မစ်ဖိုရီ**" တို့ တက္ကသိုလ်တက်ရန် တရင်းသွင်းသောအချိန်၌ သူငယ်မလေး၏အဘိုးကို သူ့သား မတက်သော တက္ကသိုလ်တစ်ခုသို့ပို့ရန် အကြံပေးခဲ့လေသည်။

တင်နက်ဆီက စွဲစွဲလမ်းလမ်းချစ်ခဲ့သည့်တိုင် ထိုကောင်မလေးနှင့် မညားခဲ့ရှာ။ သူသည် ငယ်စဉ်ကတည်းကပင် အသည်းကွဲခဲ့ရတော့သည်။ သူ့အဖေကတော့ "တင်နက်ဆီ" ကို သိပ်ကြည့်မရပေ။ ဂွစာလေးဟု မြင်နေသည်။ နောက်ပိုင်းတွင် သူ့အဖေထင်သကဲ့သို့ မဟုတ်ဘဲ တင်နက်ဆီသည် မင်းသမီးအမြောက်အမြား၏ ပိုင်းဝန်းချစ်ခင်ခြင်းကို ခံခဲ့ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရေးသောပြဇာတ်ကို ရုံတင်ကပြသောအခါ ထင်ရှားသော ကမ္ဘာကျော် အီတလီမင်းသမီး "အင်နာမဂ်နာနီ"က "တင်နင်ဆီက စိတ်ခံစားလှုပ်ရှားမှု အပြည့်အဝ ရှိတဲ့သူဆိုတာ ကျွန်မကောင်းကောင်းသိပါတယ်၊ သူကသာ ကျွန်မကို လက်ထပ်ခွင့် တောင်းမယ်ဆိုရင် ကျွန်မသူ့ကို တစ်ထိုင်တည်း လက်ထပ်ဖို့ အသင့်ပါပဲ"ဟု ပြောခဲ့လေသည်။

တင်နက်ဆီသည် မစ်ဖိုရီတက္ကသိုလ်တွင် သုံးနှစ်နေပြီးသောအခါ ဖိနပ်ကုမ္ပဏီတွင် သူ့အဖေတိုက်တွန်းမှုကြောင့် လက်နှိပ်စက်စာရေးအလုပ် ဝင်လုပ်ခဲ့သည်။ သူသည် ထိုအခါက တစ်လလျှင် ၆၅ ဒေါ်လာသာရခဲ့၏။

"တင်နက်ဆီ" သည် သူ့ဘဝအမှန်ကို ဖုံးကွယ်ထားတတ်သူမျိုး မဟုတ်ချေ။

"ကျုပ်က ဖိနပ်သမားဘဝကနေ ပြဇာတ်သမားဘဝကို ရောက်ခဲ့တာဗျ" ဟု ရယ်ရယ်မောမော ပျက်လုံးထုတ်တတ်သည်။ သူသည် တစ်ညလုံး ကဗျာစပ်ချင်လည်း စပ်နေတတ်သည်။ မိုးလင်းလျှင် ခြေပစ်လက်ပစ်အိပ်ပျော်နေတတ်တော့၏။ မိုးလင်းတိုင်း သူ့အဖေသည် မောမောနှင့်အိပ်နေသော သူ့သား





"တင်နက်ဆီ"ကို လာ၍နှိုးတတ်လေသည်။

သူသည် ဖိနပ်ကုမ္ပဏီတွင် သုံးနှစ်သာလုပ်ခဲ့ပြီးနောက် ဂရေးဆရာ ပြဇာတ်ရေးဆရာဘဝသို့ ခြေစုံပစ်၍ ဝင်လိုက်လေတော့သည်။ တင်နက်ဆီ ပထမဆုံးရေးသော ပြဇာတ်မှာ "ကိုင်ရိုရှန်ဟဲဘုံဘေ" ဖြစ်သည်။ တင်နက်ဆီသည် ထိုပြဇာတ်တွင် သူတစ်ခါမှ မမြင်ဖူးသော ပင်လယ်ပြင်နှင့်ရေတပ်သားဘဝကို ရေးသားထားလေသည်။

"ပညာရှိတို့တွေးကြည့် ပြေးကြည့်တာထက်မှန်တယ်" ဟူသော စကားကဲ့သို့ပင် တင်နက်ဆီသည် သူမတွေ့မမြင်ဖူးသော အရာများကိုပင် စိတ်ကူးဖြင့် တင်စားရေးဖွဲ့တတ်သူမျိုးဖြစ်သည်။

ဤသို့ဖြင့် သူသည် ကျောက်မီးသွေးတူးအလုပ်သမားအကြောင်း၊ လက်နက်ခဲယမ်းလုပ်သူများအကြောင်း၊ ပြည့်တန်ဆာများ အကြောင်းတို့ကို အတွေ့အကြုံမရှိဘဲ ကြံစည်ရေးသားခဲ့သည်။ သူစာပေရေးသားပြုစုဖို့ အထောက်အပံ့ရခဲ့သည်မှာ သူ့သူငယ်ချင်း "ကလာ့စ်ဖီးလ်"ဆိုသူကြောင့်ပင်ဖြစ်၏။ ဖီးလ်က စာကောင်းပေကောင်းများကို ဂရုတစိုက် စုဆောင်းတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗီးလ်၏ ဘအုပ်စင်မှပင်...

"ရင်ဘော့" "ရီလ်ကီ" "လော်ကာ" "ချက်ကော့" မဲလ်ဗီးလ်၊ ဒီအိဗ်လော့ရှင့် ဟာတ်ကရိန်း အစရှိသော ကဗျာဆရာ အကျော်အမော်များ၏ စာအုပ်များကို သူ ဖတ်ဖြစ်ခဲ့ရသည်။ ထိုဆရာများသည် သူ့စာပေဘဝအတွက် ကိုးကွယ်ရာဖြစ်ခဲ့၏။

ဗီးလ်မှာ တင်နက်ဆီနှင့်လည်း စာဖတ်ဖော်ဖတ်ဖက် ကဗျာရေးဖော်ရေးဖက် ဖြစ်သည့်အတိုင်း သူ့အစ်မ "ရို့စ်" နှင့် အိမ်ထောင်ဖက် မိတ်ဆက်ပေးသည်။ သူ့အမေက သမီးပျိုရှိသော ကြောင့် အိမ်သို့ညှိသည်ခေါ်သည်ကို မနှစ်သက်ပေ။ ညှိသည် လာပျှင်လည်း သမီးကိုထွက်မတွေ့စေဘဲ သူကသာ စကား ဖောင်လောက်အောင်ပြော၍ ညှိခံနေတတ်သူ အမေမျိုးဖြစ်၏။

အမျိုးသမီးတို့သဘာဝ ကာမရာဂစိတ်ကို ချိုးနှိမ်ကာ ဗိုင်းကောင်းကျောက်ဖိ ဟန်ဆောင်နေရသော တင်နက်ဆီ၏ အစ်မ "ရို့စ်" မှာ နောက်ဆုံးတွင် စုန်းပူးသလို နတ်ပူးသလို ဝေဒနာမျိုးခံစားရကာ ဆေးရုံရောက်ရတော့၏။ စိတ်ရောဂါကု ဆေးရုံမှဝေဒနာသည်ဘဝသို့ရောက်သွားသောကြောင့် တင် နက်ဆီသည်သူ့အစ်မကိုတစ်လလျှင်မြန်မာငွေ ၅၀၀၀ကျပ်ခန့်





ထောက်ပံ့နေရတော့သည်။

တင်နက်ဆီသည် ဘဝကို ဖြစ်သလိုရင်ဆိုင်တတ်၍ ဘာမဆိုလုပ်ကိုင်စားသော ရဲသူပင် ဖြစ်လေသည်။ သူသည် ညာစကောစကအဖြစ် ဖေ ာက်ခြေအလုပ်သမားဘဝကိုခံယူ ကာ "အဝဖားတစ်ကျပ်" လို ငမ်းမျိုးတွင် စားပွဲထိုးဝင်လုပ်ဖူးသည်။

နော က်ပိုင်းတွင် သူသ ည် ညကလပ်များ၊ မြေအောက် လောက အ ရက်ဆိုင်နှင့် ည မ်မယ်လောက ပြည့်တန်ဆာများ နေရာတို့တ ွင် ကျင်လည်ြ က်စားခဲ့ပြန်သည်။ ဤ ကဲ့သို့ ဘဝနာသော အောက်ခြေ န်းစားဘဝ အတွေ့အကြုံများ ကြောင့်ပင် သူသည် "One Arm" ဟူသော မြေအောက် လောကဇာတ်နဲ့ သဘာဝကို ဝတ္ထုတို ရေးဖွဲ့နိုင်ခဲ့လေသည်။

သူသည် ထိုဝတ္ထုရေ းညာ့အချိန်မှစ၍ သူ့နံမည်ကို "သောမတ်လာနီယာ" ဟူသေ ာဝမှ တင်နက်ဆီဟူသော အမည်ကို ပြောင်းလဲခံယူခဲ့ ောသည်။

သူသည် "နယူးကောလ း" မြို့တွင် ဖြစ်သလို အလေ့ကျ နေထိုင်ရာမှ ပြဇာတ်ထွန်း  ော "နယူးယောက်မြို့" သို့



www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ်ရှည်ကြီးလေးပုဒ်နှင့် တစ်ခန်းရပ်ပြဇာတ်တိုပေါင်းများ
ကို ရေးသားကာပေးပို့ခဲ့လေသည်။ ပြဇာတ်များ ပြိုင်ပွဲဝင်
"ကာလီဖိုးနီးယား" ပြည်နယ်သို့ သူသည် သူငယ်ချင်း တစ်ယော
၏ "ဖို့ဒ်" ကားစုတ်ကလေးဖြင့် အလည်သွားရောက်ခဲ့သည်

ထိုခရီးမှာလည်း သူ့တွင် အတွေ့အကြုံများစွာ ရရှိခဲ့
လေသည်။ ဖြစ်သလို ပေါက်ပန်းဈေး နေတတ်သူများဖြစ်သ
အတိုင်း တစ်ခါတစ်ရံတွင် ဓာတ်ဆီကို ခိုးထည့်ခဲ့ရ၏။ တပ
တစ်ရံတွင် အိပ်ခန်းတည်းခိုခမပေးနိုင်မှုကြောင့် သေနတ်ပြ
ချောင်းပစ်ခြင်း ခံရတာမျိုးလည်းရှိသည်။ ဤသို့ ဖြစ်သ
ကြုံရာကျပန်း နေထိုင်နေစဉ်ပင် နယူးယောက်မြို့မှ သူ့ထံ
သံကြိုးစာတစ်စောင် ရောက်လာခဲ့လေသည်။ ထိုသံကြိုးစာ
သူ၏ ပြဇာတ်တစ်ပုဒ်အား ပထမဆုရကြောင်း အကြောင်းကြား
ဖြစ်၍ ထိုအတွက် စာမူခ ဒေါ်လာ ၁၀၀ ရရှိလိုက်လေသည်

သူတို့နိုင်ငံတွင် ဤကဲ့သို့ ပြဇာတ်တစ်ပုဒ် စွံသည်နှင့်
စာမူလိုချင်သူတွေ ဝိုင်းဝိုင်းလည်လာသည်။ စာချုပ်ချုပ်လိုသူမျာ
လက်ဝါးကြီးအုပ်ရုံတင်လိုသူများ "တင်နက်ဆီ" ကို လာရောက်





…း ကပ်ကြသည်။ ထိုအထဲမှ "အော်ဒရေးပုတ်" အမည်ရှိ
…ဇာတ်သူဌေးမတစ်ဦးအား သူ၏ပြဇာတ်များ တစ်ဦးတည်း
…ိုင်အဖြစ် ပေးအပ်လိုက်လေသည်။

တစ်နှစ်ခန့်ကြာသောအခါတွင်၊ ပြဇာတ်လောကတွင်
"တင်နက်ဆီ" ၏ နာမည်မှာ တစ်ဟုန်ထိုးကျော်ကြားလာခဲ့
…တော့သည်။ သူရေးသားသော "နှုတ်သမီးတို့စစ်ပွဲ" အမည်ရှိ
…ပြဇာတ်ကို "ဘော့စ်တွန်" မြို့တွင် ပထမအကြိမ် ရုံတင်ပြသနိုက်
…သရုပ်တူအောင်လုပ်လွန်း၍ ရုံမီးလောင်ကာ သူ၏ပြဇာတ်မှာ
…အပိတ်ခံခဲ့ရလေသည်။

တင်နက်ဆီသည် "အလေဏာတော" ဘဝသို့ ပြန်ရောက်
…သွားပြန်သည်။ သူသည် မြေအောက်လောက ကျပန်းအလုပ်
…များကို လုပ်ကိုင်ရင်း ပြဇာက်လောက၌ ထပ်၍စွံအောင်
…လုပ်နိုင်တော့သဖြင့် "ဟောလိဝုဒ်" သို့ ထွက်လာခဲ့သည်။
"အမ်ဂျီအမ်" ရုပ်ရှင်ကုမ္ပဏီနှင့် ဆက်သွယ်ကာ သူ ဇာတ်ညွှန်း
…တွေ ရေးကြည့်ပြန်၏။ သူ့ဇာတ်ညွှန်းများမှာလည်း လူပင်ပန်း
သလောက် အကျိုးဖြစ်ထွန်းမှု မရှိခဲ့။ နောက်ပိုင်းတွင်မှ



www.burmeseclassic.com

"The Glass Menagerie" ဖြင့် အောင်မြင်မှုရခဲ့ပြန်လေတော့သည်။ ထူးခြားသည့် တင်နက်ဆီသည် အနုပညာသမား ဆန်၍ ဇာတ်ညွှန်းရေးဆရာ၊ ပြဇာတ်ဆရာ၊ စာရေးဆရာဘဝကို အလွန်ခုံမင်သူပင်ဖြစ်သည်။ တကယ်တော့ "သည့်ဂလပ်စ် မန်နေဂျာ" ဇာတ်ညွှန်းမှာ သူ့ဘဝအကြောင်း ကို သွယ်ဝိုက်၍ ရေးသားတင်ပြထားခြင်းပင်ဖြစ်၏။ ၁၉၄၅ ခုနှစ်တွင်တော့ သူသည် မကြုံစဖူးအောင် ထူးကဲသောအောင်မြင်မှုကို ရရှိခဲ့လေတော့သည်။

နောက်ဆုံးမှာတော့ တင်နက်ဆီသည် အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်ရှိလာလေတော့သည်။ ၁၉၄၇ ခုနှစ်က ဘရော့ဒ်ဝေး၌ ရုံတင်ပြသခဲ့သော "A Street Car Named Desire" "ရမက်ဆိုတဲ့ကား" အမည်ရှိ ပြဇာတ်မှာ ရုပ်ရှင် ထပ်ဆင့်ရိုက်ရ၍ ကမ္ဘာကျော်လာခဲ့လေတော့သည်။

သည်နောက်ပိုင်းတွင်တော့ တင်နက်ဆီရေးသမျှ ပြဇာတ်များမှာ မစွံဘူးဟူ၍မရှိတော့။ စန်းထသောသော အချိန်ဟု ဆိုရပေတော့မည်။ သူသည် ထိုစန်းကို အမိုင်အနိုင်အသုံးချခဲ့ရာ...





၁၉၄၈ တွင် Summer and Smoke

၁၉၅၁ တွင် The Rose Tattoo

၁၉၅၃ တွင် Camino Real

၁၉၅၅ တွင် Cat On A Hot Tin Roof

၁၉၅၇ တွင် Orpheus Descending

၁၉၅၈ တွင် Garden District

၁၉၅၉ တွင် Sweet Bird Of Youth

၁၉၆၀ တွင် Period Of Adjustment

၁၉၆၁ တွင် The Night Of The Iguana

...၍ သူ့ပြဇာတ်များ ဆက်တိုက်ပင် အောင်မြင်ဖြစ်ထွန်း ...ခဲ့လေတော့သည်။ "တင်နက်ဆီ" မည်မျှတော်သည်ဟု ...ဆိုလျှင် "မာရီလင်မွန်ရိုး" ၏ တတိယယောက်ျားပင် သူနှင့် ...ပြဇာတ်ကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ ပြဇာတ်ရေးသားခြင်းကို (၇) ...စ်လောက် ရပ်ဆိုင်းခဲ့ရလေသည်။

တင်နက်ဆီသည် ဘဝနာခဲ့သူဖြစ်သောကြောင့် ခေတ် ...သဘာဝကို ဦးစားပေးရေးသားခဲ့သည်။ သူ၏ပြဇာတ်များထဲတွင် ...သဘာဝမကျသော ဘုန်းတန်ခိုးရှင်များ၊ နတ်မင်း၊ သိကြားမင်း...



www.burmeseclassic.com

www.burmeseclassic.com



များကို မထည့်ဘဲလက်ရှိ လူ့သဘာဝများကိုသာ သရုပ်ဖော်၍ ရေးသားခဲ့သူဖြစ်လေသည်။ သူသည် ဆင်းဆင်းရဲရဲ ဖြစ်သလို ဘဝမှ ပုလစ်ဇာရွှေစင်ရုပ်ဆု ၂ ခုနှင့် နယူးယောက်ပြဇာတ် ဝေဖန်ရေးဆရာတို့ ပေးအပ်သော ရွှေစင်ဆု ၃ ခုတို့ကို ရရှိခဲ့၏။ တင်နက်ဆီ၏ ပြဇာတ်များကိုကြိုက်သော ပရိတ်သတ်၏ တညီတညွတ်တည်း ထွက်ပေါ်လာသော အသံမှာကား...

**“တင်နက်ဆီဟာ အသည်းနှလုံးက ရင်ခုန်သံတွေကို သူမတူအောင် ဖော်ပြနိုင်စွမ်းရှိတဲ့လူ”** ဟူသော စကားသံပင် ဖြစ်လေသည်။

တင်နက်ဆီသည် ပင်ကိုအားဖြင့် ဖြစ်သလို ပျော်ပျော်ရွှင်ရွှင် နေတတ်ခြင်း၊ လူ့သဘာဝ၏ အတွင်းပိုင်းကို ထိုးထွင်းမြင်နိုင်ခြင်း၊ သရုပ်ဖော်အတတ်ပညာ ကျွမ်းကျင်ခြင်းတို့ကြောင့် ဘဝသည် တစ်ဆင့်ပြီးတစ်ဆင့်မြင့်ကာ အောင်မြင်ခဲ့ခြင်းဖြစ်၏။

သူသည် ပြဇာတ်ရေးသားခြင်းဖြင့်ပင် မြန်မာငွေသန်း ၃၀ ကျော်ခန့်ကို စုဆောင်းမိသည်။ တင်နက်ဆီကဲ့သို့ပင် လူ့ဘဝတွင် ကျရာနေရာမှနေကာ တစ်စုံတစ်ခုသောအတိုင်းအတာအထိ တစိုက်မတ်မတ်ကြိုးစားပါက အောင်မြင်မှုရမည်ဖြစ်





ကြောင်း လေ့လာတွေ့ရှိနိုင်လေသည်။

**“ဘဝဟူသည် ပုံသေနည်းမရှိပါ ”**

ဆင်းရဲသူတစ်သက်လုံးဆင်းရဲ၍ ချမ်းသာသူသည် တစ်သက်လုံးချမ်းသာမည်ဟုလည်း ပြော၍မရကောင်းပါ။ ဝီရိယဖြင့် အလုပ်တစ်ခုကို ကြိုးစားလုပ်ကိုင်နေသူသာ ဘဝအောင်မြင်မှုရနိုင်ကြောင်းကို “တင်နက်ဆီ”၏ အတ္ထုပ္ပတ္တိက ထင်ရှားစွာပြနေလေသည်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာကျော်သော ကျွန်ကလေး

ဒဂုံမြို့သစ်တွင် မီးပျက်သောနေ့ဖြစ်သည်။ မီးစက်ရှိသော လက်ဖက်ရည်ဆိုင်များမှအပ လမ်းများမှာမှောင်မည်းနေ၏။ ကျွန်တော်သည် မိုလ်မင်းရောင်လမ်းမကြီးအတိုင်း လျှောက်လှမ်းလာခဲ့သည်။ ၄၂ ရပ်ကွက်"အောင်ခိုင်ဖြိုး"သစ်စက်ရှေ့သို့ ကြည့်လိုက် သောအခါတွင် "ကျော်ဇော"သည် သစ်ပုံပေါ်၌ အိပ်နေသည်ကို တွေ့လိုက်ရသည်။

ကျွန်တော် ထိုအရက်သမားများကိုပင် အဖော်ပြုကာ ပေါင်းသင်းနေရသောကြောင့် သစ်ဆိုင်ရှေ့မှသစ်ပုံကို သူ့အိပ်ရာ သဖွယ် နှင်းတစိုစိုဖြင့် အိပ်နေသော ကျော်ဇောကို လှမ်းကြည့် လိုက်သည်။

❀ တင်မော် (ဓာတု) စာပေ ❀



"ဟေ့ ကျော်ဇော၊ ကျော်မင်းတစ်ယောက်ရော"

ကျော်ဇောက လမ်းဖက်သို့ ဆတ်ခနဲလှည့်ကြည့်သည်။ သူသည် ကျွန်တော့်အသံကို မှတ်မိသွားပုံရ၏။

"ကိုမြင့်ကြည်၊ အပေါ်ထပ်မှာရှိတယ်လေ"

အပေါ်ထပ်တဲ့။ သစ်ဆိုင်ရှေ့ကသစ်ပုံကို သူတို့နှစ်ထပ် အိမ်ကြီးဟု စိတ်ကူးယဉ်နေပုံရသည်။ သူပြောသည့် အပေါ်ထပ်မှာ သစ်ပုံအမြင့်ကို ပြောနေခြင်းဖြစ်သည်။ ကျော်ဇောအိပ်နေသည့် နေရာမှ သစ်တုံးလေးငါးတုံးအမြင့်တွင် "ကျော်မင်း"က အိပ် နေခြင်းပင်ဖြစ်လေသည်။ သည်အကောင်တွေကို ကျွန်တော် ချစ်သည်။ သူတို့သည် ဘဝတွင် ဖြစ်သလိုနေတတ်သည်။ ကြုံရာကျပန်းလည်းလုပ်တတ်သည်။

"ကျော်ဇော"ဆိုလျှင် သူ့သားဖလေးမွေးထားသည်မှာ မကြာသေး။ သူ့အလုပ်ကို သူအရက်မူးသောစကားဖြင့် ဖောက်သည်ချရမည်ဆိုပါက...

"ကျော်ဇော... ပေါ့သေးသေးမထင်နဲ့ ယူနီဗာစီတီမှာ မြက်ခုတ်လာတဲ့ကောင်"

ဟု ပြောရမည်ဖြစ်၏။

❀ တင်မော် (ဓာတု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပညာမတတ်သည်ကိုပင် ဂုဏ်ယူကာပြောတတ်၏။ ကျွန်တော့် အိမ်ခြံဝင်းတွင် သူ မြက်လာခုတ်ပေးဖူးသည်။ သူ့အတတ်ပညာတော့ သူကျွမ်းကျင်သည့်ကောင်းဟု ပြောရမည်ဖြစ်သည်။ တစ်ခြံလုံးရှိ ထိုးထိုးထောင်ထောင် ဖြစ်နေသော မြက်များကို နာရီဝက်အတွင်း ကုန်အောင်ခုတ်လိုက်သည်။ သူ့ဓားက ဝါးဖျားတွင် တပ်ထားသော ဓားကွေးလေးဖြစ်သည်။

တချွပ်ချွပ်ဖြင့် သူလှည့်ပတ်၍ ခုတ်လိုက်သည်မှာ ကြည့်၍ပင်ကောင်းသေးတော့။ သူသည် တက္ကသိုလ်ဝင်းထဲတွင် နေခဲ့ဖူးသည်။ ထို့ကြောင့် သူ့အသိဆရာများခြံထဲမှ ကံ့ကော်ညွန့်များကိုခူးကာ ရွှေတိဂုံဘုရားမှပန်းဆိုင်များသို့ ဖောက်သည်ပေးသည်။ ထိုအလုပ်ကို အထင်သေး၍မရ။ အဘယ်ကြောင့်ဆိုသော် တစ်နေ့တွင် ငွေလေးရာငါးရာရသောကြောင့်ဖြစ်သည်။ မြန်မာပြည်မှာ မည်မျှငွေရှာ၍ကောင်းပါသနည်း။

"ကံ့ကော်ညွန့်"ကို မည်သူတွေက ဝယ်သနည်း။ မြန်မာတွေက ယတြာတို့ ဗေဒင်တို့ ယုံတတ်ကြသည်။ နေ့ခုနစ်နေ့ နံခုနစ်နံ၊ တံခွန်ကုက္ကား၊ မုလေးပွားများ ဘုရားရှိ ဂြိုဟ်ထောင့်မှာ ကပ်လှူကာ ဆုတောင်းတတ်ကြသည်။





ထိုလိုလူမျိုးတွေရှိနေခြင်းအတွက်လည်း "ကျော်ဇော"တို့လို ကောင်မျိုး ထမင်းစားဖို့ ရေကန်အသင့် ကြာအသင့် ဖြစ်နေခြင်းပင်ဖြစ်သည်။

ကျော်ဇောက ပျော်တတ်သည်။ မရှိလျှင် ငွေတစ်ဆယ်လောက်ဟု ကျွန်တော့်ထံမှာတောင်းကာ အရက်သောက်လေ့ရှိသည်။ ဒီကောင် အိမ်မှာလာပြီး မြက်ခုတ်သည့်အတွက် ကျွန်တော်ကသူ့ကို (မကြာသေးမီက တည်ထားသော ဝင့်ကျွဲ ဝင့်ကြဲ ဘုရားရှိရာ) **ရန်မျိုးအောင် ဘုန်းကြီးကျောင်း**တွင် ပဉ္စင်းခံပေးလိုက်ရသည်။ မြက်ခုတ်ခ ကျွန်တော့်မှာ ထောင့်ငါးရာလောက် ပေးလိုက်ရသည့်သဘော။ သို့သော် ကျွန်တော် ကျေနပ်ပါ၏။ ဒီကောင့်ကို ကျွန်တော်ချစ်သည်။ ကောင်းစေချင်သည်။ ထို့အတွက် သူ့ကို ဘုန်းကြီးဖြစ်အောင် ကျွန်တော် လုပ်ကြည့်သည်။ မရပါချေ။

ရက်အနည်းငယ်သာနေပြီး "အောင်နိုင်ဖြိုး" သစ်ဆိုင်ဘေးရှိ "**ရွှေလမင်းအရက်ဆိုင်**"သို့ သူပြန်ရောက်လာသည်။ ကတုံးဖြင့် ထိုင်ကာ အရက်ကို မိန့်မိန့်ကြီးသောက်နေပြန်သည်။

"ကျွန်တော်တို့လို ကောင်မျိုးတွေအတွက် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပွားမှာ မဟုတ်ပါဘူးဗျာ"

တစ်ခါက ကျော်ဇောက ကျွန်တော့်ကိုပြောလေ၏။ သူ့မှာ မှုးနေပုံလည်းရသည်။ သူ့မိန်းမ မကြာခဏလာကာ အရက်ဆိုင်တွင် တယောထိုးသည်ကို ကြုံဖူးသော ကျွန်တော်က...

"ကျော်ဇောရာ တော်ကြာ မင်းမိန်းမလိုက်လာပါဦးမယ်" ဟု ပြောလိုက်၏။ ကျော်ဇောက ခေါင်းခါပြသည်။ "ဒီကောင်မ အိမ်မှာမရှိပါဘူးဗျာ"ဟု ပြောသည်။

သူ့မိန်းမ အိမ်ကဆင်းသွားသည်ကိုပင် သူမှာ ထမင်းစားရခဲသောက်ခဲသောမျိုး။ သူသည် သူများအိမ် (အစ်မလား၊ အစ်ကိုလားမသိ) ၏ အောက် နှစ်ထပ်အိမ်လည်း မဟုတ်သော မြေကြီး ပေါ်တွင် မိသားစုတစ်ခုကို တည်ထောင်နေထိုင်သူဖြစ်၏။ ကျော်ဇောက တက္ကသိုလ်ကျောင်းထဲမှ သူခူးလာသော ပိန္နဲသီးကြီးကို ချကာ အရက်ဆိုင်ရှိ တွေ့သမျှလူများကို လိုက်ကျွေးနေသည်။

"ကိုမြင့်ကြည် စားလေဗျာ"ဟု ကျွန်တော့်ကို ပြောသည်။ ကျွန်တော်က ကျွန်တော့်ခြံထဲစိုက်ဖို့ ပိန္နဲစေ့လေးငါးစေ့သာ ယူမိသည်။





"ကျွန်တော့်တို့ဘဝကတော့ ကြုံရာပဲဗျို့၊ အိမ်မှာလဲမိန်းမကို ပေးခဲ့ပြီးသား။ ဒါပေမယ့် ဒီလိုလုပ်စားတဲ့လူမျိုး ဘယ်တော့မှ သူဌေးဖြစ်မှာ မဟုတ်ပါဘူး"

ကျော်ဇောသည် သူ့ဘဝကို စိတ်ပျက်သံဖြင့် ညည်းလိုက်သည်။ ထိုအခါ ကျွန်တော်သည် သူ့ကိုအားပေးဖို့အတွက် အကြောင်းအရာတစ်ခုကို သတိရလိုက်မိသည်။

"မထင်ပါနဲ့ ကျော်ဇောရာ၊ ကမ္ဘာမှာ သူများကျွန်ခံခဲ့နေတဲ့ သူတောင် ကမ္ဘာကျော်တဲ့ပညာရှင်တစ်ယောက် ဖြစ်လာနိုင်သေးတာပဲ"

"ဗျာ"

ကျော်ဇောသည် ကျွန်တော့်စကားကြောင့် အံ့အားသင့်သွားပုံရလေသည်။ "ဘယ်သူလဲဗျ ဆိုစမ်းပါဦး"ဟု သူ့အရက်ခွက်ကို တစ်င့်မော့ပြီး မေးလာ၏။ ထိုအခါ ကျွန်တော်သည် သူ့ကို အကြောင်းအရာတစ်ခုအား ပြောပြမိတော့၏။

"တစ်ခါတုန်းက ကမ္ဘာပေါ်မှာ သူဌေးကြီးတစ်ယောက်ရှိတယ်ကွ၊ အဲဒီ သူဌေးကြီးမှာ ကျွန်ပေါင်းနှစ်ဆယ်တိတိရှိသတဲ့၊ ဒါပေမယ့် ဒီသူဌေးဟာ ဉာဏ်ရှိတဲ့လူတွေကို ချစ်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာရှိတော့ သူပိုင်တဲ့ ကျွန်တွေထဲက ဉာဏ်ကောင်းတဲ့ကျွန်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလေ့ရှိတယ်။ တစ်နေ့တော့ သူဟာ ခရီးသွားစရာတစ်ခုရှိလို့ သူ့ကျွန်နှစ်ဆယ်ကို ခေါ်လိုက်သတဲ့။ ပြီးတော့ သူပြင်ဆင်ထားတဲ့ အထုပ်တွေကိုပြလိုက်တယ်။

"ကဲ မင်းတို့အားလုံး မနက်ဖြန်မနက် ခရီးထွက်ရမယ်၊ ဒီတော့ မင်းတို့ကြိုက်တဲ့အထုပ်ကို မင်းတို့ရွေးကြ"

သူဌေးကြီးရဲ့စကားကိုကြားတော့ ပါးနပ်လူလည်ကျတဲ့ ကျွန်တွေဟာ ကိုယ့်အထုပ်ကိုယ်ပြေးပြီး ရွေးယူကြတယ်။ တတ်နိုင်သလောက်ကတော့ အထုပ်သေးသေးပေါ့။ ခရီးက ဝေးတယ် မဟုတ်လား။ ခုနစ်ရက်၊ ရှစ်ရက်သွားရမှာဆိုတော့ အတ္တများတဲ့ လူတွေရဲ့သဘာဝအတိုင်း သူများထက်သက်သာတဲ့ ပေါ့တဲ့ သေးတဲ့ အထုပ်တွေကို ရွေးလိုက်ကြသတဲ့။ ဒါနဲ့ ကျွန်လေးတစ်ယောက်ကတော့ သူများတွေ အထုပ်သေးသေးလေးတွေ လုယူနေတာကို ကြည့်နေသတဲ့။ သူ့ထက်ငါ အသေးတကာ့ အသေးဆုံးတွေ လုယူနေကြတာပေါ့နော်။

တစ်ချို့ အထုပ်ကလေးတယ်။ တစ်ချို့အထုပ်က အလယ် အလတ်။ ဒီလိုနဲ့ ဦးတဲ့လူက အသေးဆုံးအထုပ်တွေရွေးရင်း





ရွေးရင်းနဲ့ နောက်ဆုံးတော့ အထုပ်ကြီးကြီးကြီး တစ်ထုပ်သာ ကျန်ခဲ့တော့သတဲ့။ အဲဒါကိုပဲ စောင့်ကြည့်နေတဲ့ ကျွန်ငယ်ငယ် လေးက သူ့အထုပ်အနေနဲ့ ရွေးချယ်လိုက်ရတော့တာပေါ့။

ဒီအခါမှာ အပါးဝနေတဲ့ ကျွန်ကြီးတွေက "ဟေ့ လမ်းကျမှ အထုပ်ချင်းလဲထမ်းဖို့တော့ ငါတို့ကို အကူအညီမတောင်းနဲ့နော်၊ ကိုယ့်အထုပ်ကိုယ် ထမ်းကြေးပဲဟေ့"

"ဟုတ်တယ်၊ ကိုယ်ရွေးတဲ့အထုပ် ကိုယ့်ဟာကိုယ် ခရီးဆုံးတဲ့အထိသာ ထမ်းပေတော့"

အဲသလို တစ်ယောက်တစ်ပေါက် ပြောကြပေမယ့်လည်း ကျွန်လေးက ဂရုမစိုက်ဘူးတဲ့။ ခရီးစထွက်တဲ့ အချိန်မှာပဲ သူဟာ သူ့အထုပ်ကို ပခုံးပေါ်ပစ်တင်ပြီး ထွက်လာခဲ့တယ်။

"လူမိုက်လေး... သူအကြီးဆုံးပဲ"

"ဟုတ်တယ် အပျင်းကြီးတဲ့ကောင် အထုပ်ကြီး ထမ်းရ စမြဲပဲ"

ဒီလို ကျွန်ကြီးတွေက အပြစ်တင်ပြီးတော့ ခရီးစထွက် လာကြတယ်။ ခရီးထွက်စမှာတော့ အင်မတန်ကြီးလေးတဲ့အထုပ် ကြီးကို ကျွန်ငယ်ငယ်လေးဟာ ခါးကုန်းအောင် ထမ်းရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်ရက်သွားတိုင်း သွားတိုင်း ကျွန်ငယ်လေးရဲ့အထုပ်ဟာ လျော့လျော့သွားကော့သတဲ့။

"ဟင် သူ့အထုပ်က လျော့လာပါလား၊ တို့အထုပ်တွေကတော့ ဒီအတိုင်းက ဒီအတိုင်းပါပဲလား"

တခြား ကျွန်တွေက သူ့ကို အဲသလို ဝေဖန်ကြတယ်။ ဒါပေမယ့် သူတို့မသိတာ တစ်ချက် ရှိနေတယ်။ အဲဒါက ဘာလဲဆိုတော့ အငယ်ဆုံးကျွန်ကလေးရွေးပြီးထမ်းလာတဲ့ အထုပ်ဟာ လမ်းမှာ သူတို့စားဖို့ ရိက္ခာထုပ် ဖြစ်နေတာကိုး။

ဒီလိုနဲ့ တစ်တောင်တက် တစ်တောင်ဆင်းသွားကြရင်းနဲ့ သူ့အထုပ်ကြီးဟာ နည်းနည်းလျော့လာရာကနေ နောက်ဆုံးမှာ သူဟာ အထုပ်ထမ်းစရာ မလိုတော့ဘဲ ကိုယ်လွတ်လက်လွတ် ဖြစ်ပြီး ဒီအတိုင်း ဆက်လျှောက်လှမ်းရတော့သတဲ့။

ဒီအခါမှ ကျွန်ကြီးတွေက သဘောပေါက်လာကြတယ်။

"လက်စသတ်တော့ သူက တို့စားဖို့အထုပ်ကို ယူလာတဲ့ကောင်ကိုး"

ဒီအခါမှ ကျွန်တွေဟာ သဘောပေါက်ပြီးတော့ သူ့ကို အားကျသွားကြတော့သတဲ့။ ဒါကိုကြည့်ပြီးတော့ သူဌေးကြီးဟာ





ကျွန်ကလေးကို သဘောကျသွားတယ်။

"မင်း သိပ်ဉာဏ်ကောင်းတဲ့ ကောင်လေးပဲကွာ၊ ဒီနေ့ကစပြီး ငါ မင်းကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီ"

ဒီအခါက စပြီးတော့ ဉာဏ်ကောင်းတဲ့ ကျွန်လေးဟာ လွတ်ငြိမ်းချမ်းသာခွင့် ရသွားတယ်။ ဒါပေမယ့် အဲဒီထော့မှ သူ့ဘဝဟာ အခက်တွေ့ရတော့သတဲ့။ အဲဒီ အခက်အခဲက ဘာလဲဆိုတော့ သူ့စားဝတ်နေရေးအတွက် ဘာလုပ်စားမလဲ ဆိုတာ တွေးရတော့တာပေါ့။

လောလောဆယ်မှာ သူဟာ အလုပ်မရှိတဲ့ လူတစ်ယောက်ဘဝရောက်သွားပြီ။ သူဌေးကြီးဆီမှာ ကျွန်ခံနေစဉ်တုန်းကတော့ စားဖို့နဲ့နေဖို့ သူဌေးကြီးကပေးထားခဲ့တာပေါ့။ ခုတော့ သူဟာ "ဂရိ"ပြည်ရဲ့ ဈေးထဲမှာထိုင်ပြီးတော့ သူ့ပါးစပ်ထဲက ပုံပြင်တွေကို တတွတ်တွတ်ပြောနေတယ်။ ဈေးလမ်းမလယ်မှာ သူ့ပုံပြင်နားထောင်ချင်တဲ့ သူတွေဟာ ဝိုင်းဝိုင်းလည်နေရတော့ တာပေါ့။

ဒီလိုနဲ့ ဒီကျွန်လေးရဲ့ ပုံပြောကောင်းတဲ့သတင်းဟာ တဖြည်းဖြည်းကြီးလာတယ်။ ဂရိတိုင်းပြည်ရဲ့ ဘုရင်ကြီးဟာ ဒီကျွန်လေးအကြောင်း ကြားရတာနဲ့ လာထိုင်ပြီး ကြည့်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူ့ရဲ့ပုံပြင်ကို သဘောကျပြီးတော့ ဘုရင်ကြီးဟာ နန်းတော်ထဲမှာ ပုံပြောဆရာအဖြစ် ခေါ်ပြီးတော့ သူပြောတဲ့ ပုံပြင်တွေကို မှတ်တမ်းတင်ထားခိုင်းလိုက်တာပေါ့။ ဒါနဲ့ သူဟာ ကမ္ဘာကျော်ပုံပြင်ဆရာတစ်ယောက်ဖြစ်သွားတယ်။ သူ့နာမည်ဟာ ဘယ်သူလဲသိလား"

"ဟင့်အင်း ...... ဘယ်သိမလဲ"

သူ့အသံမှာ မူးသံပါနေ၏။ သူ့ကို ပြောပြနေစဉ်မှာပင် သူ့ဘေးမှ ဦးသန်းလွင်၊ ကိုခင်မောင်ဝင်းနှင့် ဦးကျော်ကြီးတို့က ကျွန်တော့်ပုံပြင်ကို အာရုံစိုက်နားထောင်နေကြောင်း သိနေပါသည်။

"အဲဒါ 'ကမ္ဘာကျော်အီစွတ်ပုံပြင်များ' ရေးတဲ့ အီစွတ်ဆိုတဲ့ ကျွန်ကလေးရဲ့ အကြောင်းပဲပေါ့"

ထိုအခါကျမှ မူးကာ သူ့ခေါင်းကို လက်နှင့်ထောက်ထားသော "ကျော်မင်း" မှာ ခေါင်းမော့လာ၏။

"ဟာ ...... ဒါဆို ဒီလို အောက်တန်းနောက်တန်းကျတဲ့ ကျွန်ကလေးတောင် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ခဲ့တာပဲပေါ့နော်"





ကျော်မင်းစကားကို ကျော်ဇောက ခေါင်းညိတ်ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ ဒါဆို ကျွန်တော်ဟာ မြက်နုတ်သမားဘဝကနေ သူဌေးဖြစ်နိုင်တာပဲပေါ့နော်"

ဟု ပြောလာသည်။

"ဟုတ်တယ် - လူဆိုတာ အလုပ်တစ်ခုကို တစ်စိုက်မတ်မတ်လုပ်ရင် အောင်မြင်ကြတာချည်းပဲပေါ့ဗျာ"

ရွှေလမင်းဆိုင်မှ "ကိုအောင်ဆန်း" သည် ကျွန်တော်တို့ထသည်နှင့် ဖန်ခွက်များကို လာ၍ သိမ်းဆည်းသွားလေတော့သည်။

မိုးချုပ်ပြီ။ ကျွန်တော်လည်း အိမ်သို့ ပြန်လာခဲ့တော့၏။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## ဆင်းရဲတွင်းမှလွတ်မြောက်သူ

"စာရေးဆရာဆိုတာ ဘာအလုပ်လုပ်တာလဲဗျာ အလကား ပဲ၊ ခင်ဗျားဟာ ခင်ဗျားမိန်းမအတွက် ကျွန်ခံနေတဲ့သူပဲ"

"ကျော်မင်း"က သူမူးနေသောအချိန်ဖြစ်၍ ကျွန်တော့်ကို စကားပြောလိုက်၏။ ကျော်မင်းမျက်နှာမှာ ထူအမ်းနေ၏။ အရက်မှိုင် ထနေသော မျက်နှာနီနီကြီး၊ သူ၏ မျက်ခုံးထူထူကြီးဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သူသည် မမူးလျှင် ကျိုးနွံကာ ရှိသေတတ်သော်လည်း မူးလာသည့်အချိန်၌ ဘယ်သူ့မှ လူမထင် သည့်ကောင်မျိုးဖြစ်ကြောင်း ကျွန်တော် နားလည်ထားသည်။ ကျွန်တော်က သူ့ကို ပြုံး၍ ကြည့်လိုက်သည်။





"ကိုကျော်မင်းရာ... စာရေးဆရာဆိုတာ သူ့စိတ်ကူးတွေ သူ့ထင်မြင်ချက်တွေကို ပရိသတ်ကို ရေးသားတင်ပြတဲ့ သူပဲပေါ့"

"ကျော်မင်း"က ကျွန်တော့်ကို မျက်လုံးပြူး ကြည့်သည်။ ပြီးတော့ သူက...

"ဟာ ကိုမြင့်ကြည်ကလဲ စာက ဗိုက်ဝဘာမှမဟုတ်ဘဲ၊ အရေးကြီးတာက မိုးလင်းလာရင် သဗ္ဗာဝါတွေက အစာတစ်နပ် စားဖို့ လိုအပ်တာပဲမဟုတ်လား၊ စာမဖတ်လို့ သေတဲ့မသာလို့ ကမ္ဘာပေါ်မှာ မရှိပါဘူးဗျာ၊ ခင်ဗျားတို့ စာရေးတဲ့သူဆိုတာ လူလိမ်တွေ၊ လူညာတွေ၊

ကျော်မင်းက မူးနေသူတို့၏ သဘာဝအတိုင်း တင်ပြ ပြောဆိုလာ၏။ ကျွန်တော်သည် သူ့ကို စာနာနားလည်နိုင်ပါ၏။ သိပါ၏။ ဒီအခါ ဂ ၁င် မူးနေပြီ။ မူးပြီဆိုလျှင် စကားပြောဆို၍မရတော့။

"ဒါကတော့ မင်းအထင်ပေါ့ ကျော်မင်းရာ၊ စာရေးဆ... တွေဟာ အများအကျိုးရှိအောင် သူတို့ဘဝထဲက ကောင်း... ပွ ထုတ်ပြတတ်ကြပါတယ်ကွာ၊ ဒါဟာ လေးစားစရာပဲပေါ့ ... ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

ကျော်မင်းက ခေါင်းကို အတွင်တွင်ခါယမ်းပြလိုက်၏။

"မဟုတ်ပါဘူးဗျာ၊ ကျွန်ုပ် တော်တော့ စာရေးဆရာတွေ ပြောတာ ဘယ်တော့မှမယုံဘူး။ သူတို့ကလုပ်တာ တစ်မျိုး၊ ပြောတာတစ်မျိုး၊ ဟား... ဟာ ... ဟား... သူတို့ပြောသမျှ ကျွန်တော်ကယုံရမှာလား"

ကျော်မင်းက တဟားဟား ရယ်မောကာ ကျွန်တော့်ကို လှောင်ကြည့်ကြည့်နေ၏။

"မင်းသိပ်မူးနေတာ စကားပြောမနေပါနဲ့တော့ကွာ"

ဤအချိန်တွင် ကျော်မင်းကို စကားပြောဆို၍ မရကောင်းမှန်းသိ၍ ကျွန်တော်က အစသပ်ဖို့ ကြိုးစားလိုက်သည်။ ထို အခြေအနေကို "ကျော်မင်း" က လက်မခံလိုပေ။

"ဒီမှာဗျ... ခင်ဗျားတို့ စာရေးဆရာတွေက ဘာတွေ ရေးတာလဲ၊ လူတွေဟာ ထမင်းစားရမှ အသက်ရှင်တာ၊ စာမဖတ် ဘဲလဲ အသက်ရှင်လို့ရတယ်၊ ခင်ဗျားတို့ကို ကျွန်တော် အထင် မကြီးဘူး၊ ခင်ဗျားတို့ကြောင့် စာရွက်တွေကုန်တယ်၊ လူတွေ အလုပ်ရှုပ်တယ်၊ မီဘတွေပိုက်ဆံကုန်တယ်"





ကျော်မင်းမှာ မူးမူးနှင့် ကျွန်တော့်ကို စွတ်ပြောနေသည်။ ကျွန်တော်သူ့ကို စကားဆက်ပြော၍ မရနိုင်မှန်းသိ၍ ငြိမ်းကာ ကြည့်နေရတော့၏။ သူကတော့ စာရေးဆရာတွေကို အပြစ်တင် သော နှိမ့်ချသောစကားများ တတွတ်တွတ်ပြောနေသည်။

ရွှေလမင်းဆိုင်မှ ထွက်လာသောအခါတွင် ကျော်မင်း၏ စကားများကြောင့် ကျွန်တော့်မှာ တွေးစရာတစ်ခု ပါလာခဲ့တော့၏။ စာရေးဆရာတွေသည် ဘာလုပ်ကြသနည်း။ လူ့ဘောင်အဖွဲ့ အစည်းနှင့် မည်ကဲ့သို့ ပက်သက်ဆက်နွယ်နေကြသနည်း ဟူသော သဘောတရားကို ကျွန်တော်ဆင်ခြင်ကြည့်မိသည်။

ထိုအခါတွင် ရုရှားပြည်မှ "အမေ" ဆိုသော ဝတ္ထုကြီးကို ရေးခဲ့သည့် "**မက္ကဆင်ဂေါ်ကီ**" ကို သတိရလိုက်မိတော့သည်၊ စာရေး ဆရာဟူသည်မှာ ကျော်မင်းထင်မြင်ယူဆသကဲ့သို့ စာတွေကို လူများဖတ်ဖို့ ရေးနေရုံသာမဟုတ်။ လူ့ဘဝ၌ လိုအပ်သော အတွေးအခေါ်နှင့် အမြင်မှန်၊ အသိမှန်များရအောင် အားထုတ် နေခြင်းဟုလည်း ဆိုနိုင်ပေသည်။

စာရေးဆရာသည် သီးခြားလူတန်းစားမဟုတ်။ လူ့



www.burmeseclassic.com

www.burmeseclassic.com



လောကထဲတွင် လူ့သဘာဝများကို ထုတ်ဖော်ကာ ရေးသားနေသည့်သူဖြစ်သည်။ တကယ့်စာရေးဆရာအစစ်သည် "လောကသဘာဝနှင့် လူ့သဘာဝ"ကို အရှိအတိုင်းမြင်လေသည်။

ထိုအကြောင်းကို မက္ကဇင်ဂေါ်ကီ၏ဘဝကို ကြည့်ခြင်းဖြင့်ပင် သိရှိနိုင်သည် ဖြစ်ပေ၏။ ဂေါ်ကီ ငယ်စဉ်က ဆင်းရဲသည်။ စာပေပညာမသင်ခဲ့ရ။ ကျောင်းမနေခဲ့ရ။ ထို့ကြောင့် စာတတ်မှ စာရေး၍ရသည်ဟူသော အယူအဆမှာ မဟုတ်မှန်ကြောင်း သိသာလှသည်။ သူသည် ဆင်းဆင်းရဲရဲဖြင့် အဘိုးနှင့်နေရ၏။

သူတစ်ပါးတို့ကဲ့သို့ တောင်းစားရသော သာမန်သူတောင်းစားမျိုးလောက်ပင် အဆင့်မရှိခဲ့။ အိုကြီးအိုမအဘိုးက တောင်းကျွေးသည်ကို သူက မျက်မမြင်အဘိုးအား ကစ်အိမ်ဝင်တစ်အိမ်ထွက် တွတ်ဆွဲကာ လိုက်ပို့ရင်း ထိုထမင်းဟင်းကို စားခဲ့ရလေသည်။

ဆင်းဆင်းရဲရဲဘဝဖြင့် အတော်လေး အသက်ကြီးလာတော့မှပင် သင်္ဘောလိုက်ရင်း သင်္ဘောသားတစ်ဦးထံမှ သူစာသင်ရသည်။ သူစာသင်ရခြင်းမှာ ကြီးမှပင်ဖြစ်သော်လည်း သူ့ဘဝအတွေ့အကြုံများက စာရေးဖို့ အများကြီးရှိနေသည်။ ထို့ကြောင့်





ပင် သူသည် စာရေးဆရာဘဝသို့ ရောက်လာရလေတော့၏။

သူစာရေးသည်မှာ ဘဝအကြောင်းများပင်ဖြစ်သောကြောင့် ကမ္ဘာကျော်သွားသည်။ ထို့ကြောင့် စာရေးဆရာဟူသည်မှာ စာရွက်ပေါ်တွင် စာရေးတတ်ရုံနှင့်မပြီး။ လူ့ဘဝ၏ အကောင်းအဆိုးအကြောင်းအရာကို နှစ်နှစ်နဲနဲ သိမြင်တတ်ဖို့ လိုသည်မှာ သေချာသည်။

ထိုအကြောင်းကို ကျွန်တော်သည် ကျော်မင်းအား ရှင်းပြခွင့်မရခဲ့ပါ၊ ရှင်းပြလျှင်ကော သူနားလည်နိုင်လိမ့်မည်ဟု မထင်။ တကယ်တော့ ကျော်မင်း၏ဘဝသည် ဂေါ်ကီ၏ဘဝနှင့်ပင် ခပ်ဆင်ဆင်တူပေသေးတော့၏။ သူသည် အိပ်စရာတစ်နေရာ၊ စားစရာထမင်းနှစ်နပ်အတွက် ရွှေလမင်းဆိုင်မှာ စားပွဲထိုးလုပ်နေသည်၊ ဆိုင်ရှင်များက သူ့ကို သံယောဇဉ် ရှိကြလေသည်။

သူသောက်သမျှအရက်၊ သူစားသမျှထမင်းကို ကျွေးသည်။ သူသည် လောလောဆယ်တွင် ထမင်းစားဖို့နှင့် အရက်သောက်ဖို့ကလွဲ၍ ဘာရည်ရွယ်ချက်မှ ရှိဟန်မတူ။ ငွေလိုလျှင် အိမ်က ပစ္စည်းတွေ သူရောင်းသည်။ တန်သည် မတန်သည်ပင် သူမတွေး



www.burmeseclassic.com

www.burmeseclassic.com


ငါးရာတန်သောပစ္စည်းကို ငါးကျပ်နှင့်လည်း ရောင်းချင်ရောင်းပစ်လိုက်တတ်၏။

မြေကြီးပေါ်၊ သစ်ပုံပေါ်၊ အိမ်ကြားတွင် သူအိပ်စက်သည်။ တကယ်တော့ သူသည် ကျွန်တော့်ညီကလေး၏အရွယ်မျှသာ ဖြစ်ပါ၏။ သူ့အစ်မများထံမှ ငွေကိုတောင်းကာ သူငယ်ချင်းများကို သူကျွေးမွေးလိုက်သေးသည်။

သူသည် စင်စစ်လူ့ဘဝ၏အောက်ခြေအနေအထားကို နားလည်ခံစားတတ်နေပြီဟု ဆိုနိုင်သည်။ အကယ်၍သာ သူသည် သူ့ဘဝခံစားချက်များကို ထုတ်ဖော်ရေးသားတတ်မည်ဆိုလျှင် ဂေါ်ကီကဲ့သို့ပင် ထင်ရှားသော စာပေးဆရာကြီးတစ်ဦး ဖြစ်လာနိုင်ပေလိမ့်မည်။

သို့သော် သူသည် ခံစားရသမျှကို ရင်ထဲတွင် မြှုပ်သိပ်ထားပြီး ထုတ်ဖော်ရေးသားဖို့ စိတ်ကူးပုံမပေါ်ပေ။ ကျွန်တော်သည် ဂေါ်ကီ၏စာများကို ကြိုက်၏။ သူ့ဘဝကို စာနာနားလည်နိုင်၏။ ငယ်စဉ်က မည်မျှပင် ဆင်းရဲတွင်းနက်ခဲ့သော်လည်း ရုရှားစာပေသမိုင်း၌ ဂေါ်ကီ၏နံမည်ကို ထုတ်ဖယ်ပစ်၍ရမည်မဟုတ်ချေ။

❀ တင်မော် (ဓာတု) စာပေ ❀



အနုပညာသမားတို့၏ တန်ကြေးမှာ ဆိုအရာဟုပင် ဆိုထိုက်ပါသည်။ ဆင်းရဲသောဘဝ ဆင်းရဲသောအမြင်ကို ဆင်းရဲသည့်အတိုင်း ရေးသားတင်ပြထားရာမှ ဘဝဒဿနတို့ ပေါ်ထွက်လာခြင်းဟု ဆိုနိုင်သည်။ သို့သော် အချို့မှာကား ဆင်းရဲသောဘဝတွင် ပျော်ရွှင်ရင်း မည်သူ့ကိုမျှ ပြန်လည်တင်ပြခြင်းမရှိဘဲ တိတ်တိတ်ဆိတ်ဆိတ် ကုန်ဆုံးကွယ်လွန်သွားကြလေသည်။ ကျွန်တော်သည် ဆင်းရဲတွင်းမှ ထွက်မြောက်နိုင်သော ဂေါ်ကီ၏ အကြောင်းကို တွေးရင်းမှ "ကျော်မင်း" အတွက် တွေးတောပူပန်မိပါလေတော့သည်။

✤ ✤ ✤ ✤ ✤

❀ တင်မော် (ဓာတု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"တကာယ်သစ္စာရှိသော အနုပညာသည်ကား
အဘယ် ပရိသတ်ကိုမှ ဂရုစိုက်စရာမလို"

အော်စကာဝိုင်း





## ကမ္ဘာကျော်တို့၏ ခေတ်ခံဝီဇ

"လူတိုင်းမှာတော့ စိတ်ကူးရှိကြတာပေါ့ဗျာ၊ ဒါပေမယ့် လူတစ်ယောက်နဲ့တစ်ယောက် စိတ်ကူးညှက်ချင်း မတူနိုင်ဘူး မဟုတ်လား၊ စိတ်ကူးကောင်းတဲ့သူ စိတ်ကူးညံ့တဲ့သူ ဒီလို ရှိမယ်လို့ ကျွန်တော်ထင်တယ်"

ကျွန်တော့်အိမ်နောက်ဖေးအိမ်မှ ကိုအောင်က ကျွန်တော့်ကို တွေ့တွေ့ချင်း ထိုသို့ပြောသည်။ ကျွန်တော်က ကိုအောင့် စကားကို အားရပါးရ ထောက်ခံလိုက်၏။

"ခင်ဗျားစကား သိပ်မှန်တာပေါ့ဗျာ၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်ကူးချင်းတူမှတော့ အကြိုက်တွေသိတူ



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်တွေလဲ တူ၊ ဘဝတွေလဲ အတူတူဖြစ်တော့မှာပေါ့ အခုဟာက လူ တစ်ယောက်နဲ့တစ်ယောက် စိတ်ကူးပုံချင်းမတူလို့ ကမ္ဘာမှာ ပြောင်းလဲဖြစ်ပေါ်မှုတွေများနေတာပေါ့"

ကိုအောင်က ကျွန်တော့်စကားကြောင့် ပြုံးလိုက်၏။ သူသည် တစ်စုံတစ်ရာကို တွေးတောကာ သဘောကျသွားပုံရ လေသည်။

"အေးဗျာ ကိုမြင့်ကြည်က ပိဋကတ်လေးဘာလေး တီးမိခေါက်မိရှိတော့ စိတ်အကြောင်းကို ပိုသိမှာပါပဲ အချိန်ရတုန်းကို ကျွန်တော့်ကို စိတ်နဲ့ပတ်သက်လို့ နည်းနည်းရှင်းပြ စမ်းပါ"

"စိတ်..... ဟုတ်လား၊ စိတ်အကြောင်းပြောရရင်တော့ အများကြီးပြောရမှာဗျ"

ကျွန်တော်က ရေနွေးကြမ်းပန်းကိုင်ကိုင်ကာ မော့သောက် ရင်း ပြောလိုက်မိသည်။

"ဘာလို့ စိတ်လို့ခေါ်သလဲ"

ကိုအောင်က မေးခွန်းတစ်ခုကို ထပ်မေးလာပြန်ပါလေ၏။ ကျွန်တော်သည် ပါဠိသံကင်းသော စိတ်၏သဘောတရားကို





ရှင်းပြလိုစိတ် ဖြစ်ပေါ်လာမိသည်။

"စိတ်ဆိုတာ အာရုံကိုသိတာပဲပေါ့ဗျာ"

"အာရုံဆိုတာ....."

ကိုအောင်က မျက်ခုံးပင့်၍ ထပ်ဆင့်မေးလာပြန်သည်။ ဟုတ်တော့ဟုတ်သည်။ "အာရုံ" ဟူသော စကားလုံးတစ်လုံးကို သူ့ကိုဖွင့်ဆိုရှင်းပြဖို့ လိုအပ်သည်ဟု ကျွန်တော်တွေးမိသည်။

"အာရုံဆိုတာ မြင်စရာ၊ ကြားစရာ၊ နံစရာ၊ တွေ့စရာ၊ တွေးစရာတွေကို ပြောတာပေါ့၊ မျက်စေ့အတွက်မြင်စရာ၊ နားအတွက် ကြားစရာ၊ ဒါတွေကို အာရုံခေါ်တာပေါ့ဗျာ၊ စောစောက ပြောခဲ့သလိုပဲ စိတ်ဆိုတာ အဲသလို အာရုံတွေကို ခံစားတတ် သိတတ်တဲ့သဘောရှိတယ်"

ကျွန်တော့်စကားကို ကိုအောင်သည် ငိုင်၍ စဉ်းစားနေ သည်။

"လူတိုင်းဟာ ဒီလိုပဲသိတယ်ဆိုတဲ့ သဘောပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သိပုံသိနည်းတော့ ကွာသေး တာပေါ့ဗျာ"

"ဘယ်လို ကွာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်၏ စိတ်ဝင်စားမှုအနေအထား ပို၍တိုးတက်လာသည်ကို ကျွန်တော်သတိထားမိလိုက်သည်။ ကျွန်တော်က အဘိဓမ္မာပညာအရ သူ့ကိုရှင်းပြဖို့ ကြိုးစားမိသည်။

"အသိ သုံးမျိုးဆိုတာ ဒီလိုပါ၊ လူမှာ အသိ သုံးမျိုး ရှိတယ်ဆိုပါတော့၊ အဲဒါတွေကတော့ သညာသိ၊ ပညာသိ၊ ဝိညာဏ်သိ ဆိုတာပါပဲ။ သညာသိဆိုတာကတော့ မှားမှား မှန်မှန်မှာ မှတ်ထားတာတွေ သိတာတွေကိုပဲ၊ ပညာသိကတော့ အမှားအမှန်ခွဲခြားပြီး သိတာမျိုးပေါ့။ အဲ..... ဝိညာဏ်သိက "အာရုံ" ကို သိတာပဲ"

ကျွန်တော်ပြောသည့်စကားကို ရှင်းသည် မရှင်းသည်ကိုတော့ မသိ ကိုအောင်က ငြိမ်ကာ နားထောင်နေသည်။

"ဒါဖြင့် ထူးချွန်တဲ့အနုပညာသမားတွေရဲ့ အသိကို ဘယ်အသိမျိုးလို့ ခေါ်ရမလဲ"

ရုတ်တရက် ကိုအောင်၏အမေးစကားကို ဖြေကြားရန် ကျွန်တော်အခက်တွေ့သွားသည်။ အနုပညာသမားတို့သည် အာရုံကို ခံစားသိမြင်တတ်ကြသည်။ ထို့ကြောင့် ဝိညာဉ်သိဟူ၍ ခေါ်ရမည်လား။ သို့ဆိုလျှင် သူလေ့လာသင်ကြား မှတ်သားထား





သော အသိသညာတွေ ဆုံးဖြတ်ယှဉ်သုံးစွဲ ခွဲခြားတတ်တဲ့ ပညာတွေမရော အသိထဲမှာ မပါဘူးတဲ့လား။

ကျွန်တော်စဉ်းစားနေမှန်းသိ၍ ကိုအောင်က ဆေးလိပ်တစ်လိပ်ကိုဖွာကာ ငြိမ်သက်နေသည်။

"ကမ္ဘာကျော်အောင် ထူးချွန်တဲ့ အနုပညာရှင်တွေရဲ့ အသိကတော့ သူတို့ရဲ့ အာရုံခံစားသိတတ်တဲ့ အသိမျိုးလို့ ဆိုရမှာပါ၊ ဒီ အာရုံခံစား သိမှု ဖြစ်ပေါ်စေအောင် လှုံ့ဆော်ပေးတတ်တာကလည်း သူတို့မှတ်သားထားတတ်သော သညာသိတွေ၊ ခွဲခြားဝေဖန်တတ် ဖန်တီးထုတ်ဖော်တတ်တဲ့ဆီ ပို့ဆောင်ပေးတဲ့ ပညာသိတွေလည်း ပါနေမှာအမှန်ပါပဲ၊ သိပုံ မြင်ပုံ တွေးပုံ ခံစားပုံ ကွာခြားတာသာ ဖြစ်နိုင်ပါတယ်။ သာမန်လူတွေရဲ့ အသိ သုံးမျိုးနဲ့ ကမ္ဘာကျော်အနုပညာရှင်တွေရဲ့ အသိ သုံးမျိုး အခြေခံကတော့ အတူတူပါပဲ" ကျွန်တော်က စကားကို လက်စသပ်လိုက်သည်။

ကိုအောင်က ကျေနပ်သွားပုံရသည်။

"ဒါပေါ့ဗျာ၊ လူရဲ့ အသိဉာဏ် အခြေခံတွေဟာ အနှော အတူတူပေါ့၊ ဒါဆိုရင် ပါရမီခံဆိုတာရော"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်က ထပ်ဆင့်မေးလေသည်။

"ပါရမီခံဆိုတာကတော့ ဟိုဘဝကတည်းက အထပ်ထပ်ပြည့်ပြည့်ပွားပြီး ယူလာလို့ ဒီဘဝမှာ မွေးစကတည်းက သင်လွယ်ကြားလွယ် ဖြစ်ပြီး သူများထက်ထူးချွန်လာတဲ့ သဘောကိုဆောင်တဲ့ သဘောပေါ့၊ ပါရမီ ခါတ်ခံလည်းရှိမယ် သင်ကြားမှုအားထုတ်ဆောင်ရွက်မှုလဲ ရှိမယ်ဆိုရင်တော့ ကျော်ကြားအောင်မြင်မှာပါပဲ"

"အဲဒီလိုလူမျိုး တစ်ယောက်လောက် သာဓကပြပြီးတော့ ပြောစရာရှိရင် ပြောစမ်းပါဗျာ"

ကိုအောင်က စာပေဝါသနာပါသူဖြစ်သည့်အတိုင်း သူ့အားလပ်ချိန်ဖြစ်၍ ကျွန်တော့်စကားကို အေးအေးဆေးဆေး နားထောင်လိုပုံဖြင့် စကားကို အစပျိုးလိုက်တော့၏။

ထိုအခါ ကျွန်တော်သည် ပါရမီရှင် ကမ္ဘာကျော်အနုပညာသမား အကြောင်းကို အပြေးအလွှား စဉ်းစားလိုက်မိတော့သည်။ ကျွန်တော့်ခေါင်းထဲသို့ ပထမဆုံးဝင်လာသော ကမ္ဘာကျော်အနုပညာရှင်ကြီးမှာ "ရှိုပင်" ပင်ဖြစ်လေသည်။

❖ ❖ ❖ ❖ ❖





ငွေမမက်သော စန္ဒရားဆရာကြီး ဖရက်ဒရစ်ရှိုပင်

ဒီလိုပါရမီရှင်ထဲက လူတစ်ယောက်ကို ရွေးထုတ်ပြရမယ်ဆိုရင်တော့ ပိုလန်နိုင်ငံသား ဂီတပညာရှင်ကြီး "**ဖရက်ဒရစ်ရှိုပင်**" ပဲပေါ့ဗျာ။ ပါရမီခံရှိတဲ့သူတွေဟာ သူနဲ့သင့်လျော်တဲ့ ပတ်ဝန်းကျင်အဆင့်ဆင့်ကို ရောက်လာတတ်တယ်လို့ အဆိုရှိတယ်။ ဒါကိုပဲ "**ကာလသမ္ပတ္တိ**" "**ဒေသသမ္ပတ္တိ**" လို့ ဗုဒ္ဓဘာသာတရားတော်က ပြောပြသလို "**ပတိရူပဒေသဝါသော စ**" ဆိုတဲ့ "**သင့်လျော်တဲ့နေရာ ပတ်ဝန်းကျင်**" ကိုရောက်မှ ကံကောင်းတယ်လို့ ဆိုတာမျိုးပေါ့။

ရှိုပင်ရဲ့ဘဝဟာ မွေးဖွားစကတည်းက ပညာရှိပတ်ဝန်းကျင်မှာ မွေးဖွားခဲ့ရတယ်။ သူ့အဖေနဲ့ စာပေအနုပညာ မွေ့လျော်တဲ့ မိတ်ဆွေ သင်္ဂဟတွေကြားထဲမှာ သူကြီးပြင်းခဲ့ရတယ်။ ဒီမှာ တစ်ခုပြောချင်တာက "**အဇ္ဈာသယ၊ အာသယ၊ ဝါသနာ၊ စရိုက်**" ဆိုတဲ့ သဘောလေး နားလည်ဖို့လိုတယ်ဗျာ။

"**အဇ္ဈာသယ**" ဆိုတာက ဝမ်းတွင်းခါတ်ခံသဘော၊ ဗုဒ္ဓဘာသာတရားတော်အရတော့ ဟိုဘဝကတည်းက ပါလာတာ။ ဒေါသကြီးတဲ့သူ၊ ပညာကြီးတဲ့သူ၊ ဖွဲ့ရှိတဲ့သူ၊ အပျော်လွန်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် သဘာဝဓာတ်ခံစိတ်သဘောဟာ "အဖွာသယ" ပါပဲ။

"အာသယ" ဆိုတာလည်းဒီလိုပဲ။ နှစ်သက်မှုရဲ့သဘောပေါ့။ ကလေးဘဝကတည်းက ဉာဉ်ကောင်းတာ၊ ဉာဉ်ဆိုးတာ၊ ပြုံးရယ်နေတာ၊ "တဂျီဂျီ" ငိုနေတတ်တာ ဆိုတာ ဒီသတ္တဝါရဲ့ "အာသယ" ပဲ။

ဒါကြောင့် လယ်တီဆရာတော်က ဒီဝမ်းတွင်းဓာတ်ခံသဘောနဲ့ အာရုံနှစ်သက်မှုသဘောနှစ်ခုကို ဟိုဘဝက ပါတာလို့ ပြောတယ်။

ဝါသနာနဲ့ စရိုက်မှာလည်း ဝါသနာဆိုတာ ဆိုခဲ့သလို ဟိုဘဝက ကူးလာတဲ့အထုံ ဒီဘဝမှာ မလုပ်ရဘဲ ဆက်မနေနိုင်တာ မျိုးပဲပေါ့။ "စရိုက်" ကတော့ ဒီဘဝမှာ သူများလုပ်တာမြင်လို့ နီးစပ်လို့ အတုခိုးလို့ အကျင့်ရလို့ ဖြစ်လာတဲ့ စိတ်သဘောမျိုး ဆိုပါတော့။

ဒီ ရှုပင်ဟာ ပါရမီ ဓာတ်ခံကလည်းရှိတယ်။ စရိုက်ကောင်းကိုရမယ့် ဘဝပတ်ဝန်းကျင်ကို ရောက်ရှိလာတဲ့ လူတစ်ယောက်ဖြစ်လာတယ်။ သူ့ဖခင်ရဲ့ မိတ်ဆွေတွေကိုလည်း ကြည့်ဦးလေ။





ဒုရောပရဲ့ ဂီတဆရာ၊ ကဗျာဆရာ၊ စာရေးဆရာကြီးတွေဖြစ်ကြတဲ့ "ဂါထေး" "ရှီလာ" "ရှူဆူး" "ဘက်" "မိုးဇက်" "ဗီယာ" တို့အပြင် ကမ္ဘာကျော် အင်္ဂလိပ်ကဗျာဆရာကြီး "ဘိုင်ရွန်" တို့ ဖြစ်နေတာကိုး။ သူ့အဖေဟာ ဒီပုဂ္ဂိုလ်ကြီးတွေနဲ့, ကဗျာ သင်္ကာတွေ၊ ဂီတစာပေတွေအကြောင်း ရှက်ဖတ်ဆွေးနွေးလေ့ရှိတယ်။

အနုပညာသမားတစ်ဦးရဲ့ အခြေခံကောင်းဆိုတာလဲ ဒါပဲ။ အနုပညာဓာတ်ခံနဲ့ သဘောတရားကို စိမ့်ဝင်စေနိုင်တဲ့ ပတ်ဝန်းကျင်ဟာ သူ့ရဲ့ကြီးပွားတိုးတက်မှုအတွက် သဘာဝပဲမဟုတ်လား။

ဒီလိုနဲ့ ကလေးငယ်လေး ရှုပင်ဟာ ညအခါ စန္ဒယားကြီးပေါ်ထိုင် စမ်းသပ်တီးနေလေ့ရှိပြီးတော့ နေ့ဘက်မှာ သူကြားနေရတဲ့ စာ ကဗျာတွေရဲ့သဘောကို နားကြားနေမိတယ်။ ပြီးတော့ ဆန်းသစ်တဲ့ အနုပညာမှုကို ဖန်တီးချင်စိတ် ပေါ်လာတော့တာပဲပေါ့။

အနုပညာဆိုတာ ပြောရခက်ပါတယ်။ အနုပညာသဘောတရားကို ဖွင့်ဆိုတဲ့နေရာမှာ ကမ္ဘာကျော် စာရေးဆရာကြီး အော်စကာဝိုင်းက.....



www.burmeseclassic.com

www.burmeseclassic.com



"တကယ်သစ္စာရှိသော အနုပညာသည်ကား အဘယ် ပရိသတ်ကိုမှ ဂရုစိုက်စရာမလို"

လို့ ဖော်ပြရေးသားခဲ့တယ်။

ဒါဟာ အနုပညာသဘောတရားဖွင့်ဆိုချက်မှာတော့ တကယ်လေးစားဖို့ကောင်းတဲ့ စကားပါပဲ။

တချို့က အနုပညာဆိုတာ အများကြိုက်အောင် လုပ်ရမယ်။ အောင်မြင်နေတဲ့ အနုပညာသမားတွေကို အတုခိုး၊ အတုလုပ်၊ မတူတူအောင်လုပ်၊ ဒီလိုလုပ်တာဟာ ပရိသတ်ကြိုက် ပြီး အောင်မြင်မယ်၊ ကြီးပွားမယ်လို့ ထင်ကြတယ်။

ဒါနဲ့ပတ်သက်ပြီး အသေအချာပြောနိုင်တာကတော့ အဲဒီလူမျိုးဟာ ကြီးပွားချင်ကြီးပွားမယ်၊ အောင်မြင်ချင်လည်း အောင်မြင်မယ် ဒါပေမယ့် သူဟာ တကယ့်အနုပညာသမား တစ်ဦးတော့ ဘယ်တော့မှ မဖြစ်နိုင်ဘူး ဆိုတာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ "**အနုပညာသမားအစစ်**" ဟာ ပရိသတ်ကြိုက်ပြီးသားတွေကို ဂရုစိုက်ပြီး အဲသလိုလိုက်လုပ်ပြတာ မဟုတ်ဘူး။ သူဖန်တီးတဲ့ အနုပညာ မဖြစ်ပေါ်မီမှာ ဘယ်ပရိသတ်မှ မရှိဘူး။ သူက ဆန်းသစ်တဲ့ အနုပညာတစ်ခု ဖန်တီး





တော့မှ၊ (ဒါလည်း သူ့ဟာသူ လုပ်ချင်သလို လုပ်လိုက်တဲ့ဟာ) ကို ပရိသတ်က "**ဟာ..... တယ်ဟုတ်ပါလား၊ တယ်ကောင်းပါလား**" ဆိုပြီး နောက်မှ ဖြစ်ပေါ်လာရတာ။ အဲဒီတော့ အနုပညာသမားဟာ ပရိသတ်ရဲ့ နောက်လိုက်မဟုတ်ဘူး။ သူ့အတွက် ပရိသတ်ဟာ အဆင်သင့်ရှိနေတာ မဟုတ်ဘူး။ ပရိသတ်ကို ရည်ရွယ်ရှာဖွေ နေတာ မဟုတ်ဘူး။

ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် သူ့ခံစားချက်ကို ဖန်တီးထုတ်ဖော်ပြတဲ့သဘောသာ အနုပညာသမားရဲ့အလုပ် ဖြစ်တယ်။

ရှိုပင်ရဲ့ ကြိုးစားမှု အားထုတ်တီထွင်မှု သဘောတရားဟာ လည်း ဒီသဘောပါပဲ။ ရှိုပင်ဟာ သူ့ဘဝပတ်ဝန်းကျင်ကနေ အမျိုးသားဂီတကို ရေးစပ်ဖို့ အခြေခံတွေရရှိလာတယ် ဆိုပါတော့၊ ရှိုပင်ဟာ စန္ဒရားကို မမှိတမှိ ခြေထောက်လေးနဲ့ စမ်းသပ်တီးကြည့်ခဲ့တယ်။

ပိုလန်နိုင်ငံဟာ ဥရောပတိုက်ရဲ့ မြောက်ပိုင်းမှာဆိုတော့ နှင်းမြူတွေ အမြဲတမ်း ယုက်သမ်းဝန်းရံနေပြီး တပေါက်ပေါက် ကျဆင်းနေတတ်တယ်။ ဒီအခါ သူ့ရဲ့ဆရာ "**အက်စနာ**" ဟာ



www.burmeseclassic.com

www.burmeseclassic.com



ရှိုပင်တီးပုံကလေးကို ကြည့်ပြီးတော့ ....

"ဒီဟာ ဖရက်ဒရစ်ရှိုပင်ရဲ့ တီးကွက်ပေါ့" ဟု ပြုံးကာ ပြောလိုက်တတ်တယ်။ ရှိုပင်ရဲ့ဆရာဟာ ရှိုပင်ကို ပါရမီရှိပြီး ထွန်းပေါက်မယ့်ကလေးလို့ ယုံကြည်ထားသူပါပဲ။

သူ့အထင် မမှားပါဘူး။ ရှိုပင်ဟာ အသက် (၈) နှစ် အရွယ်မှာပဲ ပရိသတ်တွေကြားမှာ ပွဲကြီးပွဲလမ်းတွေထဲ ဝင်ရောက်တီးခတ်နိုင်သူ ဖြစ်လာခဲ့တယ်။

ဒီလိုနဲ့ ရှိုပင်ဟာ တဖြည်းဖြည်း တိုးတက်လာပြီးတဲ့နောက်မှာ ပြင်သစ်ပြည်၊ ရုရှားပြည် စတဲ့ ကမ္ဘာ့နိုင်ငံကြီးများကို လှည့်လည် ကာ စန္ဒရား တီးခတ်ပြီး သီးချင်းရေးသားတဲ့ ပညာရှင်တစ်ဦး ဖြစ်လာခဲ့တယ်။ သူဟာ အခြေခံကောင်းကြောင့် သူမတူတဲ့ စန္ဒရားကီးကွက်တွေနဲ့ အမျိုးသားသီချင်းတွေကို ရေးသားနိုင်ခဲ့ တယ်။

ရှိုပင်စန္ဒရားတီးတဲ့အခါ အပေါ်ကို ခဏခဏမော့ပြီး ငေးကြည့်နေတတ်တယ်။ အထူးသဖြင့်တော့ တီးလုံးတွေကို စမ်းသပ်တီထွင်နေတဲ့အခါမျိုးမှာ ခေါင်းဟာ အပေါ်မော့ပြီး ငေးနေတတ်တယ်။ ဒါကြောင့် ရုရှားနယ်စားကြီးက သူ့ကို.....

"ဘယ်လိုလုပ်များ တီးနေပါလိမ့်ကွယ်၊ တီးလုံးတွေက အပေါ်မှာရှိသလား" လို့ မှတ်ချက်ချပြီး အံ့ဩရသတဲ့။

ရှိုပင်ရဲ့ လှပသေးသွယ်တဲ့လက်ချောင်းကလေးတွေ စန္ဒယားခလုတ်တွေပေါ်မှာ လှုပ်ရှားကစားနေတဲ့အခါမျိုးမှာ သူ့မျက်လုံးတွေဟာ မျက်ရည်တို့ တဖိတ်ဖိတ် တောက်ပနေတတ်တယ်။ သူ့လှုပ်ရှားမှုနဲ့ စန္ဒရားတီးပုံဟာ အံဝင်ခွင်ကျ ... အိပ်မက်ဆန်ဆန်ပါပဲ။

ရှိုပင်ရဲ့ဆံပင်မှာ ရွှေညိုရောင်ပိုးမျှင်များလို သွယ်လျလျရှိနေပြီး မျက်လုံးတွေဟာ ဝင်းလက်တောက်ပနေတတ်ပါတယ်။ ပြီးတော့ ရှိုပင်ဟာ အမြဲလိုလို အဝတ်အစားကို သန့်သန့်ပြန့်ပြန့် ဝတ်ဆင်တတ်ပြီးတော့ အနုအလှကို ကြိုက်တဲ့သူမျိုး၊ ရှိုပင်ရဲ့ အပ်ချုပ်သမားက.....

"သူဟာ အဝတ်အစားကို သိပ်ဂရုစိုက်ပြီး သေချာစေ့စပ်တဲ့သူပါ" ဟု ပြောစမှတ်ပြုသတဲ့။

ရှိုပင်ဟာ သူ့အင်မတန် နေလဲနေချင်၊ ကြောက်လဲကြောက်တဲ့ ပဲရစ်မြို့တော်မှာ သူ့ရဲ့ နောက်ဆုံးရက်များနဲ့ ပတ်သက်ပြီး အမှတ်တမဲ့ ရေးဖွဲ့ကြရာမှာတော့ စန္ဒရားဆရာကြီး လစ်ဇ် က.....







www.burmeseclassic.com

www.burmeseclassic.com



"အခန်းရဲ့တံခါးဝကို စန္ဒယားအရောက် ရွှေ့ထားရတယ်၊ ဒီ နောက်မှာတော့ ပါးပေါ်မှာ မျက်ရည်တွေစီးကျနေတဲ့ ရှိုပင်ရဲ့ တပည့်မလေးဟာ မောနေတဲ့ သူ့ဆရာရှိုပင်ကို စန္ဒယားတီးပြရတယ်၊ တစ်ခါက အဲဒီ တပည့်မလေးကို ရည်ညွှန်းပြီး ရှိုပင်ဟာ သီချင်းတစ်ပုဒ်ကို စပ်ဆိုဖူးတယ်"

လို့ ရေးသားထား ယ်။

တကယ်တော့ ရှိုပင်ဟာ ပဲရစ်မြို့တော်မှာသာ သူ့ဘဝရဲ့ မွေ့လျော်-ချာ ဘူမိနက်သန် ဖြစ်ခဲ့တယ်။

၁၈၃၇ ခုနှစ်မှာ နံမည်ကျော် "ဂျော့စန်" ဆိုတဲ့ ဝတ္ထုရေး ဆရာမလေးတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ ဂျော့စန်ဟာ ပြင်သစ် စာပေသမိုင်းမှာ "အဓိကရ" ထင်ရှားခဲ့သူ စာဆိုအမျိုးသမီးပေါ့။ ဒါ့အပြင် သူ့ရဲ့ ချောမောတဲ့ရုပ်ရည်ကြောင့် "ဘောလဇက်" တို့ "ဟိန်း" တို့ အစရှိတဲ့ ဝတ္ထုရေးဆရာ၊ ကဗျာဆရာတွေရဲ့ အချစ်တော်၊ စာပေ ဂီတနယ်မှာ ထင်ရှားတဲ့ အလှမင်းသမီးလေး တစ်ပါးလို့တောင် ပြောရမှာပါ။

အဲဒီအချိန်က "ရှိုပင်" ရဲ့ အသက်ဟာ ၂၈ နှစ်အရွယ် ဖြစ်ပြီးတော့ "ဂျော့စန်" ဟာ သူနဲ့စတွေ့တဲ့အချိန်မှာ သူက.....





"နာမည်ကြီးဝတ္ထုရေးဆရာနဲ့တွေ့ရတဲ့ ကျွန်တော်ဟာ သူ့ရဲ့မျက်နှာကို သိပ်သဘောမကျလှပါဘူး"

လို့ မှတ်ချက်ချခဲ့ဖူးပါတယ်.....

သူတွေ့တွေ့ချင်း မုန်းနေတဲ့ ဝတ္ထုရေးဆရာမလေး "ဂျော့စန်" နဲ့ ရင်းနှီးပြီး အချစ်ဇာတ်လမ်းကို တည်ဆောက်မိပါတော့တယ်။ ရှိုပင်ဟာ ဂျော့စန်ကို စွဲလမ်းသွားတယ်။

ဉယျာဉ်ထဲမှာရှိတဲ့ ညအမှောင်ရိပ်မှာ စန္ဒရားဆရာပျိုနဲ့ ဝတ္ထုရေးဆရာမ ဂျော့စန်တို့ဟာ တတွတ်တွတ်စကားပြောနေတတ်ကြတယ်။ စန္ဒရားဆရာက ဖြူပျော့ပြောင်းနွဲ့နေပြီး ဝတ္ထုရေးဆရာမက တောင်းတောင့်ဖြောင့်ဖြောင့် အပွေ့အဖက်အယုအယများနဲ့။ ဒါကြောင့်မို့ ဂျော့စန်ကို ယောက်ျားတချို့က "ရက်ရက်စက်စက် ယောက်ျားစားတဲ့မိန်းကလေး" လို့ ခေါ်လေ့ရှိကြတာပေါ့။

ဘာပဲပြောပြော "ဂျော့စန်" ကို ရှိုပင်ဟာ စွဲခဲ့တာကတော့ အမှန်ပါပဲ။ ဒါကြောင့်လည်း ရှိုပင်ရဲ့ အတ္ထုပ္ပတ္တိကို ရေးခဲ့ကြ ဟားဟက်ပူး က.....



www.burmeseclassic.com

"သူမဟာ အချစ်ရေး၊ ကာမရေးနဲ့ပက်သက်ပြီး ကျေနပ်အမှတ်တရထားတဲ့သူ၊ တဏှာရမ္မက်ကြီးပေမယ့် ဉာဉ်ဆိုးမရှိတဲ့သူ၊ ကြင်နာစိတ်၊ ဟန်ဆောင်စိတ်နှင့် သန့်သန့်ရှင်းရှင်း အေးမေစိတ်ရှိပြီးတော့ ယောက်ျားကို မြှူတတ်သူ အဲဒါတွေပေါင်းစပ်ထားသူလို့ပါ"
လို့ သုံးသပ်ရေးသားခဲ့တယ်။

တကယ်တော့ရှိုပင်ဟာ "ဂျော့စန်" ကို သိပ်စွဲလမ်းချစ်ခင်ခဲ့တဲ့သူပါ။ ဒါကြောင့်လဲသူဟာ "ဂျော့စန်" ကိုခေါ်ပြီးတော့ "**မာဇောက**" ကျွန်းကို နှစ်ဦးသား ထွက်ပြေးခဲ့ကြတယ်။

သူတို့ထွက်ပြေးခဲ့တဲ့အချိန်ဟာ နွေဦးရာသီပေါ့ဗျာ၊ သိပ်သာယာတဲ့အချိန်ပဲပေါ့။

❖ ❖ ❖ ❖ ❖

ကျွန်တော်တစ်လျှောက်လုံး ပြောကြားခဲ့သောစကားများကို နားထောင်ကာ ကိုအောင်က ဖျတ်ခနဲ ကျွန်တော့်မျက်နှာကို မော့ကြည့်လိုက်သည်။





"ဒီလိုကမ္ဘာကျော်တဲ့ စန္ဒရားဆရာကြီးရှိုပင်ကတောင် မိန်းမတွေကို သိပ်ချစ်တတ်တာပဲနော် ကိုမြင့်ကြည်"

ကျွန်တော်ကပြုံးလိုက်သည်။

"ဟုတ်တယ်ကိုအောင်၊ လောကကြီးမှာ တစ်ဖက်နဲ့တစ်ဖက် ဓာတ်သဘာဝနှစ်မျိုးပဲရှိတာကိုး၊ ပုထုဇဉ်သဘာဝမှာတော့ ကမ္ဘာကျော်တဲ့သူတွေရဲ့ မိန်းမနဲ့ပတ်သက်တဲ့ ခံစားမှုတွေကလဲ စိတ်ဝင်စားစရာပါပဲ"

"ဒါဆို ကမ္ဘာကျော်စိတ်ကူးသမားတွေနဲ့ မိန်းမတွေအကြောင်း ပြောပြပါလားဗျာ"

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကူးဉာဏ်ကောင်းသော

## ကမ္ဘာကျော်သူတို့နှင့် သူတို့ချစ်သောမိန်းမများ

ကျွန်တော်က စိတ်ကူးဉာဏ်ကောင်းလို့ ကမ္ဘာကျော်တဲ့သူ တွေနဲ့ သူတို့ချစ်တဲ့မိန်းမတွေအကြောင်းကို နောက်တစ်နေ့ ပြောပြဖို့ အာမခံလိုက်မိပါသည်။ ဤသို့ဖြင့် ရွှေလမင်းစားသော ဆိုင်သို့ နောက်တစ်နေ့ နေ့လယ်သုံးနာရီတွင် တွေ့ဆုံရ ချိန်းဆိုလိုက်လေတော့သည်။

ရွှေလမင်းဆိုင်ထဲ ကျွန်တော်ဝင်သောအခါတွင် ထုံး အတိုင်း ဦးညွန့်တင်နှင့် ကိုသိန်းဖော်တို့က ရောက်ရှိနေကြ သည်။ သူတို့နှစ်ဦးသည် စကားလက်ဆုံကျနေရာမှ ကျွန်တော့် မြင်သည်နှင့် ကိုသိန်းဖော်က လှမ်းခေါ်လိုက်သည်။





"လာကိုမြင့်ကြည်..... ခုမှလာတာလား"

"ဟုတ်တယ် ကိုသိန်းဖော်၊ ခုမှအိမ်ကထွက်လာတာ၊ ဘာတွေပြောနေကြတာလဲဗျ"

များသောအားဖြင့် ကိုသိန်းဖော်နှင့် ဦးညွန့်တင်တို့တွေ့လျှင် စာပေစကားဝိုင်းဖြစ်တတ်သည်ကိုသိ၍ ကျွန်တော်ကမေးလိုက် ခြင်းဖြစ်၏။ ဦးညွန့်တင်ကတော့ လူကြီးဖြစ်၍ ပြုံးနေသည်။ ကိုသိန်းဖော်ကတော့ ကျွန်တော့်အမေးကို ကြားသည်နှင့်ပင်.....

"အော်... မိန်းမတွေဟာ အရက်သောက်တဲ့ယောကျ်ားတွေ ကို မကြိုက်ဟဲ့အကြောင်း မကျေနပ်လို့ လက်ခံတာတောင် စိတ်ညစ် စိတ်ဆင်းရဲမှုနဲ့ တောင့်ခံကြရတယ်ဆိုတဲ့အကြောင်း ပါဗျာ"

ဟု ဖြေသည်။

ကိုသိန်းဖော်တို့ဝိုင်းတွင် ကျွန်တော်ဝင်ထိုင်လိုက်သည်။

"ဒါတော့ဗျာ လူ့သဘာဝတွေပါပဲ၊ မနေ့ကတောင် ကျွန်တော့်အိမ်မှာ ကိုအောင်နဲ့ စကားပြောရင်းနဲ့ စန္ဒရားဆရာကြီး ရှိုပင်ဟာ မိန်းမတစ်ဦးကို စွဲလမ်းခဲ့တဲ့အကြောင်း ပြောမိသေး တယ်"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားမဆုံးမီမှာ အသားဖြူဖြူ မျက်နှာပြည့်ပြည့် ဖြင့် ကိုအောင်ကာဝင်လာသည်။ ကျွန်တော်တို့ဝိုင်းမှာဝင်ထိုင်သည်

ကိုသိန်းဇော်က ဘာဖတ်နာသူဖြစ်၍ သူက.....

"ကိုမြင့်ကြည်ကြားဖူးမှာပေါ့ဗျာ၊ ကမ္ဘာကျော်စာရေးဆရာကြီး "လီယိုတော်လီစတွိုင်း" ဟာ သေခါနီး ဘူတာရုံနားက နှင်းတောထဲမှာ လဲနေတယ်၊ ဒီအခါမှာ သူ့တပည့်တွေနဲ့ သူ့ကိုချစ်ခင်တဲ့သူတွေက ဆရာကြီး ကျွန်တော်တို့တာအကူအညီ ပေးရမလဲ ပြောပါလို့ ဝိုင်းမေးကြသတဲ့၊ ဒီအခါမှာ "တော်လီစတွိုင်း" က.....

"မင်းတို့ငါ့ကိုချစ်ရင် ငါအသက်မကုန်ခင် ငါ့မိန်းမကို ငါ့ဆီခေါ်မလာပါနဲ့" လို့ ပြောသတဲ့။ ဒါဟာ ဘာလို့လဲ၊ သူ အသက်ရှိစဉ်အခါက သူ့မိန်းမဟာ ဆရာကြီးရဲ့စာမူတွေ သူများကို ငွေလျှော့ပေးတာ၊ တစ်ခါတလေ အလကားပေးတာတွေအပေါ်မှာ နောက်ယုက်ခဲ့လို့ပဲ မဟုတ်လား။

ကျွန်တော်ကတော့ ထိုအကြောင်းကိုကြားဖူး၍ ကိစ္စမရှိ၊ ကိုအောင်က အံ့အားသင့်သွားသည်။





"ဟောဗျာ ကမ္ဘာကျော် "စစ်နဲ့ငြိမ်းချမ်းရေး" ဝတ္ထုကြီးရေးတဲ့ စာရေးဆရာကြီးတောင် သူတစ်သက်လုံး ပေါင်းခဲ့တဲ့မိန်းမရဲ့ အပေါ်မှာ ဒီလိုသဘောထားသလား"

ကိုအောင့်အမေးကို နောက်ဆုံးဝင်လာသည့် ဦးတင်မောင်က ဝင်ဖြေလိုက်သည်။

"ဟာ..... ကိုအောင် မိန်းမဆိုတာ မိန်းမပဲဗျ၊ ဘာမှ မဟုတ်ဘူး၊ ပညာတတ်တာ ပညာမတတ်တာ၊ ငွေရှိတာ ငွေမရှိတာနဲ့ မဆိုင်ဘူး၊ သူတို့ဟာ သူတို့အလိုမကျရင် ဆန့်ကျင်ပြောဆိုတတ်တဲ့ သဘောသဘာဝချင်းကတော့ အတူတူပါပဲဗျာ"

ဦးတင်မောင်ကို ကိုသိန်းဇော်က လှမ်းကြည့်လိုက်သည်။

"ဘယ်လိုတူတာလဲဗျ"

ကိုသိန်းဇော်က စကားဝိုင်းစည်ကားအောင် တမင် မေးလိုက်ခြင်းပင် ဖြစ်လေသည်။

"ဟာ..... ကျွန်တော့မိန်းမက ကျွန်တော့်ကိုမကျေနပ်ရင် ပူညံ့ပူညံ့လုပ်သလိုပဲ ကျွန်တော်တို့လမ်းထိပ်က ဆရာဝန်မ



www.burmeseclassic.com

www.burmeseclassic.com



မြကြာဖြူကလဲ သူ၊ ကျေနပ်ရင် သူ့ယောက်ျားကို ဆုပူတာပါပဲ လား"

ဦးတင်မောင်စကားကြောင့် တစ်ဝိုင်းလုံးပွဲကျသွားလေတော့သည်၊ ဦးတင်မောင်မှာလည်း စာဖတ်သူ စာပေဆွေးနွေးလိုသူသာ ဖြစ်သောကြောင့် ကျွန်တော်တို့၏စကားဝိုင်းမှာ စိုပြည်လာသည်။

ကိုယ်စားလေ့စားထရှိသော အရာများကိုမှာကြား၍ ကိုယ်သောက်လေ့သောက်ထရှိသောအရာများကို မှာ၍သောက်ကြလေသည်။ ကိုအောင်က သရက်သီးတစ်စိတ်ကိုကိုက်ရင်း.....

"ဒါနဲ့ ကမ္ဘာပေါ်မှာ အရှည်ဆုံးဝတ္ထုရေးနိုင်တဲ့ စာရေးဆရာဟာ တော်လီစတွိုင်းဖြစ်ပြီးတော့ ကမ္ဘာပေါ်မှာ ဇာတ်ကောင်စရိုက်တွေ အစုံဆုံးရေးနိုင်တာ ဝီလျံရှိတ်စပီးယားဆို ဟုတ်လား"

ဟု မေးလိုက်သည်။ ထိုစကားကို ကျွန်တော်က ဝင်ဖြေလိုက်၏။

"ဟုတ်တာပေါ့ဗျာ၊ "စစ်နဲ့ငြိမ်းချမ်းရေးဝတ္ထု" ဟာ ကမ္ဘာပေါ်မှာ အရှည်လျားဆုံးဝတ္ထုပဲ၊ ပြီးတော့ စရိုက်မတူတဲ့ ဇာတ်ကောင်တွေပါတဲ့ ရှိတ်စပီးယားရဲ့ပြဇာတ် (၃၇) ပုဒ်ဟာလဲ ဘယ်သူမှ ယှဉ်လို့မရတဲ့ ကမ္ဘာကျော်စာအုပ်ပဲကိုး"





ကျွန်တော့်စကားကို ကိုအောင်က ခေါင်းညိတ်လိုက်သည်။ စကားဝိုင်းသည် ခေတ္တမျှ ငြိမ်သက်သွားသည်။ ကျွန်တော်တို့ စကားဝိုင်းမှာ လူကြီးစကားဝိုင်းဖြစ်သောကြောင့် စားပွဲထိုး အနှောက်အယှက်ပေးသူတို့ ဝင်ရောက်ထိုင်လေ့မရှိပါ။

ကိုအောင်သည် အရက်တစ်ခွက်ကို ဖိမ်ခံသောက်နေရာမှ မနေ့က သူနှင့် ကျွန်တော်တို့ ချိန်းဆိုခဲ့တဲ့ကိစ္စအကြောင်းကို သတိရသွားလေတော့သည်။

"ကဲ.....ကိုမြင့်ကြည် စိတ်ကူးညဏ်ကောင်းလို့ ကမ္ဘာကျော်ခဲ့ရတဲ့သူတွေဟာ သူတို့ချစ်တဲ့မိန်းမတွေကြောင့် ခံစားရပုံကို ပြောမယ်ဆို ပြောပါဦး"

ကိုအောင်သတိပေးလိုက်မှ ကျွန်တော် ထိတ်လန့် သွား၏။ ကျွန်တော်ထိတ်လန့်သွားတော့ ကျွန်တော့်တွင်မှတ်သားထားသော ကမ္ဘာကျော်သူတို့၏ အကြောင်းအရာ များမှာရှိသော်လည်း ညက စာမဖတ်ဖြစ်ခဲ့။

"နေပါဦး၊ ကျွန်တော်ဘယ်သူ့အကြောင်းက စပြီးပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကပြောခဲ့တဲ့ ရှိုပင်အကြောင်းက စပြောဗျာ၊ ရှိုပင်အသည်းကွဲတဲ့ မိန်းကလေးရှိလား"

ကိုအောင်က မှတ်ဉာဏ်ကောင်းသောကြောင့် အစဖော်ပေးလိုက်သည်။ ထိုအခါ ကျွန်တော်သည် စန္ဒရားဆရာကြီး ဖရက်ဒရစ်ရှိုပင်၏ အကြောင်းများကို ပြန်၍စဉ်းစားရတော့၏။ ဦးညွန့်တင်၊ ကိုသိန်းဇော်နှင့် ဦးတင်မောင်တို့ကတော့ သူ့အတွေးနှင့်သူ ငြိမ်သက်နေကြသည်။

"အင်း .....ကမ္ဘာကျော်စန္ဒရားဆရာကြီး ရှိုပင်စွဲခဲ့တဲ့ မိန်းမရှိသလို သူချစ်ပြီးတော့ သူနဲ့ လက်မထပ်ရလို့ အသည်းကွဲခဲ့ရတဲ့ မိန်းမတစ်ယောက်လဲ ရှိခဲ့တာပဲပေါ့"

ကျွန်တော့်စကားကြောင့် ကိုသိန်းဇော်က ခေါင်းမော့လာသည်။

"ပြောစမ်းပါဦး၊ ရှိုပင်က ဘယ်မိန်းကလေးအတွက်နဲ့ အသည်းကွဲခဲ့ရတာလဲ"

ထိုအခါအခွင် ကျွန်တော့်မှာ စဉ်းစား၍ ဖတ်ဖူးသမျှကို ဖြေကြားဖို့ တာဝန်တစ်ရပ် ဖြစ်လာလေတော့သည်။





"ဒီလိုပါဗျာ၊ ရှိုပင်ဟာ ကျန်းမာရေးသိပ်ကောင်းတဲ့သူတော့ ဟုတ်ဘူး၊ သူဟာ ၁၈၃၅ ခုနှစ်မှာ ပဲရစ်မြို့က ခွဲခွာလာပြီးတော့ က်စဒင်ကို သွားခဲ့တယ်၊ အဲဒီအရပ်ဒေသမှာ သူငယ်ငယ်လေး န်းက အသားညိုညို အရပ်မြင့်မြင့် ဆံပင်နက်နက်နဲ့ မာရီယာ" နဲ့ ဆုံခဲ့ဖူးတာပေါ့၊ ကမ္ဘာကျော်စန္ဒရားဆရာကြီးရှိုပင် ငယ်စဉ်က "**မာရီယာအတွက်**" ဆိုတဲ့ တေးတစ်ပုဒ်ကို ဆိုခဲ့တာပေါ့၊ မာရီယာက သူ့ကို နှင့်ဆီတစ်ပွင့် ပြန်ပြီး ခဲ့တယ်.....

"ပြီးတော့ သူတို့နှစ်ယောက်ကို စေ့စပ်ကြောင်းလမ်း ခဲ့ကြ တယ် ဆိုပါတော့၊ ဒါပေမယ့် စန္ဒရားဆရာကြီးရှိုပင်ဟာ ကိုမက်မောတဲ့သူ မဟုတ်ဘူး၊ သူဟာ အနုပညာတွေမှန်တီးပြီး နုပညာကိုသာ မက်မောတပ်မက်တတ်တဲ့သူမျိုး ဖြစ်ခဲ့တယ်၊ သူဟာ တေးဂီတကိုစပ်ဖို့ သီချင်းတီးဖို့ကိုသာ အားပုံထိုက်တဲ့သူမျိုး ။ ဒီတော့ ငွေနဲ့ ဂုဏ်ပကာသနတွေကိုမက်မောတဲ့ မာရီယာရဲ့ ာတွေဟာ ရှိုပင်ကို သားအရင်းသိုချစ်ပေမယ့် သူတို့ရဲ့သမီးကို ပင်နဲ့ပေးစားဖို့ကိုတော့ သဘောမတူခဲ့ကြတော့ဘူး၊ တစ်နှစ် လောက်ကြာတဲ့အခါမှာတော့ မာရီယာဟာ ကြွယ်ဝချမ်းသာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးတစ်ဦးနဲ့ လက်ထပ်လိုက်တော့တယ်.....

"ဒီအတွက် ရှိုပင်ဟာ သိပ်စိတ်ဆင်းရဲမှုကို ခံစားရပြီးတော့ စိတ်ပြေလက်ပျောက် လန်ဒန်မြို့ကို ထွက်ခွာသွားခဲ့တော့တယ်၊ သူကွယ်လွန်တဲ့အခါ သူ့ထံမှာ မာရီယာရဲ့ ရေးခဲ့တဲ့စာတွေကို တွေ့ခဲ့ကြရတယ်။ စာနဲ့အတူတူ မာရီယာက လက်ဆောင်ပေးခဲ့တဲ့ နှင်းဆီပွင့်ကိုပါ တွေ့ခဲ့ကြရတယ်၊ အဲဒီစာနဲ့နှင်းဆီပွင့်ကို ထုပ်ထားတဲ့ အထုပ်မှာ "**ငါ၏ဝမ်းနည်းခြင်း**" လို့ ရှိုပင်က စာတမ်းထိုးထားတာ တွေ့လိုက်ကြရသတဲ့"

ကျွန်တော့်စကားအဆုံးတွင် အရက်ခွက်ကို ကောက်ကိုင်လိုက်သည်။ ပြီးနောက် ရင်ဘဲတွင် နွေး၍သွားအောင် မော့သောက်လိုက်တော့၏။ အားလုံးသည် ကမ္ဘာကျော် စာရေးဆရာကြီးရှိုပင်၏ ခံစားမှုကို တွေးတောကာ ငြိမ်သက်နေကြသည်။

"ဒါဆိုရင်တော့ဗျာ ဂုဏ်သကာသနကိုမက်တဲ့ ကမ္ဘာကျော် စာရေးဆရာကြီးရဲ့ချစ်သူက ရက်စက်ရာကျတာပေါ့"

ထိုစကားကို ကြေကြေကွဲကွဲ ပြောလိုက်သူမှာ ကိုအောင်ပင် ဖြစ်သည်။





"အင်း..... စိတ်မချမ်းသာစရာတွေကို ဆက်ပြောရမယ်ဆိုရင် တော့ "မာရီယာ" လက်ထပ်သွားတယ် ဆိုတဲ့သတင်းဟာ ၁၈၃၁ ဝါဆောမြို့ကြီး ကျဆုံးသွားပြီဆိုတဲ့သတင်းလိုပဲ ရှိုပင်အတွက်တော့ နာကြည်းစရာကောင်းလှတာပေါ့၊ ရှိုပင်ဟာ ဒီအရေးတော်ပုံဖွေနဲ့ ပတ်သက်ပြီးတော့ တေးတစ်ပုဒ်ကိုတောင် စပ်ဆိုခဲ့သေးတယ်၊ သူ့သီချင်းကတော့ တိုင်းပြည်အတွက် နာကြည်းစရာတွေကြားထဲက စပ်ဆိုခဲ့တဲ့ "**တော်လှန်ရေးအရေးတော်ပုံ**" လို့ အမည်ရတဲ့ သီချင်းတစ်ပုဒ်ပါပဲ"

ကျွန်တော့်စကားအဆုံးတွင် ဦးညွန့်တင်က သူယူလာလေ့ရှိသော သူ့သတင်းစာကို ပြန်ခေါက်ကာ သူ့အိတ်ထဲသို့ ထည့်လိုက်၏။ ကိုသိန်းဇော်သည် ကျွန်တော့်ကို လှမ်းကြည့်လိုက်သည်။

"အနုပညာသမားတစ်ယောက်ရဲ့ဘဝမှာတော့ မိန်းကလေးတစ်ယောက်မကနဲ့ ဆုံကြုံဖူးကြတာပါပဲဗျာ၊ ခင်ဗျားမှတ်မိမလားတော့ မသိဘူး၊ ရှိုပင်ဟာ ဝါဆောမြို့ တူရိယာဂီတကျောင်းမှာ နေတုန်းက "ကွန်စတင်ရှာ" ဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ တွေ့ခဲ့ဖူးသေးသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဇော်က ဝင်ထောက်လိုက်တော့မှ ကျွန်တော် တစ်စုံတစ်ရာကို သတိရမိလိုက်သည်။

"ဟုတ်တယ် ကိုသိန်းဇော်၊ ကျွန်တော် အမှတ်ရပြီ၊ ဒီတုန်းက ရှိုပင်ဟာ အသက် (၂၀) အရွယ်၊ ပိုလန်ပြည်က နေပြီးတော့ ပဲရစ်မြို့ကို မထွက်ခွာမီ အချိန်ကလေးကပဲ၊ ရှိုပင်ဟာ သူ့ကိုရည်ရွယ်ပြီးတော့ သီချင်းတစ်ပုဒ် ရေးဖွဲ့ခဲ့ဖူးတာပဲ၊ သူ ပြန်ပြောတဲ့အထဲမှာ.....

"၆ လတိုင်တိုင် သူ့အကြောင်းတွေ ဆက်ပြီးတော့ ညတိုင်း အိပ်မက်မက်ခဲ့တယ်၊ ဒါပေမယ့် နေ့ခင်းကျရင်တော့ သူ့ကို စကားတစ်ခွန်းမှ မပြောရဲတော့ဘူးတဲ့၊ ဒါကြောင့်လဲ ရှိုပင်ရဲ့ သူငယ်ချင်းတွေဟာ 'ရှိုပင်ဟာ သူ့ကိုယ်သူ နှစ်နေတာပဲ' လို့ မှတ်ချက်ချကြတာပေါ့"

ကျွန်တော့်စကားဆုံးသောအချိန်မှာ မိတ်ဆွေများအားလုံးမှာ အခြေအနေကောင်းနေကြပြီ ဖြစ်လေသည်။

"မိန်းကလေးတစ်ယောက်ကိုချစ်တာများ ဆန်းသလားဗျာ၊ ကိုယ်ချစ်တဲ့မိန်းကလေးတစ်ယောက်က မချစ်လို့ ဝမ်းနည်းရတာလဲ မဆန်းပါဘူးဗျာ"





ထိုစကားကို ပြောလိုက်သူမှာ အရှိန်ရနေပြီဖြစ်သော ဘစ်ဖက်ဝိုင်းမှ ဦးသန်းလွင်ပင် ဖြစ်လေသည်။

ဦးသန်းလွင်၏ အသံကြားလျှင် စကားကောင်းပြော၍ မရနိုင်တော့ကြောင်း အားလုံးသဘောပေါက်ကြသည်။ ထို့ကြောင့် ဆိုင်ရှင်ဦးတင်ရွှေက အရောင်းကောင်တာမှ ထွက်လာပြီး.....

"ဦးသန်းလွင် ခင်ဗျားပါးစပ်ပိတ်ထားဗျာ၊ မူးရင်လဲ အိမ်ပြန်တော့၊ ဟိုဝိုင်းက စာသမားဝိုင်း၊ ခင်ဗျားပါးစပ်ကိုပိတ်ထား" ဟုဝင်၍ ဟောက်လိုက်လေတော့သည်။ ထိုအခါတွင်မှ ဦးသန်းလွင်သည် ကျွန်တော်တို့နားမှ အခြားဝိုင်းသို့ ပြောင်းရွှေ့သွားလေတော့၏။

ဦးညွန့်တင်က သူနေထိုင်သော ၄၆ ရပ်ကွက်သို့ ခပ်ဝေးဝေးပြန်ရမည်ဖြစ်သောကြောင့် လမ်းလျှောက်၍ပြန်ရန် ထလိုက်သည်။ ကိုသိန်းဇော်လည်း ထရပ်လိုက်ပြီ ဖြစ်လေသည်။

ထိုအချိန်တွင် ကျန်ခဲ့သူများမှာ ထုံးစံအတိုင်း ကိုအောင်၊ ဦးတင်မောင်နှင့် ကျွန်တော်သာ ဖြစ်ပါလေတော့သည်။ တစ်ချိန်လုံးငြိမ်နေသော ဦးတင်မောင်က ခေါင်းထောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ကိုမြင့်ကြည်ရ စကားဆက်စမ်းပါဦး၊ အဲဒီ ရှိုပင်ဆိုတဲ့ စန္ဒရားဆရာကြီးဟာ တခြားမိန်းကလေးတွေ အတွက်ရော စိတ်ခံစားမှု မဖြစ်ခဲ့တော့ဘူးလား"

ဦးညွန့်တင်မှာ အသက်အရွယ်ကြီးရင့်သူပီပီ လူ့သဘာဝ သဘောများကို သိပုံရသည်။ ရှိုပင်နှင့်ပတ်သက်သော အခြား မိန်းကလေးတစ်ဦးနှင့် ပတ်သက်သည့်ကိစ္စကို သူသိရှိ နားလည် လိုပုံရလေသည်။ သူမေးတော့မှပင် ရှိုပင်နှင့် ပတ်သက်သော နောက်ထပ်မိန်းကလေးတစ်ဦးကို သတိရလာမိပြန်တော့၏။ အမှန်တော့ ရှိုပင်သည် "အနုပညာ"တည်းဟူသော အာရုံခံစားမှု ထဲတွင် နှစ်မြှုပ်ကာ သူ့ဘဝကို စွန့်လွှတ်လိုက်သူသာ ဖြစ်လေသည်။ သူသည် ကျန်းမာရေးမကောင်းသည့်ကြားကပင် အင်္ဂလန်ပြည်သို့ လှည့်လည်ကာ သူ၏ ကပွဲများကို ကျင်းပ ပေးခဲ့လေသည်။

သူ၏တီးလုံးတီးကွက်နှင့် တေးကဗျာများကို အများခံစားနိုင် ရန် သီဆိုတီးခတ်ဖျော်ဖြေပေးခဲ့လေသည်။ ထိုနေ့ရက်များသည် ရှိုပင်ကို အမှတ်တရဖြစ်စေသော နောက်ဆုံးနေ့ရက်များဟု ဆိုရပေမည်။

❀ တင်မော် (စာတု) စာပေ ❀



"ဦးတင်မောင်မေးတော့လဲ ကျွန်တော်ပြောရမှာပေါ့ဗျား တကယ်တော့ သူဟာ ကျန်းမာရေးသိပ်နည်းနေတဲ့ကြားထဲက သူ့တပည့်မ ပြို့စားမင်းသမီးလေး "ပိုတိုကာ" ရဲ့ ပြုစုယုယမှုကို ခံနေရရှာပါတယ်၊ အနုပညာသမားတွေဟာ ဒီလိုပဲ သံယောဇဉ် ရယ်၊ ဆင်းရဲခြင်းရယ်၊ နှစ်သိမ့်မှုရယ်ကို ယှဉ်တွဲခံစားတတ်တာ ပါပဲ"

ကျွန်တော်သတိရ၍ ပြောလိုက်သောစကားကို အားလုံး သည် ဂရုပြုဟန်မတူတော့။ အချိန်ကား လင့်လေပြီ။ သူတို့သည် ကျွန်တော့်အနီးမှ အလျှိုအလျှို ထပြန်သွားကြတော့သည်။ ဗိုလ်မင်းရောင်လမ်းပေါ်ရှိ (၄၂)ရပ်ကွက်မှ "ရွှေလမင်းစား သောက်ဆိုင်" ထဲတွင် လူကြဲသွားသည်။

ဦးတင်မောင်နှင့် ကိုအောင်ပါ ကျွန်တော့်ကို နှုတ်ဆက်၍ ပြန်သွားကြပြီဖြစ်လေသည်။ ကျွန်တော်လည်း ထ၍ပြန်လာခဲ့ သည်။ ထိုအခါ "ရွှေလမင်းဆိုင်ဘေးရှိ" "အောင်နိုင်ဖြိုးသစ်ဆိုင်" သစ်ပုံပေါ်တွင် မိန့်မိန့်ကြီး အိပ်နေသော ဦးသန်းလွင်နှင့် ကိုကျော်မင်းတို့ကို တွေ့လိုက်ရ၏။

"ကိုမြင့်ကြည် မီးတစ်တို့လောက်"

❀ တင်မော် (စာတု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



သစ်ပုံပေါ်မှဆင်းလာသူတစ်ဦးက ကျွန်တော့်ကို မီးညှိဖို့ တောင်းသည်။ ကျွန်တော်လှည့်ကြည့်လိုက်မိ၏။

အရက်ဆိုင်တွင် ကိုယ့်အိုး ကိုယ့်အိမ်လို နေထိုင်တတ်သော "ကျော့ဂ်ဇော" ကို တွေ့လိုက်ရတော့သည်။ ခရစ်စမတ်နီးလာပြီ။ ရာသီဥတုသည် ပို၍အေးမြလာ၏။

ကျွန်တော်သည် ရှိုပင်၏အကြောင်းကို တစ်ယောက်တည်း ဆက်လက်တွေးတောရင်း ဗိုလ်မင်းရောင်လမ်းအတိုင်း လျှောက်လှမ်းလာခဲ့သည်။ ညသည် အေးစက်တိတ်ဆိတ်နေ၏။ ဗိုလ်မှူးဗထူးလမ်းဘက်သို့ ရောက်သောအခါ အ-ထ-က (၄) ကျောင်းရှိရာ ကျွန်တော့်အိမ်ဘက်သို့ ကဏ္ဍရာလမ်းအတိုင်း ကွေ့လာခဲ့သည်။

ဆောင်းညသည် နှင်းမြူများဖြင့် မှုန်မှိုင်းရီဝေလျက်ရှိသည်။ ၁၈၄၈ ခုနှစ် နှင်းမြူများကြားတွင် ရှိုပင်သည်လည်း ဤကဲ့သို့ပင် အေးမြသောနှင်းများကြားမှ လန်ဒန်မြို့တော်သို့ ရောက်လာခဲ့သည်။ တစ်ပတ်ခန့်ကြာအောင် သူနေသည်။ ထိုအခါတွင် သူက.....





"သိမ်ကိုမှောင်ရီ ဝေဝါးနေသည်။
သိမ်ကိုရီဝေနေပါသည်။
သည်တစ်နေ့တော့ နေသည် မှုန်မြူကာလာပါ၏။
သို့သော်လည်း ကျွန်တော်ကား ရှန်းထကာ
အဆုံးသတ်ကို စောင့်မျှော်လျက်ရှိပါသည်"

ဟု ရေးမှတ်ခဲ့သည်။

ရှိုပင်သည် ကျန်းမာရေးမကောင်းသည့်ကြားကပင် ဧည့်ခံပွဲ ပေါင်း များစွာကို ဆက်လက်ဖျော်ဖြေတင်ဆက်ခဲ့သည်။

ဖယ်မောက်မြို့စားရှိရာသို့သွားရင်း အိမ်တော်ခန်းမသို့ ဝင်သောအခါတွင် ခါးကိုကုန်းကာ ရှိုပင်သည် ချောင်းကို တဟွတ်ဟွတ်ဆိုးနေလေသည်။ ထိုဂီတပွဲတော်သို့ တက်ရောက်ခဲ့သူတစ်ဦးက.....

"ဤကဲ့သို့ ပိန်လှီနွမ်းလျနေသော လူတစ်ဦးက ထူးခြားဆန်းသစ်၍ အင်မတန်တိုတောင်းလှတဲ့လက်သံနဲ့ တီးကွက်တွေ တီးနိုင်သည်မှာ မယုံနိုင်လောက်အောင်ပင်ဖြစ်သည်"

ဟု မှတ်တမ်းတင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်များကတော့ ရှိုပင်အတွက် အားအင်ဖျော့တော့စွာနှင့် သူချစ်မြတ်နိုးသော အနုပညာကို အသက်ပေးကာ တာဝန်ထမ်းဆောင်ခဲ့ခြင်းပင်ဖြစ်လေသည်။

ရှိုပင်သည် နောက်ဆုံးရက်များမှာပင် အနုပညာကို နှစ်သက်ခံစားလျက်ရှိသည်။ သူသည် သေခါနီးတွင် သူ့တပည့်မလေး၏ စန္ဒရားသံကို ယှဲ့ယှဲ့လေးဖြင့် နားထောင်နေ၏။ သူ၏အနီးတွင် သူ့အစ်မနှင့် ချစ်သူကောင်း "ဂျော့စန်" တို့ ရှိနေကြသည်။

ရှိုပင်သည် အားနည်းချိနဲ့သည့်ကြားမှပင် အနိုင်နိုင်ရုန်းကန်ကာ စာတစ်ကြောင်းကို ရေးခြစ်မှာကြားခဲ့လေသည်။ ထိုစာမှာ

"တောင်းပန်လိုက်ပါတယ်ကွယ်
ဒီမြေကြီးဟာ ငါ့ကို မွန်းကြပ်လှလို့ပါ
ငါ့အလောင်းကို ဖွင့်ထားကြစမ်းပါ"

ဟူ၍ဖြစ်သည်။

ဒီဇင်ဘာ၏ဆောင်းညသည် အေးမြလွမ်းမောဖွယ်ကောင်းလှသည်။ ၄၈ ရပ်ကွက်ဘက်မှ ခရစ်စမတ်သီချင်းသံသည် ဂပ်သဲ့သဲ့ထွက်ပေါ်လာသည်။





ကျွန်တော့်အိမ်ရှေ့မှ ဓာတ်တိုင်သည် မီးပျက်နေ၏။ လူကားထစ်မရှိဘဲ ဖြစ်သလိုခင်းထားသည့် အိမ်အဝင်လမ်းပေါ် ကျွန်တော်ဆင်းလာခဲ့သည်။ ဘဝဆိုသည်မှာ ဤသို့ပင် အိမ်သို့ပြန်နိုင်သောအခါ ပြန်၍မပြန်နိုင်သောအခါ ရောက်ရာနေရာမှ စွန့်ခွါသွားရသည်ဖြစ်ကြောင်း ကျွန်တော်တွေးလာမိသည်။

ကျိုးတိုးကျဲတဲ တံတားပေါ်ရောက်သောအခါ ရှိုပင်နှင့် ပတ်သက်သော အတွေးများကို ကျွန်တော်သည်ခေါင်းထဲမှ ထုတ်ပယ်လိုက်ရလေတော့သည်။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ကူးဉာဏ်ကောင်းသောကမ္ဘာကျော်တို့၏ ဘေးဒုက္ခများ

လူ့ဘဝ၌ ပစ္စုပ္ပန်ကို မကျေနပ်လျှင် အတိတ်၏ ဝမ်းနည်းဝမ်းသာဖွယ်ကိစ္စများကို တွေးတောကာ ဆင်ခြင်နှစ်သိမ့်နေတတ်သူမျိုးရှိလေသည်။ အတိတ်ကာလတွင်လည်း ကောင်းခြင်း၊ ဆိုးခြင်း၊ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းစသဖြင့် စိတ်ခံစားမှုအမျိုးမျိုးကို ခံစားခဲ့ကြရ၏။

သို့သော် အတိတ်က အလွန်ဝမ်းနည်းကြေကွဲစရာကောင်းသော ကိစ္စသည် ယခုအခါ၌ ပြုံးစရာ ဖြစ်တတ်သကဲ့သို့ အတိတ်က ဟက်ဟက်ပက်ပက် ရယ်မောပျော်ရွှင်စရာတို့





သည်လည်း ယခုအခါ၌ ဝမ်းနည်းကြေကွဲစရာတို့ ဖြစ်နေ…တ်ပေသေးသည်။ အဘယ်ကြောင့်နည်း။

လူသည် အတိတ်က ဝမ်းနည်းစရာ၊ ဒုက္ခများ၊ အခက်အခဲများကို ယခုအခါ လက်တွေ့ မျက်တွေ့ မခံစားရတော့သောကြောင့် ဖြစ်စဉ်ကကဲ့သို့ လေးနက်သောသဘောမရှိ။ ထို့ကြောင့် ရည်းစားနှင့်ချိန်းတွေ့စဉ်က သေရေးရှင်ရေးကို ယခုအခါ ပြုံးစရာရွှင်စရာ ပေါ့ပေါ့ဖြစ်သွားရခြင်းဖြစ်၏။

သို့သော်.....

ထိုသို့သော်မှာကား စဉ်းစားစရာသို့သော်ပင် ဖြစ်လေသည်။ အတိတ်ကပျော်စရာများ၊ စိတ်ချမ်းသာစရာများ၊ ကြည်နူးနှစ်သက်စရာများကို ယခုအခါတွင် ပြန်လည်တွေးတောကာ ဝမ်းနည်းခြင်း (အချို့သူတို့) မျက်ရည်ကျခြင်းတို့သည် အဘယ်ကြောင့် ဖြစ်ပွားကြရသနည်း။

တွေးစရာရှိပါသည်။

စဉ်းစားစရာတွေရှိပါသည်။

လူသည် ပျော်ချင်၏။ ကျေနပ်ချင်၏။ သာယာချမ်းမြေ့သောဘဝကိုသာ လိုချင်တတ်မြဲဖြစ်၏။ သို့သော် လူ့ဘဝသည်



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခနှင့်သုခတွဲနေသော လောကကြီးသာဖြစ်၏။

ချမ်းသာချည်းပဲ လိချင်၍မရ။

ဆင်းရဲချည်းပဲ ခံချင်၍လည်းမဖြစ်။

ထို့ကြောင့် အသက်အရွယ်အလိုက် ငယ်စဉ်က ဖြစ်ခဲ့ကြုံခဲ့သော ကောင်းခြင်း ဆိုးခြင်းတို့ကို တွေးကာ လွမ်းမောတသတတ်ကြသည်။

ဖြစ်ခဲ့စဉ်ကနှင့် နောက်အတွေးတို့တွင် ထိုအခါ ခြားနားခြင်းသဘောရှိသည်ဟုပင် ဆိုနိုင်လေသည်။ အဘယ့်ကြောင့်ဆိုသော် ငယ်စဉ်အခါက စွန့်စား၍ ဘေးဒုက္ခနှင့် ရင်ဆိုင်ခဲ့ရာမှ အသက်မသေသည်ကို ယခုနေ၍ ပြန်၍တွေးတောသောအခါတွင်.....

"အင်း..... အဲဒီတုန်းက လူတွေဝိုင်းရိုက်လို့ ငါမသေတာကံကောင်းတာပဲ"

"အဲဒီတုန်းက ငါရေထဲပြုတ်ကျတာ ကယ်တဲ့သူရှိလို့ပေါ့"

"ဟာ.....ဘယ်ပြောကောင်းမလဲ၊ အဲဒီဓားက ငါ့ခေါင်းနားက ဂုစ်ခနဲ ဖြတ်သွားပြီး သစ်ပင်ကိုထိတာ"

စသည်ဖြင့် ဘေးဒုက္ခရောက်ခဲ့ခြင်း၊ ထိုဘေးဒုက္ခများနှင့်

❀ တင်မော် (ဓာတု) စာပေ ❀



ကြုံခဲ့ခြင်းတို့ကို တွေးတောကာ ကျေနပ်တတ် နှစ်သိမ့်တတ်ကြသည်။

သို့သော် ပျော်ရွှင်ရယ်မောရခြင်း၊ အောင်မြင်ခဲ့ခြင်း၊ စိတ်ကျေနပ်ခြင်းတို့ကို ပြန်တွေးသောအခါတွင်ကား ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းတို့သာ ဖြစ်လေ့ရှိကြတော့၏။

ငယ်ရည်းစားနှင့် ပျော်ခဲ့ရသည်ကိုတွေးကာ ဝမ်းနည်းအမှတ်ရခြင်း။

ခွဲခွာသွားသော မိသားစုများကို သတိရကာ မျက်ရည်ကျခြင်းတို့သည် ထိုသဘောတရားတို့ပင်ဖြစ်သည်။

ကျွန်တော်သည် ကိုယ့်အတွေးဖြင့် ကိုယ်တွေးကာ ဓာတ်လှေကားထဲဝင်လိုက်၏။ မျက်စိတစ်ဖက်ကောင်းသော "ဦးနီတွတ်" က ဓာတ်လှေကားထဲပြေးဝင်လာကာ ခလုတ်နှိပ်မောင်းနှင်ပေးသည်။

သုံးထပ်သို့ရောက်သောအခါ ဓာတ်လှေကားသည် ငြိမ့်ခနဲရပ်သွားတော့၏။ ဖွင့်ပေးသောတံခါးမှ ကျွန်တော်ထွက်ကာဘယ်ဘက်သို့လှမ်းလိုက်သည်။ ရှေ့တွင် "စာတည်းဌာန" ဟူသော ဆိုင်းဘုတ်ကိုချိတ်ထား၏။

❀ တင်မော် (ဓာတု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသည် ကျွန်တော်လာနေကျနေရာ ထိုနေရာရှိ မြင်ကွင်းအားလုံးကို ကျွန်တော်သည် မှတ်မိနေ၏။ ဆိုင်းဘုတ်အောက်မှ ဝင်ဝင်ချင်း မှန်ဗီရိုတစ်ခု ထိုမှန်ဗီရိုထဲတွင် အင်္ဂလိပ်စာအုပ်များရှိ၏။ ထိုနေရာကိုကျော်လျှင် အပြာရောင်ဆေးများ ရေးခြယ်ထားသော အခန်းများရှိနေမည်။

ထိုအခန်းများ၏လိုက်ကာကို စိမ်းပြာနုရောင်များတပ်ဆင်ထား၏။

ထိပ်ဆုံးမှအခန်းတွင် ဆရာဦးစိုးမြင့် ထိုင်သည်။ နောက် ဦးမျိုးမြင့်သောင်း၊ နောက် ဦးခင်စိုး၊ ပြီးတော့ ဆရာမဒေါ်မြမြသန်း၊ တာဝန်ခံစာတည်းများ၏ အခန်းများပင် ဖြစ်လေသည်။

အလယ်တွင် ခန်းမကျယ်ရှိ၍ ဘယ်ဖက်တွင်ရှိသော ထိပ်ဆုံးအခန်းသည် စာတည်းဌာန၏ စာကြည့်တိုက်ဖြစ်သည်။ စာတည်းများစာရှာရန်၊ စာပေသုတေသန ပြုစုနိုင်ရန်အတွက် ဆရာဦးစံထွား၊ ဆရာဦးတင်ကြီး၊ မြို့မဆရာဟိန်း၊ နတ်မောက်ဘုန်းကျော်စသူတို့ စုဆောင်းထားခဲ့ကြသော စာအုပ်များကို ထိုစာကြည့်တိုက်တွင် ထိန်းသိမ်းထားသည်။





ကျွန်တော်မှတ်မိသမျှတော့ "ရှုမဝမဂ္ဂဇင်း"၊ "ငွေတာရီမဂ္ဂဇင်း"၊ "မြဝတီမဂ္ဂဇင်း" မှအစ ရှိသမျှ မဂ္ဂဇင်းတို့ အတွဲ (၁) အမှတ် (၁) မှ နောက်ဆုံးထွက်ရှိသည်အထိ ထိုအခန်းထဲတွင် ရှိနေသည်သာ။

စာကြည့်တိုက်သို့မဝင်မီ မှန်ဗီရိုရှည် (၃) လုံးဖြင့် တည့်သွင်းထားသော စာအုပ်များမှာလည်း အဆင့် (၄) ဆင့် မျက်နှာနှစ်ဘက်ဖြင့် ပြည့်ကျပ်နေသည်။ ထိုအထဲတွင် ကမ္ဘာ့စာပေများကို လေ့လာနိုင်သော ဒဿနိကဗေဒဆိုင်ရာ၊ ဇီဝဗေဒဆိုင်ရာ၊ စက်မှုသိပ္ပံဆိုင်ရာ၊ လူမှုဗေဒ၊ ဘောဂဗေဒဆိုင်ရာ စသည်ဖြင့် အမျိုးအစားပေါင်း စုံလင်လှတော့သည်။ ထိုဘဏ္ဍာတိုက်ကြီးမှာ ကျွန်တော် မကြာခဏ ရှာဖွေဖတ်ရှုခဲ့ရသော ဘဏ္ဍာတိုက်ကြီးပင် ဖြစ်သည်။

ထိပ်ဆုံး ထိုမှန်ဗီရိုဘေးကွင်ရှိသည့် ဘယ်ခြမ်းအခန်းမှာတော့ (ယခင်) စာတည်းဒေါ်အေးတင်နှင့် စာတည်းမောင်လှိုင်တို့ ထိုင်ခဲ့ကြသည်။

ထိုမှ ရှေ့ဆက်လျှင် ကိုခင်မောင်လေး၊ ဦးဉာဏ်ဝင်းတို့ ထိုင်သောအခန်းသို့ ရောက်ရှိနိုင်၏။ နောက်တစ်ခန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးညွှန့်ဟန်နှင့် ဒေါ်ကြင်ရွှေတို့နေသောအခန်း။

"ကိုမြင့်ကြည် ဒီအခန်းမှာ နေပေါ့ဗျာ"

မုံရွာဝင်းဖေ (စာတည်းမှူးဦးဝင်းဖေ) က ကျွန်တော့်ကို

နေရာချထားပေးသည်။ ကျွန်တော် အခန်းတွင်းသို့ ဝင်လိုက်သော

အခါ ပြုံးရွှင်နေသော ကိုအောင်လှထွန်းနှင့် ဦးစစ်သိန်းတို့ကို

တွေ့လိုက်ရသည်။

ကျွန်တော်သည် ညှော်နံ့နံ့နေသော စားသောက်ဆိုင်

ဘေးနှင့်ကပ်နေသည့် ပြတင်းတံခါးတစ်ချပ်ရှိရာတွင် စား

တစ်လုံးဖြင့် ထိုင်လိုက်ရတော့သည်။

"အင်း.....ခင်ဗျားထိုင်တဲ့စားပွဲက စာတည်းဦးလှဖေမြင့်

ထိုင်ခဲ့တဲ့ စားပွဲပဲပေါ့ဗျာ၊ ခုတော့ သူဆုံးသွားရှာပြီ၊ မြန်မာစာ

ညွှန့်ပေါင်းတွေလုပ်တုန်းက ခင်ဗျားကို သူတွေ့ချင်လို့

တစ်မေးတည်း မေးနေတာ"

ကျွန်တော်ထိုင်လျှင်ထိုင်ချင်း ဦးစစ်သိန်းက ကျွန်တော့်ကို

ပြောသည်။

တကယ်တော့ ဦးလှဖေမြင့်သည် လူတော်တစ်ဦးသာ

ဖြစ်သည်။ သူသည် စာစီစာကုံးတစ်အုပ်ကိုပင် ရေးသားထုတ်ဝေ





ခဲ့သည်။ ကျွန်တော် စာတည်းဌာနမရောက်မီမှာပင် သူဆုံးပါး

သွားရှာတော့သည်။

ကျွန်တော်သည် ထိုစားပွဲတွင်ထိုင်ကာ ပြည်သူ့လက်စွဲ

စာအုပ်များကို တည်းဖြတ်ဖတ်ရှုခဲ့သည်။ သို့သော် ကျွန်တော်ကား

ဖင်မြဲသူမဟုတ်ခဲ့ပါချေ။

ဤသို့ ဘဝကို ပြန်တွေးကြည့်ရာမှ ကမ္ဘာကျော်စာပေ

သမားတို့၏ နေပုံထိုင်ပုံကို ကျွန်တော်တွေးကြည့်မိတော့သည်။

စာပေသမားဟူသည်မှာ လွတ်လပ်မှုကို နှံမင်တတ်ကြသူ

များပင်တကား။ သူတို့သည် ဘဝဌ်ဖြစ်သလိုနေသည်၊ ကြုံရာ

လုပ်သည်၊ ဆင်းရဲဒုက္ခခံသည်။

ဂုဏ်၊ငွေနှင့်အာဏာကို ရှိသည်ဟုပင် ထင်ကြသူများ

မဟုတ်။

ထိုအကြောင်းကို ကမ္ဘာကျော် စာရေးဆရာကြီး

"အားနက်(စ်)ဟဲမင်းဝေး" က ပြောပြနေလေသည်။

အားနက်(စ်)ဟဲမင်းဝေး သည် ကမ္ဘာကျော် "ပင်လယ်ပြာ

နှင့် တံငါအို" ဝတ္ထုကို ရေးဖွဲ့ခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စာပေသမားတို့က **စပိန်နှင့် အာဖရိကကို** ချစ်သောစာဆိုဟု ဆိုကြသည်။ သူသည် စပိန်နိုင်ငံတွင် ပျော်သကဲ့သို့ အာဖရိကတွင် အမဲလိုက်ရခြင်းကိုလည်း ပျော်ဘတ်သူဖြစ်သည်။

**အားနက်(စ်)ဟဲမင်းဝေး** သည် စွန့်စားမှုနှင့် သက်ဆိုင်သော **"The keller"** ကဲ့သို့ ဝတ္ထုတိုများ၊ ဒုစရိုက်သရုပ်ဖော် စာပေများရေးရင်းဖြင့် ကမ္ဘာကျော်ခဲ့လေသည်။

သို့သော် သူသည် ငါးမျှားရင်း၊ ဝတ္ထုရေးရင်းဖြင့် နောက်ဆုံး၌

"ကျုပ် ကောင်းတာတွေ အများကြီးလုပ်ပြီးပြီ၊ ကျုပ် အသက် ဆက်ရှင်နေရင် မကောင်းတာတွေကို လုပ်မိတော့မယ်" ဟုဆိုကာ သူ့ကိုယ်သူ သေနတ်နှင့်ပစ်သတ်ပြီး သေဆုံးသွားခဲ့လေသည်။

စိတ်ကူးဉာဏ်ကောင်း၍ ကမ္ဘာကျော်ခဲ့သော်လည်း ဘဝဇာတ်နိဂုံးကား မလှပခဲ့ပါချေ။

အလားတူပင် အရှေ့တောင်အာရှမှ ကမ္ဘာကျော်လူသား တစ်ဦးလည်း ရှိခဲ့ပါသေးသည်။ ထိုသူကား အခြားမဟုတ်





ဂျပန်နိုင်ငံမှ နိုဗယ်ဆုရ စာရေးဆရာ **"ယာဆူနာရီကဝါဘာတာ"** ပင် ဖြစ်လေသည်။

သူသည်လည်း နိုဗယ်ဆုရသော **"နှင်းပွင့်တိုင်းပြည်"** (SNOW COUNTRY) ကို ရေးသားသူ ဖြစ်၏။

သူသည်.....

"လူတွေဟာ သေခြင်းတရားအကြောင်းကို မသိကြလို့ပါဗျာ၊ ဘာသာတရားတွေက လှည့်စားထားခဲ့ကြလို့ပါ၊ တကယ်လို့သာ လူတွေဟာ သေခြင်းတရားအကြောင်းကိုသိရင်၊ သေပြီးရင် ကောင်းတာတွေပဲဖြစ်မယ်ဆိုတာသိရင် အသက်ရှင်ချင်မှာ မဟုတ်ပါဘူး"

ဟူ၍ ပြောခဲ့၏။

ထို့အတူပင် "ယာဆူနာရီကဝါဘာတာ" မှာလည်း သူ့ကိုယ်သူ အဆုံးစီရင်ကာ အသက်စွန့်သွားလေသည်။

အဘယ်နည်း။ ကမ္ဘာကျော်ပညာရှင်ကြီးများသည် အဘယ်ကြောင့် မိမိကိုယ်ကို သတ်၍သေသွားကြရသနည်း။ ကျွန်တော့်မှာ တွေးမရနိုင်အောင် ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကမ္ဘာကျော်ကျော် မကျော်ကျော် လူသည် ပုထုဇဉ်သာဖြစ်ပါ၏။

အတ္တကြီးမည်။

ဆန္ဒကြီးမည်။

မိမိအလိုဆန္ဒသာ ပြည့်လိုမည်။

သူတစ်ပါး ဘယ်လိုနေနေ ကိုယ်ကောင်းစားလျှင်ပြီးရော ဟူ၍ စိတ်မျိုးထားသည့်သူ (အချို့) လည်း ရှိမည်။

မည်သို့ပင်ဖြစ်စေ လူသည် လူသာဖြစ်၏။ လူသားသည် စိတ်ကိုမစောင့်ရှောက်နိုင်ပါက ဖောက်ပြန်မှုအမျိုးမျိုး ဖြစ်တတ်သည်ဟူသော သဘောတို့ကို ပြဋ္ဌာန်းနေပေတော့သည်။

အချိန်ကာလသည် လူသားတို့၏အတွေးအခေါ်ကို တိုးတက်တွေးခေါ်စေလေသလားတော့ မဆိုတတ်။

ယခုတစ်ခေါက် ကျွန်တော် စာပေဗိမာန်သို့ ရောက်သော အခါတွင် အများကြီးပြောင်းလဲနေပြီ။ စာတည်းဌာနသည် အပေါ်ဆုံးထပ်တွင် ရောက်နေ၏။ ထိုနေရာသည် ယခင်က လူနေအိမ်ခန်းများပင်ဖြစ်သည်။ ယခုတော့ စာတည်းများ





ထိုနေရာတွင် နေကြ၏။

အချို့က ညှိခန်း။

အချို့က လူနေအိမ်ခန်း။

အချို့က မီးဖိုခန်း။

ကျွန်တော့်မိတ်ဆွေ ကိုမျိုးလွင် (ဘတင့်ဇော်) ကို လိုက်ရှာသောအခါ ယခင်က အပျိုကြီး ဒေါ်ကြင်ရွှေနေသည့် မီးဖိုခန်းမှာ ရောက်နေ၏။

သူသည် “သုတပဒေသာ” မဂ္ဂဇင်းအတွက် စာမျက်နှာများ၊ စာကြောင်းများ အစီအစဉ်ကျရန် စီစဉ်နေသည်ကို တွေ့ရသည်။

ထုံးစံအတိုင်း ကိုမျိုးလွင်သည် သူ၏ကျိုးနေသော သွားများပေါ်အောင်ပြုံးကာ.....

“ခင်ဗျားဘာလုပ်နေလဲ”

“ကျွန်တော် စာပဲရေးနေတာပေါ့ဗျ” ဟု ကျွန်တော်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးလွင်နှင့်တွေ့လျှင် "ဗင်ဂိုး" တို့ "လောဂင်" တို့ "ယန်ပေါ်ဆားတ်" တို့ "နီးရှေး" တို့အကြောင်း ပြောရဦးမည်။

"ဖြစ်တည်မှု ပဓာနဝါဒ" "အတ္တဘာဝမုန်ဝါဒ" စသဖြင့် သူ၏ ဆွေးနွေးပြောကြားမှုများကို နားထောင်ရဦးမည်။ သို့သော် သူသည် ယခုအခါတွင် ခေါင်းမဖော်နိုင်ပေ။ ထို့ကြောင့် သူ့အား ကျွန်တော်သည် "အော်စကာဝိုင်း" ၏ စကားတစ်ခွန်းကို သာ ပြောကာ ပြန်ထွက်လာရတော့၏။

"တကယ့်သစ္စာရှိသော အနုပညာသည်ကား အဘယ် ပရိသတ်ကိုမျှ ဂရုမစိုက်ရပါ"

❖ ❖ ❖ ❖ ❖





## ချစ်တတ်သောမိုပါအွန်း

"နေပါဦးဗျ ခင်ဗျားတို့စာရေးဆရာတွေဟာ လူတွေ အကြောင်း သိပ်စိတ်ဝင်စားပြီး လူ့ဘဝကို သရုပ်ဖော် နေကြတယ်ဆို၊ ဒါဆို 'ကျော်ဇော' အကြောင်းများ ဘာလို့ မရေးသလဲဗျာ"

ကျွန်တော် ရွှေလမင်းဆိုင်ထဲသို့ ဝင်ဝင်ချင်း ကိုအောင်ဆန်း က ကျွန်တော့်ကို ဆီးကြိုကာပြောလိုက်ခြင်းဖြစ်သည်။

ကျော်ဇောက ဘာဖြစ်လို့လဲဗျ"

ကျွန်တော်က ပြန်မေးလိုက်သည်။

"ကျော်ဇောဟာ သူ့စိတ်သာယာမှုအတွက်ပဲ သူလုပ်နေ တာ၊ သူ့မိန်းမမွေးတော့ ကျော်မင်းက သွားကူညီတယ်၊



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်စမ်းပါဗျာ၊ သူ့အိမ်က အခင်းမရှိ အကာမရှိ၊ အဲသဟာ မိန်းမမွေးဖို့တောင် စက္ကူတွေ ပလတ်စတစ်တွေနဲ့ ကာပြီးမွေးရတယ်၊ သူ့အိတ်ထဲမှာလဲ ငွေသုံးဆယ်ပဲ ရှိသတဲ့၊ လက်သယ်ကို တောင်းပန်ပြီး ပြန်လွှတ်ရတယ်"

မြန်မာပြည်တွင် ငွေသုံးဆယ်ဖြင့် ကလေးမွေး၍ရသည်ဟူသော သတင်းသည် ကျွန်တော့်အတွက်တော့ အသစ်အဆန်းဖြစ်နေပါသည်။

ကျော်ဇောဆိုသည့်ကောင်။ သည်ကောင် လူပေလူတေဖြစ်၏။ သူ့တွင် သားလေးတစ်ယောက်မွေးထားပြီး သူ့သားသည် ရွှေလမင်းဆိုင်သို့ မကြာခဏလိုက်လာတတ်သည်။

သူ့သားလေးကို ကိုယ်ချင်းစာနာကာ ကျွန်တော်က ခေါက်ဆွဲသုပ်ဝယ်ကျွေးဖူးသည်။ သူကတော့ သူ့မိသားစုအတွက် ပူပင်ပုံမရပါချေ။ သူ့ဇနီးနှင့်သူ့သားသမီးကို တွေ့သောအခါ သူ့ ဘဝကို ကျွန်တော်စာနာ၍ တိုးတက်ချမ်းသာစေလိုသော စေတနာသာ တဖွားဖွားဖြစ်ပေါ်နေမိသည်။





သို့သော် "ကျော်ဇော" သည် သူ့ဘဝကို သူတွေးကာ အားငယ်ပုံလည်း မရ။ သူ့အားနည်းချက်ကိုလည်း သူမသိ။ ဘဝတွင် သူနေချင်သလိုသာနေ၍ အရက်ဆိုင်တွင်သာ သူပျော်မွေ့နေသည်ကို တွေ့ရသည်။

"ဟေ့ကောင်ကျော်ဇော၊ မင်းကလေးတွေနဲ့ မင်းရဲ့မိန်းမကို မင်းဂရုစိုက်ပါကွာ"

ကျွန်တော်က ထိုသို့ပြောလျှင် ကျော်ဇောသည် မျက်နှာပျက်သွားတတ်သည်။

"ကျွန်တော်ဘာတွေလုပ်ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မသိဘဲနဲ့တော့ ကိုမြင့်ကြည် ကျွန်တော့်ကို မဝေဖန်ပါနဲ့ဗျာ"

သူသည် တစ်ခါတစ်ရံ ကျွန်တော့်ကို ထိုကဲ့သို့ပင် စကားအပြတ်ပြောတတ်သည်။

ကျွန်တော်နားလည်တတ်ပါသည်။ ကျော်ဇောမှုသည်၊ သူ့ရင်ထဲတွင်ရှိသောစကားများကို သူ့အတွေးအတိုင်း ကျွန်တော့်ကိုပြောသည်။ ကိစ္စမရှိပါ။ ကျွန်တော့်မှာ ခွင့်လွှတ်နိုင်သောသဘောအခံရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျော်ဇောကို "ရွှေမင်းသားစားသောက်ဆိုင်" တွင် မိုးလင်းကမိုးချုပ် တွေ့နေရခြင်းအတွက်တော့ ကျွန်တော် မကြိုက်။ သူလိုလူမျိုးသည် ဘဝအတွက် ပို၍ရုန်းကန်သင့်သည် ဟု ကျွန်တော်ခံယူထားသည်။

ကျော်ဇောကဲ့သို့ပင် ကျွန်တော်စိတ်တိုင်းမကျဖြစ်ရသော နောက်တစ်ယောက်မှာ ကျော်‌ ်းပင် ဖြစ်လေသည်။ ကျော်မင်း သည် သူ့အစ်မများ၊ မိဘများ ကျောထောက်နောက်ခံရှိပါ၏။ သို့သော် သူသည် ထိုအစ်မနှင့် ဆွေမျိုးများကို အကူအညီယူကာ သူ့ဘဝကို အလွဲသုံးစား လုပ်နေသူသာ ဖြစ်လေသည်။

သူသည် အိမ်ပြောင်းကာနီးကွင် သူ့အိမ်မှပစ္စည်းမှန်သမျှ ထင်သလိုရောင်းစားနေသည်။ တန်သည် မတန်သည်ထား။ သူတစ်နေ့တာ အရက်သောက်ရဖို့အတွက်သာ ရည်ရွယ်ကာ လုပ်နေသည်ကို ကျွန်တော်တွေ့မြင်နေရသည်၊ တစ်နေ့တွင်တော့ ကျော်ဇောသည် သူ့မိန်းမနှင့်ပတ်သက်သော စိတ်ခံစားမှုကြောင့် ကျွန်တော့်ကို စကားတစ်ခွန်းပြောလာတော့၏။

"ကျွန်တော်လို ဆင်းရဲသား လက်လုပ်လက်စား တစ်ယောက်ဟာ မိန်းမတစ်ယောက်ကိုယူမိလို့ ဒီလိုဒုက္ခသုက္ခတွေ





ကြားထဲမှာ ရုန်းကန်နေရတယ်ဆိုရင် ကမ္ဘာမှာရော မိန်းမ တစ်ယောက်ကို စွဲလမ်းလို့ ဒုက္ခရောက်ရတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေ ရှိဘူးလားဗျာ"

ကျွန်တော်ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"သိပ်ရှိတာပေါ့ကွာ၊ မင်းကိုပြောရမယ်ဆိုရင်တော့ မိန်းကလေးတစ်ယောက်ကို သိပ်ချစ်ခင်စွဲလမ်းတတ်တဲ့ စာရေး ဆရာတစ်ယောက် ရှိခဲ့ဖူးတယ်"

"အဲဒါဘယ်သူလဲ"

ကျော်ဇောက ဝမ်းသာအားရမေးသည်။

သူသည် အရက်တစ်ခွက်နှစ်ခွက်လောက်သောက်ထားပြီး ပြီဖြစ်၍ အရှိန်ရနေပြီဖြစ်သည်။

"မိုပါဘွန်းဆိုတာ မင်းကြားဖူးလား"

ကျွန်တော့်မေးခွန်းကြောင့် သူ့မျက်ခုံးများ မြင့်တက်သွား သည်။

"မိုပါဘွန်း.....ဟုတ်လား၊ ဝတ္ထုရေးတဲ့သူလား"

ကျော်ဇောသည် စာကိုလည်း အတော်အတန်ဖတ်ပုံရ သည်။ ကျွန်တော်ပြောသော စာရေးဆရာနံမည်ကို သူကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ပြီးတော့ သူသည် ရေတစ်ခွက်ကို မော့သောက်ကာ.....

''ဟား..... ဟား.....ဟား ကိုမြင့်ကြည် မိုပါဘွန်းအကြောင်းကို ပြောပြီး ကျွန်တော့်အယူအဆတွေကို ရိုက်ချိုးပစ်ဖို့တော့ မလုပ်ပါနဲ့ဗျာ''

သူသည် သူ့အယူအဆများကို ကျွန်တော်ကဖယ်ရှား၍ အနိုင်ယူပစ်မှာ အတော်စိုးရိမ်၍ ခုသည်။

''ဟာကွာ ကျော်ဇောရာ မင်းကို အနိုင်ယူပြီးတော့ ငါက အသာစီးရဖို့ ဘယ်တော့မှ လှည့်စားအနိုင်ယူမယ့်လူ မဟုတ်ပါဘူးဆိုတာ ယုံကြည်စမ်းပါကွာ''

ကျွန်တော့်စကားကြောင့် ကျော်ဇောသည် တွေဝေသွားသည်။ သူသည် ပညာဖြင့် အနိုင်ကျင့်ခံရမည်ကို စိုးရိမ်ပုံရလေသည်။ ထိုအခါမှအစပြု၍ ကျွန်တော်သည် ''မိုပါဘွန်း'' အကြောင်းကို ကျော်ဇောအား ပြောပြမိပါလေတော့၏။

''ဒီမှာကျော်ဇော လူဆိုတာ အာရုံခံစားမှုမှာ မွေ့လျော်ဟတ်ကြတဲ့သူတွေချည်းပဲကွ၊ မိုပါဘွန်းဟာ တစ်ခါတုန်းက မိန်းကလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့ဘူးတယ်''

''အဲဒီမိန်းကလေးက ဘယ်သူလဲဗျ''

❀ တင်မော် (ဓာတု) စာပေ ❀



ကျော်ဇောက မှုးသံကြီးဖြင့် ကျွန်တော့်ကို မေးမြန်းလိုက်သည်။

''ဒါဆိုရင်တော့ မင်းကို အစအဆုံးပြောပြမှ ဖြစ်လိမ့်မယ်ထင်တယ်''

ကျွန်တော်က ''မိုပါဘွန်း'' အကြောင်းပြောရန် စကားကို စလိုက်လေသည်။

''ကဲဗျာ ခင်ဗျားပြောချင်တာသာပြောပါဗျာ''

သူက ခွင့်ပြုသဖြင့် ကျွန်တော်စကားစ၍ ပြောလိုက်ရတော့သည်။

''သူ့မိတ်ဆွေတစ်ယောက်က မိုပါဘွန်းပေါ်မှာမြင်တဲ့အမြင့်ကစပြီး ပြောပြမယ်ကွာ''

''ပြောပါဗျာ''

ကျော်ဇောက မှုးသံဖြင့် ကျွန်တော့်ကိုပြောသည်။ သူ့မိတ်ဆွေတစ်ဦးက မိုပါဘွန်းပေါ်တွင် တွေ့မြင်ရသော ထင်မြင်ချက်ကို ကျွန်တော်ကစ၍ ပြောပြလိုက်သည်။

❖ ❖ ❖ ❖ ❖

❀ တင်မော် (ဓာတု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com

"မိုပါဘွန်း"နဲ့ကျွန်တော် စပြီးသိခဲ့ကြတာက ၁၈၀၀ ခုနှစ် အချိန်လောက်ကပါ၊ သူ့ရဲ့ရုပ်သွင်က ထူးချွန်တဲ့ လူတစ်ယောက်နဲ့ နည်းနည်းမှမတူပါဘူး။ အရပ်က ပုပြတ်ပြတ်၊ ကိုယ်လုံးကိုယ်ထည် က တောင့်တောင့်နဲ့ ပြေပြစ်ချောမောပြီး ယောကျ်ားဆန်တဲ့ မျက်နှာရှိတဲ့လူတစ်ယောက်ပါ။ သူ့နဖူး ကလည်း မဟာနဖူး စတုရန်းပုံလေးထောင့်နဲ့ဆိုပါတော့။ သူ့ပုံဟာ ရှေးခေတ် ခေါမ ကျောက်ဆစ်ရုပ်တစ်ရုပ်လိုပါပဲ။ မိုပါဘွန်းရဲ့ မျက်လုံးတွေဟာ ပြာလဲ့လဲ့နဲ့ ရူးရူတောက်ပြောင်နေတယ်။ သူဟာ မုတ်ဆိတ်တွေ သန့်စွမ်းပြီး ဆံပင်တွေကလည်း ထိုးထိုးထောင်ထောင်နဲ့ပေါ့။ အပေါ်ယံအနေနဲ့ကြည့်ရင်တော့ "မိုပါဘွန်း"ဟာ ကိုယ့် အကြောင်း ကိုယ်တောင်မှ ပြောချင်တဲ့ သူမျိုး မဟုတ်ပါဘူး။





သူ့အမျိုးအနွယ်ဟာ"နော်မန်" မျိုးနွယ်လို့ သူပြောလေ့ရှိတယ်။

သူနဲ့ကျွန်တော် ညစာအတူစားခဲ့ကြတယ်၊ ကျွန်တော်က သူ့ဝတ္ထုတွေကို အင်္ဂလိပ်ဘာသာနဲ့ ပုံနှိပ်ခွင့်တောင်းတယ်။ စာမူခကိုလည်း ပြင်သစ်ပြည်မှာရှိတဲ့ အမြင့်ဆုံးစာမူခနှုန်းအတိုင်း ပေးမယ်လို့ ကတိပြုခဲ့ရပါတယ်။

မိုပါဘွန်းဟာ ပထမတော့ အံ့အားသင့်နေပုံပါပဲ။ နောက် တော့ စာရေးဆရာတွေရဲ့ သဘာဝအတိုင်း သူ့ဝတ္ထုတွေကို ကျွန်တော့်ဆီပို့လာပါတော့တယ်။ ကျွန်တော်ကလည်း သူ့ဝတ္ထု တွေကို"ဖော့တနိုက်ရီဗျူး"မှာ ထည့်ပေးခဲ့ပါတယ်။

ကျွန်တော်ဟာ မိုပါဘွန်းကို အနီးကပ်လေ့လာခွင့်ရခဲ့တဲ့ သူပါ။ ရင်းနှီးလာတာနဲ့အမျှ ကျွန်တော် သူ့ကို သဘောကျ လာတယ်။ မိုပါဘွန်းဆိုတဲ့လူဟာ လူထဲကလူဆိုပေမယ့် သူဟာ သနားကြင်နာတတ်တယ်။ တရားမျှတတယ်။ ရယ်စရာမောစရာ တွေ ပြောတတ်တယ်။ သူဟာ ဘကယ့်ပြင်သစ်လူမျိုး တစ်ယောက်လိုပါပဲ။ သူဟာ မြစ်လက်ကက်လေးထဲမှာ လှေနဲ့ မျောနေရတာကိုလည်း နှစ်သက်တဲ့လူမျိုး။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းတာကိုလည်း သူဟာ ဂုဏ်ယူတတ်တယ်။ သူ့ရဲ့ကျန်းမာရေးကလည်းပဲ အံ့သြလောက်စရာကောင်းလောက်အောင်ကိုကောင်းတယ်။ မိုပါဘွန်းဟာ စိန့်မြစ်ထဲမှာ တစ်နေ့လုံး တစ်ညလုံးပဲ လှေလှော်နေတတ်တယ်။ တစ်ခါကတော့ သူဟာ လှေစီးရင်း လှေနံရံပေါ်ကကျော်ပြီး ရေထဲကျသွားတယ်။ ရေထဲမှာ ကူးရင်းခတ်ရင်းနဲ့ လှေကို ပြန်ဆွဲပြီးတော့ လှေနံရံကနေ တွယ်တက်တယ်။ သူ့တစ်ကိုယ်လုံး ရေတွေရွှဲနစ်နေတာပဲပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် သူဟာ ရေနဲ့လှေကို ချစ်တဲ့သူတစ်ယောက်လို့ ပြောရမှာပါ။ သူဟာ လှေကိုခပ်ပြင်းပြင်းလှော်ပြီး သူ့ကိုယ်နွေးလာအောင် လုပ်ယူတယ်။

မိုပါဘွန်းကို ကျွန်တော်က အမဲလိုက်ဖို့ဆွယ်တယ်။ အာဖရိကတောနက်ထဲမှာ အမဲလိုက်ရတာက ပျော်စရာကောင်းတာကလား။ ဒါပေမယ့် မိုပါဘွန်းပြောတဲ့ စကားကိုလည်း ကြည့်ပါဦး။





"ဒီမှာအမဲလိုက်တာထက် ပျော်စရာကောင်းတာရှိတယ်သိလား။ မိန်းမတွေကိုလိုက်ရတာလောက် လောကကြီးမှာ ပျော်စရာကောင်းတဲ့ ကစားနည်းမရှိဘူးဗျ။ ကျွန်တော်ဟာ ဘယ်လိုမိန်းမမျိုးကို ချစ်သလဲဆိုရင် ဆွဲဆောင်မှုရှိရမယ်၊ တခြားမိန်းမတွေနဲ့ မယှဉ်သာအောင် ပြည့်စုံမှုရှိရမယ်၊ ကိုယ့်အလိုဆန္ဒကို ဖြည့်စွမ်းနိုင်တဲ့ရမ္မက်ကို ပေးနိုင်သူလည်း ဖြစ်ရမယ်၊ ပြီးတော့ သူဟာ ဣန္ဒြေသိက္ခာရှိရမယ်၊ အဲဒီမိန်းမမျိုးလိုက်ဖမ်းရတာလောက် ပျော်စရာကောင်းတာ ဘယ်ရှိမလဲဗျာ"

မိုပါဘွန်းသည် မေတ္တာတရားကို တန်ဖိုးထားတတ်သူပင်ဖြစ်လေသည်။ သူ့ဝတ္ထုထဲက ဇာတ်ဆောင်များထက်ပင် သူသည် မေတ္တာတရားကို တန်ဖိုးထားတတ်၏။ တစ်ခါက မေတ္တာတရားအကြောင်းကို မိုပါဘွန်းက ဤကဲ့သို့ပြောဖူးလေသည်၊

"ကျုပ်ရဲ့ဝတ္ထုတွေဟာ ကြာရှည်ခံချင်မှခံမယ်၊ ကျုပ်ဝတ္ထုတွေ ဘယ်လောက်သက်တမ်းရှည်မယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ ဒီခေတ်မှာ ကျုပ်ဟာ တကယ့်စာရေးဆရာကြီးတစ်ယောက်ဖြစ်နေပေမယ့် နောင်တစ်ခေတ်မှာတော့ ကျုပ်ဟာ ဟုတ်ချင်မှဟုတ်တော့မယ်၊ ဒါကြောင့် ကျော်ကြားမှုဆိုတာဟာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတိုက်ဆိုင်လို့ ဖြစ်တဲ့ကိစ္စပါဗျာ၊ တကယ်တော့ လောကမှာ အရှည်အတည်တဲ့ဆုံးကတော့ မေတ္တာတရားပါပဲ"

ထိုစဉ်က ကျွန်တော်သည် သူ့အယူအဆကို လက်မခံလိုခဲ့ပေ။

"အချစ်နဲ့ ဆန္ဒရမ္မက်ဆိုတာ အရိပ်လိုဟာတွေပါ၊ ခဏပေါ်လာပြီး ခဏချင်းပျောက်သွားတတ်တဲ့ ဟာမျိုးပါ၊ ကျော်စောမှုဆိုတာကတော့ အထင်ရှားဆုံးသဏ္ဍာန်လို့ လူတွေက ယူဆကြတယ်၊ လူတွေဟာ မသေခင်မှာ ကျော်စောချင်ကြတယ်၊ သချိုင်းအုတ်ဂူထဲရောက်ပြီးတာတောင် ကိုယ့်နံမည်ကို ခေတ်အဆက်ဆက် ထင်ရှားပြီး ကျန်စေချင်ကြတယ်။

"ဒီမှာဗျာ... လောကကြီးမှာ ဘာမှတည်မြဲတဲ့အရာ မရှိဘူး သိရဲ့လား"

မိုပါဘွန်းသည် ခေါင်းကိုခါရမ်းကာ ပြောလိုက်၏။ ကျွန်တော့်အနေဖြင့် သူ့ကို ဘာမျှပြန်မပြောခဲ့တော့ပေ။

၁၈၈၈ ခုနှစ်တွင် ကျွန်တော်သည် သူနှင့် ဘိန်း(စ်)မြို့တွင် တစ်ခါဆုံတွေ့ခဲ့ပြန်သည်။ ယခင်အခါကကဲ့သို့ပင် ညစာနှင့် အရက်အတူသောက်ကြစားကြ၏။ သူသည် အယ်ဂျီးရီးယားနှင့်





မြောက်အာဖရိက စသောနိုင်ငံတို့တွင် သူတွေ့ကြုံခဲ့ရသော အကြောင်းအရာများကို ပြောပြသည်။ **"နပိုလီယံ"** အကြောင်းလည်း သူပြောပြတတ်၏။

"နပိုလီယံဟာ ထက်တော့ထက်မြက်ပါရဲ့ဗျာ၊ ဒါပေမယ့် ကျုပ်စိတ်နဲ့တော့ မတွေ့ဘူး၊ လောကမှာ ဉာဏ်ပညာအကြီးကျယ်ဆုံး ပုဂ္ဂိုလ်ဆိုတာ ဂျီးဆပ်(စ်) (ယေရှု)ပဲလို့ ကျုပ်ထင်တယ်၊ ကြည့်ပါလား ဒီလောက်ဆင်းရဲစုတ်ပြတ်တဲ့ နွားတင်းကုပ်ထဲကနေ ကြီးကျယ်တဲ့စိတ်ကူးစိတ်သန်းတွေကို သူထုတ်ဖော်ခဲ့တာ ဘယ်လောက်အံ့သြစရာကောင်းလဲ"

အသက်ငယ်ငယ်နှင့်ပင် မိုပါဘွန်း မျက်စိရောဂါဖြစ်လာ၏။ သူ့မျက်စိကြောင့် သူဒုက္ခရောက်ရကြောင်း မကြာခဏ ညည်းတွားတတ်လာသည်။ သူ့မျက်စိဟာ တစ်နေ့တွင် တစ်နာရီခန့် ကွယ်နေကြောင်း ပြောတတ်သည်။

မိုပါဘွန်းမှာ ဝက်ရူးပျံ့ရောဂါရှိနေသည်။ ထို့ကြောင့် သူသည် အရက်နှင့်အိပ်ဆေးကို အမြဲဆောင်ထားရ၏။ သူ့ရောဂါမှာ တဖြည်းဖြည်းပိုဆိုးလာသည်။ ရှင်းရှင်းပျောက်အောင်လုပ်၍မရ။ အရက်နှင့်အိပ်ဆေးမှာလည်း ခဏသာခံသည်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူသည် စာရေးသောအလုပ်ကိုပင် လျော့ဖို့ကြိုးစားလာ ရသည်။

တစ်ညနေ၌ ကျွန်တော်နှင့်အတူ မိုပါဘွန်းသည် အစာမစားနိုင်သည့်အတိုင်း အရက်ကိုအနည်းငယ်သာသောက်နေ၏။ သူသည်"ပွိစ်ဝိုင်"ကို ကြိုက်တတ်သူဖြစ်သည်။

"လူဆိုတဲ့ သတ္တဝါတွေဟာ တော်တော်ဆန်းကြယ်တယ်ဗျ၊ ကိုယ့်ခန္ဓာကိုယ်ထဲမှာ ဘာတွေဖြစ်နေတယ်ဆိုတာပဲ သိရတယ်လို့ဗျာ၊ ကျုပ်လဲကျန်းမာရေးတော်တော်ချို့နဲ့လာပါပြီ၊ ခန္ဓာကိုယ်ကြီးထဲမှာလဲ ပျက်စီးနေတာတွေများလှပြီပေါ့၊ စိတ်ကလဲ ဂယောက်ဂယက်နဲ့၊ အားတွေလဲ ယုတ်လျော့နေပြီ၊ ကျုပ်အခြေအနေဟာ ဒီထက်ပိုဆိုးလာပြီဆိုရင်တော့ ဒါမျိုးကျုပ်ကြာရှည်သည်းမခံချင်ဘူး။ ဒီအဖြစ်ကို အမြန်ဆုံး အဆုံးသတ်ချင်တယ်၊ အားငယ်တဲ့စိတ်တော့ မရှိပါဘူး၊ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ ကျုပ်ဟာ ဘဝမှာ ပျော်သလို နေခဲ့ဖူးပြီးပြီပဲ"

သူ့ရောဂါအခြေအနေ အဘယ်ကြောင့် ဆိုးရွားလာရသည်ဆိုခြင်းကို နောက်တော့မှ ကျွန်တော် သဘောပေါက်လာမိသည်။ "မိုပါဘွန်း"သည် ချိန်းဆိုပြီးနောက် ကတိပျက်ကွက်တတ်လာသည်။ ထိုအဖြစ်ကို ကျွန်တော် စိတ်ဆိုးမိသော်လည်း





နောက်တော့ နားလည်လာမိတော့သည်။ သူ့အခြေအနေ မကောင်းတော့။

ပဲရစ်မှ သူ့ကိုမျှော်နေသည့် မိတ်ဆွေများ ရောက်လာ၍ ပျက်ကွက်ရပါသည်ဟု သူအကြောင်းပြလာသည်။ နောက်ဆုံးတော့ သူအမှန်တရားတွေကို ဝန်ခံတတ်လာပါတော့သည်။

"တော်တော်ချောတဲ့ မိန်းမပါဗျာ၊ ရုပ်ရည်မှာတော့ အပြစ်တင်စရာ မြူမှုန်တစ်မှုန်တောင်မှ မရှိပါဘူး၊ နှိုင်းစံမဲ့လို့တောင် ပြောရမှာပါပဲ၊ ပြိုင်ဖက်ကင်းအလှရှင်လို့တောင် ဆိုနိုင်လောက်ပါရဲ့၊ အချစ်ရမွှက်တွေဟာ သူ့ခန္ဓာကိုယ်မှာ စုဝေးနေတယ်လို့တောင် ပြောရမှာပါဗျာ၊ ကျုပ်တစ်သက်မှာတော့ ဒီလိုမိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးဘူးဗျို့၊ မတတ်နိုင်ပါဘူးဗျာ။ ကျွန်တော့်ကို ညံ့တယ်လို့ပြောချင်လည်း ပြောပါတော့၊ ကျွန်တော် သူ့ကို မျက်နှာမလွှဲနိုင်အောင်ကိုပဲ ချစ်တယ်၊ ဒါဟာ ယောကျ်ားတွေရဲ့ ပျော့ညံ့မှုပဲလားဗျာ၊ ကျုပ်တို့ယောကျ်ားတွေဟာ အရူးတွေပဲနော်။ သူနဲ့တွေ့ပြီးတဲ့နောက် ကျုပ်အသွေးအသားတွေ ကုန်ခမ်းသွားပြီလို့တောင် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုပါဘွန်းသည် ထိုကလေးမလေးကို အတော်ပင် စွဲလမ်းချစ်ခင်ပုံရပါ၏။ ထို့ကြောင့် ကျွန်တော် သတိပေးဖို့ တာဝန်ရှိသည်ထင်ကာ.....

"ဘွန်းရာ ခင်ဗျားဟာ စိတ်အလိုသိပ်လိုက်လွန်းတယ်၊ ခု ခင်ဗျားအရိုးပေါ်အရေတင်ဖြစ်နေပြီ၊ ခင်ဗျား ဒါတွေ သိပ်သံယောဇဉ်ထားမနေပါနဲ့လားဗျာ၊ ခုဟာ ကျုပ်တို့ အသက်ကြီးလာကြပြီ၊ ဒီကိစ္စတွေဟာ ဆယ်ကျော်သက်ကလောက် အရေးမကြီးတော့ပါဘူး၊ ခုသုံးဆယ်ကျော်မှ ဒီခံစားမှုတွေ ဖြစ်နေတာသိပ်တော့ မကောင်းဘူး၊ ရှိတ်စပီးယားဝတ္ထုတွေထဲက မတ်အန်ထော်နီနဲ့ ကီလိုပက်ထရာတို့ပြောတဲ့ စကားလုံးတွေ ခင်ဗျားမမှတ်မိဘူးလား.....

"အန်ထော်နီဟာ ပြည့်တန်ဆာတစ်ဦးရဲ့ ကာမရမ္မက်မီးကို ပို၍တောင်လောင်စေသော ဖားဖိုလည်းမဟုတ်၊ ယပ်တောင်လည်းမဟုတ်ဆိုတာလေ"

ထိုစကားကိုကြားရသောအခါ မိုပါဘွန်းသည် တစ်ချက်ငိုင်တွေသွား၏။





"အေးဗျာ၊ တော်တော်ကောင်းတဲ့ ဥပမာစကားပါပဲ၊ ဘာတဲ့ဗျ ဖားဖိုလည်းမဟုတ် ယပ်တောင်လည်းမဟုတ်တဲ့ ဟုတ်ရဲ့လား၊ အေးပေါ့ဗျာ အမှန်တော့ ကျုပ်ရဲ့အခြေအနေဟာ တော်တော်ဆိုးရွားခဲ့တယ်ဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် မတတ်နိုင်တော့ဘူးဗျာ၊ ညအိပ်လို့မပျော်၊ နေလို့မရဖြစ်နေတော့ အသွေးအရောင်ရှိတဲ့ညဖြစ်ဖို့တော့ ကျုပ်ဟာ အဖော်ရှာရတော့ မပေါ့ဗျာ၊ ဒါဟာ အပြစ်လား.....

"ဒီလိုမှလဲ ညဟာ အသွေးအရောင်ပိုပြီး လှပမှာ မဟုတ်လား၊ အင်း..... ဒီမိန်းမရဲ့ဆွဲဆောင်မှုတွေ မြူဆွယ်မှုတွေကိုတော့ ခင်ဗျား မြင်စေချင်တယ်ဗျာ၊ သူ့ကိုယ်မှာဆွတ်လာတဲ့ ရေမွှေးနံ့ဟာ ကျုပ်တို့စားနေတဲ့အိပ်ဆေးလိုပဲ မူးယစ်ရီဝေသဗျို့၊ သူ့ခန္ဓာကိုယ်က စွဲမက်ဖို့ကောင်းတဲ့ ရနံ့အကြောင်းကတော့ မပြောပါနဲ့တော့၊ ရှုမိတဲ့သူတိုင်း ယစ်မူးတိမ်းညွှတ်လောက်အောင်ကို ဆွဲဆောင်မှုရှိနေတာ အမှန်ပါပဲ၊ သူ့ရဲ့အလှ သူ့ရဲ့အပွေ့အဖက် အချော့အမြှူတွေဟာ ကျုပ်ကို ရူးသွပ်စေတာတော့ အမှန်ပါပဲ၊ ကဲ.....ပြောရင်းဆိုရင်း ကျုပ်ဟာ ရောဂါဖောက်လာစပြုပြီ၊ ကျုပ်စိတ်ထဲမှာ သရိုးသရီဖြစ်လာပြီဆိုရင်တော့ ဓာတ်စာအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပဲ တောင့်တနေမိတော့တာပါပဲ၊ ကျုပ်ခန္ဓာကိုယ်ထဲက သွေးသားတွေကကို သူ့ကိုခေါ်ပေးပါလို့ ပြောနေတယ်၊ ဘာတတ်နိုင်မှာတဲ့လဲဗျာ၊ ကျုပ်ဟာ အသိဉာဏ်ရှိပါတယ်၊ ကျုပ်ရဲ့စိတ်ကို ကျုပ်ထိန်းပြီးတော့ စိတ်နောက်ကိုယ်ပါမဖြစ်ဖို့ ကျုပ်ကိုယ်ကျုပ် ဆုံးမပါတယ်၊ ဒါပေမယ့်ဗျာ မိုပါဘွန်းဆိုတဲ့ကောင်ဟာ အဲဒီမိန်းကလေးနဲ့ တွေ့တဲ့အခါ သူ့စိတ်တွေသူ ဘယ်ရောက်ကုန်မှန်း မသိလောက်အောင်ကို စွဲလမ်းတပ်မက်တော့တာပါပဲ၊

"သူနဲ့တွေ့တဲ့အခါ ကျုပ်မှာ အားအင်တွေပြည့်ဖြိုးလာသလိုလို သဲလိုက်ရင်ဖိုဖြစ်ရမယ့်စွန့်စားခန်းတစ်ခုကို လုပ်ရတော့ မလိုလိုနဲ့ ကျုပ်ဟာ သူ့ကျော့ကွင်းထဲဝင်ပြီးတော့ နက်ရှိုင်းတဲ့ ချောက်ကမ်းပါးထဲကို အကြိမ်ကြိမ်ကျသွားတော့တာပါပဲ"

မိုပါဘွန်းသည် တကယ်တော့ အချစ်ကြီးသူတစ်ယောက်ဖြစ်၏။ သူသည် ထို "သူငယ်မ"ကို အတော်ပင် စွဲလမ်းတပ်မက်မိရသည်။ ထိုသူငယ်မကား အဘယ်သူနည်း။

စင်စစ် မိုပါဘွန်းချစ်နေသောချစ်သူမှာ လင်ရှိမိန်းမတစ်ဦးသာဖြစ်ပါသည်။ ရေဝတီအမျိုးသမီးတစ်ဦးဖြစ်ပြီး "မိုပါဘွန်း" နှင့်





ထိုသူငယ်မတို့သည် တိတ်တဆိတ်ချိန်းကာတွေ့ရတတ်၏။ သူတို့နှစ်ဦးလုံးအချစ်ပင်လယ်ကြောတွင် လှိုင်းမျောကာ ကမ်းမမြင်လမ်းမမြင် ဖြစ်ခဲ့ကြသည်။ သို့သော် မိုပါဘွန်းသေဆုံးပြီးနောက် ဆယ်နှစ်ခန့်ကြာသောအခါ ထိုသူငယ်မသည် သူတို့၏ချစ်ဇာတ်လမ်းအား "လာဂရင်းရီဗျူးဂျာနယ်" တွင် ထုတ်ဖော်ဖွင့်ဟ လိုက်ပါလေတော့သည်။

မိုပါဘွန်းသည် အချစ်နှင့်ပတ်သက်၍ လေးလေးနက်နက် စူးစူးနစ်နစ်ချစ်တတ်သူတစ်ဦးဟု ဆိုရပေတော့မည်။ သူသည် ထိုသူငယ်မကို စွဲလမ်း၏၊ ချစ်မြတ်နိုး၏။ သူတောင်းစားများ၊ အားနည်းသူများကိုပင် စာနာသနားတတ်သော မိုပါဘွန်းမှာ ထိုသူငယ်မကို အထူးပင်စွဲလမ်းနှစ်သက်မိတော့သည်။

သူသည် ထိုကလေးမအတွက် အိပ်မပျော် စားမဝင်ဖြစ်၏။ နေမထိ ထိုင်မထိဖြစ်၏။ သူသည် ရိုးရိုးသားသား မှုမှုတတ ချစ်ခင်တတ်သူတစ်ဦးသာ ဖြစ်လေသည်။ ရေဝတီမကလေးကလည်း သူ့ကိုစွဲသည်။ သူမ၏ စွဲလမ်းပုံကို.....

"သူနဲ့ကျွန်မတွေ့တိုင်း အချစ်ဟာ အသစ်မွေးဖွားလာတယ်လို့ ထင်ရတယ်၊ သူ့ကြောင့် ကျွန်မရဲ့ဘဝဟာ ပိုပြီးစိုပြည်လှပ



www.burmeseclassic.com

www.burmeseclassic.com



လာတယ်လို့ထင်ရတယ်၊ သူဟာ ကျွန်မဘဝ၊ ကျွန်မရဲ့အသက်ပဲ၊ သူနဲ့သာ မတွေ့ခဲ့ရရင် ကျွန်မဟာ ဘဝဆိုတာ ဘာမှန်းတောင် သိမှာမဟုတ်ပါဘူးရှင်၊ သူ့ဆီကလာတဲ့ စာတွေဟာ ကြင်နာယုယမှုနဲ့စိတ်အားထက်သန်မှုတွေ အပြည့်တမ်းပါတယ်၊ ဒါကြောင့် သူ့စာတွေကို ကျွန်မဟာ မပြုံးဘဲ မနေနိုင်ဘူး။ တစ်ခါက မိုပါဘွန်းဟာ ကျွန်မဆီကို စာတစ်စောင်ရေးတယ်၊ အဲဒီနှစ်ဟာ ၁၈၉၀ ဩဂုတ်လကပေါ့၊ သူ့စာထဲမှာပါတာက.....

"ငါ့ရဲ့ဘဝဟာ အဆုံးကိုနီးလာပြီ လုံးလုံးကိုမျှော်လင့်ချက်မရှိတော့ပါဘူးကွယ်၊ ငါ့ဆီကို လာဖြစ်အောင်လာခဲ့ပါ" လို့မှာထားတယ်၊

အဲဒီစာကြောင့် ရေဝတီမလေးဟာ မိုပါဘွန်းထံသို့ နောက်ဆုံးအနေဖြင့် ရောက်ရှိလာသည်။ မိုပါဘွန်းသည် သူ့ချစ်သူကို မျှော်လင့်ရင်းဖြင့် သူ၏သေချိန်ကို စောင့်စားနေခဲ့သူသာ ဖြစ်လေသည်။

၁၈၉၁ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဘဏ္ဍာစိုး ဖရန်ကေးသည် တံခါးဝမှ လူခေါ်ခေါင်းလောင်းသံကြား၍ ဖွင့်ပေးလိုက်သည်။ ဝင်လာသောသူမှာ မိန်းကလေးတစ်ယောက်





ပင်ဖြစ်သည်။ "ဖရန်ကေး"(မိုပါဘွန်း၏တပည့်) စကားအရ ပြောလျှင် ထိုမိန်းကလေးမှာ "ကျွန်တော့်ဆရာကို သတ်သောမိန်းမ"ဟု ဆိုသည့် ရေဝတီမလေးပင် ဖြစ်လေသည်။

၁၈၉၂ ဇန်နဝါရီလတွင်ကား မိုပါဘွန်းသည် ချောင်းများ တဟွတ်ဟွတ်ဆိုးနေလေသည်။ သူသည် မှတ်ဆိတ်များကိုပင် မရိတ်နိုင်တော့။ သူ့မျက်လုံးများသည် ဝေဝါးလာကာ နှင်းမြူများ ကျနေသကဲ့သို့ ဖြစ်နေသည်၊ မိုပါဘွန်းမှာ ကြက်ဥနှစ်လုံးကို စား၍ လက်ဖက်ရည်တစ်ခွက်သာ သောက်၏။ ထို့နောက် ဖရန်ကေးကို.....

"ဖရန်ကေးရေ ငါ အမေ့ဆီသွားချင်တယ်ကွာ၊ သိပ်နေမကောင်းဘူး၊ အမေတော့ ငါ့ကို စိတ်ပူနေမှာပဲ" ဟုပြောလေသည်။

ဖရန်ကေးက မိုပါဘွန်းကို သူ့အမေအိမ်သို့လိုက်၍ ပို့ပေးလိုက်သည်။ မိုပါဘွန်း၏ အမေက သူ့သား စိတ်ချောက်ချားနေသည်။ ဘာမျှထူးထူးထွေထွေမဖြစ်ဟု၍ ထင်လေသည်။

"ကဲသား ကိန်း(စ်)ကို မပြန်ပါနဲ့တော့ကွယ်၊ ဒီမှာပဲ အိပ်တော့နော်လို့ ပြောတာလဲ မရပါဘူးကွယ်၊ သူဟာ ညအမှောင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာကို ထွက်သွားတာပဲ၊ စိတ်လဲသိပ်မမှန်တော့ဘူး၊ ပြီးတော့ သူဘယ်သွားပြီး ဘယ်လာတယ်ဆိုတာလဲ ခန့်မှန်းလို့ မရတော့ဘူး အင်း..... ဖြစ်မှဖြစ်ရလေသားရယ်''

ဤသည်မှာ မိုပါဘွန်းအမေ၏ ခံစားမှုပင်ဖြစ်သည်။ မိုပါဘွန်းသည် အိမ်သို့ရောက်သည်နှင့် ပိုးရုပ်အင်္ကျီကို လဲဝတ်လိုက်၏။ ကြက်ကြော်တစ်ခြမ်းနှင့် ဆန်ပြုတ်ကိုသောက်သည်။ နို့တစ်ခွက် ဘီလပ်ရည်တစ်ခွက် ထပ်သောက်သည်။ ဟစ်ခထာမျှကြာသောအခါ သူ့နောက်ကျောထဲက အောင့်သည်ဟု ညည်းတွားလေသည်။

ဖရန်ကေးက သူ့ကို ဆေးတစ်လုံးတိုက်သည်။ ည ဆယ့်တစ်နာရီခွဲတွင် မိုပါဘွန်းအိပ်ရာထဲသို့ဝင်သည်။ ဖရန်ကေးသည် သူ့ဆရာအိပ်ပျော်သည်အထိ ကုတင်ဘေးက ကုလားထိုင်တွင် ထိုင်ကာစောင့်၏။

ည ဆယ့်နှစ်နာရီလောက်တွင် မိုပါဘွန်းကို ထားခဲ့ကာ ဖရန်ကေးသည် သူ့အခန်းသို့ ပြန်လာခဲ့လေသည်။ မိုပါဘွန်းမှာ အိပ်မောကျနေကြောင်း သူတစ်ရေးနိုးတွင် တွေ့ရသည်။

❀ တင်မော် (စာဘု) စာပေ ❀



သို့သော်.....

နောက် ညနှစ်နာရီကျော်လောက်တွင် မိုပါဘွန်း၏ အခန်းထဲမှ အသံကြား၍ ဖရန်ကေး ထကြည့်သည်။ မိုပါဘွန်း၏ လည်ပင်းတွင် မားဒဏ်ရာဖြင့် သွေးများထွက်နေသည်ကို တွေ့မြင်ရ၏။ မိုပါဘွန်းမှာ မတ်တတ်ရပ်နေသည်။ ဖရန်ကေးကို မြင်သောအခါ.....

''ဟေ့..... ဖရန်ကေး ဒီမှာကြည့်စမ်း၊ ငါ့လည်ပင်းကို ငါ မားနဲ့လှီးလိုက်တာ၊ ငါရူးနေတယ်ဆိုတာ အဲ့သဟာပဲပေါ့'' ဟု ပြောလိုက်၏။

ဖရန်ကေး အလုပ်ရှုပ်တော့သည်။ အောက်တွင်နေသော သဘောသား''ရေမွန်း''ကိုခေါ်ကာ ဆရာဝန်ခေါ်ဖို့ လွှတ်သည်။ မိုပါဘွန်းကိုလည်း မလှုပ်နိုင်အောင် သံကြိုးအကျီဝတ်ပေး ထားလိုက်တော့သည်။

ထို့နောက်တွင်ကား မိုပါဘွန်းကို စိတ္တဇဆေးရုံသို့ ပို့လိုက်ကြရလေတော့သည်။ ထို့နောက်တွင်ကော့ မိုပါဘွန်းသည် ရူးသွပ်ကာ တိရစ္ဆာန်တစ်ကောင်သဖွယ် ဇူလိုင်လ ၃ ရက်နေ့တွင် သေဆုံးကွယ်လွန်သွားပါလေတော့သည်။

❀ တင်မော် (စာဘု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ထင်ရှားသော ကမ္ဘာကျော်စာရေးဆရာတစ်ဦး၏ နိဂုံးကား ဝမ်းနည်းကြေကွဲစရာ ကောင်းလှတော့သည်။

❖ ❖ ❖ ❖ ❖

## ဧရာကိုနားလည်သူ

စာပေဗိမာန် စာတည်းဌာနသို့ ကျွန်တော်ဝင်လိုက်သည်နှင့် ကိုစိုးမြင့်သန်းမှာ ပျာပျာသလဲပင် ညှော်ဝတ်ပြုရှာသည်။

"ကိုမြင့်ကြည် ဘာစားမလဲ၊ ဘယ်ဆိုင်သွားမလဲ"

တကယ်တော့ သူကျွေးချင်မွေးချင်သလို ကျွန်တော့်မှာ စားသောက်နိုင်သော ခွန်အားမရှိတော့ပါ။ သူ့ကိုခေါ်ကာ "ဝက်(ခ်)ပွိုင့်" ဆိုင်တွင် ထိုင်ဖြစ်ကြ၏။

"ကျွန်တော်မိန်းမယူတော့မလို့ဗျ"

ကိုစိုးမြင့်သန်းက ကျွန်တော့်ကို ဖွင့်ကာပြောဆိုလာသည်။ ကျွန်တော်က ခေါင်းညိတ်လိုက်၏။





"ကောင်းပါတယ်၊ ခင်ဗျားလဲငယ်တော့တဲ့အရွယ်မှ မဟုတ်တော့တာပဲ"

ကျွန်တော်က ထောက်ခံစကားဆိုလိုက်သည်။ ထို့နောက် သူယူမည့်မိန်းမ မည်သူမည်ဝါဆိုသည်ကို ကျွန်တော်မေးကြည့်မိ၏။

"ကျွန်တော်ယူမယ့် မိန်းမဟာ တခြားလူမဟုတ်ပါဘူးဗျာ မစန္ဒာအေးပါ"

"စန္ဒာအေး" ဆို၍ ကျွန်တော်စဉ်းစားမိသည်။ တကယ်တော့ စန္ဒာအေးသည် ကိုစိုးမြင့်သန်းထံသို့လာခြင်း မဟုတ်ပါ။ ထိုကလေးမသည် ကျမ်းပြုစုရန်အတွက် အကူအညီလိုသောကြောင့် စာပေဗိမာန်သို့ ရောက်လာရခြင်းဖြစ်သည်။

"ပညာတန်ဆောင်" မှ ကိုအောင်မြင့်ဦးက ကျွန်တော်ထံသို့ အကူအညီတောင်းခံရန်လွှတ်သည်။ ကျွန်တော်က စာသမား၊ ကျမ်းတွေ ပေတွေနဲ့ ရင်းနှီးသူဟု ကိုအောင်မြင့်ဦးက ပြောဆို၏။

ထိုသူငယ်မရောက်လာသောအခါတွင် ကျွန်တော်က ကူညီဖို့ ဆွေးနွေးတိုင်ပင်ပါသည်။ သို့သော် အဆိုပါ ကိုစိုးမြင့်သန်းမှာ


www.burmeseclassic.com

www.burmeseclassic.com



ထိုသူငယ်မကို ကြိုက်နှစ်သက်သွားရကား ကျမ်းကိုစွက်ကို သူနှင့်သာ ကျွန်တော်လွှဲပေးလိုက်တော့၏။

ကျွန်တော့် ဆုံးဖြတ်ချက် မမှားပါ။ သူလည်း ထိုသူငယ်မကို တကယ်ချစ်ရှာပါသည်။ သူငယ်မကလည်း ကိုစိုးမြင့်သန်းကို ပြန်ချစ်၏။ ဤသို့ဖြင့် ဘဝတစ်ခုသည် အဆင်ပြေသွားကာ ၂၅-၁၂-၂၀၀၀ တွင်မင်္ဂလာဆောင်ကြပါလေတော့၏။ ကောင်းလေစွ။

ကိုစိုးမြင့်သန်းသည် စာသမားဖြစ်၏။ စာပေဝါသနာကြောင့်လည်း စာပေဗိမာန် စာတည်းဌာနသို့ သူဝင်လာခြင်းဖြစ်သည်။ သူ့ကို ကျွန်တော်သည် ညီတစ်ယောက်ကဲ့သို့ချစ်၏။ သူနှင့်တွေ့တိုင်း စာစကားပြောဖြစ်ရသည်။ ယခုလည်း သူက စကားစလာ၏။

"ကိုမြင့်ကြည် 'ဆန်းမားဆက်မွန်' စာအုပ်တွေဖတ်ဖူးတယ် မဟုတ်လား"

"ဟာ ဖတ်ဖူးတာပေါ့၊ ဆန်းမားဆက်မွန်ဟာ ကိုယ်ကြိုက်တဲ့ စာရေးဆရာတွေထဲမှာပါတာပဲ"

ကျွန်တော်က ပွင့်ပွင့်လင်းလင်းပြန်ပြောလိုက်၏။





"ကျွန်တော်ကတော့ 'ဆန်းမားဆက်မွန်'ကို သိပ်ကြိုက်တယ်ဗျာ၊ သူရေးတဲ့စကားလုံးတွေကလဲ ပြောင်မြောက်တယ်၊ လူ့ဘဝကိုလဲ သရုပ်ပေါ်အောင်ရေးတတ်တယ်"

ကိုစိုးမြင့်သန်း၏စကားကို ကျွန်တော်က ခေါင်းညိတ်ထောက်ခံလိုက်မိသည်။

"ဟုတ်တယ် ကိုစိုးမြင့်သန်း၊ သူဟာ လုံးချင်းစာအုပ် ဝတ္ထု ၂၀ နဲ့ ပြဇာတ် ၃၀ အပြင် ဝတ္ထုတို ဝတ္ထုရှည်တွေ အများကြီးရေးခဲ့တဲ့ စာရေးဆရာတစ်ယောက်ပဲ၊ ပြီးတော့ သူရေးသမျှတွေဟာ အသေ၊အထေ့တွေနဲ့ သိပ်ပြောင်မြောက်တဲ့ စာပေတွေပေါ့၊ ဖတ်လို့ကို မဝနိုင်အောင်ကောင်းတယ်"

ကျွန်တော့်စကားကို ကိုစိုးမြင့်သန်းကလည်း သဘောတူပုံရသည်။ သူကြိုက်သည့် စာရေးဆရာပေကိုး။

"ကိုမြင့်ကြည် ဘာစာအုပ်တွေ မှတ်မှတ်ရရရှိသလဲ ကျွန်တော်ကိုပြောပါဦး"

ကိုစိုးမြင့်သန်းသည် ဤကဲ့သို့ပင် ကျွန်တော့်ကိုမေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော့်စကားကို နားထောင်သောအရသာ ခံပေဦးမည်။ ကျွန်တော်သူ့အမေးကြောင့် အပြေးအလွှားစဉ်းစားကြည့်မိသည်။

ဆန်းမားဆက်မွန်နှင့် ပတ်သက်၍ ကျွန်တော့်ရင်ထဲတွင် ရှိသော အကြောင်းအရာများ တရိပ်ရိပ်ပေါ်လာသည်။

"ကိုစိုးမြင့်သန်းရာ မြန်မာနိုင်ငံမှာ "ဆန်းမားဆက်မွန်" နဲ့ ရင်းနှီးတဲ့ စာအုပ်နှစ်အုပ်ရှိပါတယ်၊ ခင်ဗျားသတိရလား"

"ဘာတွေလဲဗျ"

သူက ရိုးသားစွာပြန်မေးသည်။ စကားပြောရသည်မှာ သိပြီးသားအကြောင်းအရာထက် တစ်ဖက်လူ မသိသေးတာကို ပြောရခြင်းက အရသာပိုရှိသည်။ သူ့အမေးကို ကျွန်တော်က သဘောကျသွားသည်။

"ဆရာဒဂုန်တာရာက "Up At The Villa" ကို ဘာသာပြန်တယ်လေ၊ ကိုမောင်မောင်ကြည်က "The Pointed Veil" ကို ဘာသာပြန်ထားတယ်၊ 'ဆန်းမားဆက်မွန်'ဟာ မြန်မာပရိသတ်နဲ့ မစိမ်းပါဘူးဗျ"





ကျွန်တော့်စကားအဆုံးတွင် ကိုစိုးမြင့်သန်းက တဟားဟား ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... ဟုတ်တယ် ကိုမြင့်ကြည် ကျွန်တော့်အကြိုက်က "Up At The Villa" ပဲပေါ့။ ဒါနဲ့ ဆရာကြီးဟာ ဇာရာနဲ့ပတ်သက်လို့ သတင်းစာဆရာ "ဘဲလ်ဟော့ကင်း" ကိုပြောတဲ့ စကားပွေမှတ်မိသေးသလား"

ကျွန်တော် မမှတ်မိတော့။ ကိုစိုးမြင့်သန်းပြောသည်ကို ပင် ပြန်၍ နားထောင်ချင်လာသည်။

"အဲဒါတော့ မမှတ်မိတော့ဘူး၊ ပြောပါဦးဗျာ"

စာပေစကားဝိုင်းဆိုသည်မှာ ဤသို့ပင်ဖြစ်သည်။ ကိုယ်မသိတာ သူ့ထံမှရသည်။ ကိုယ်သိသည်ကို သူ့ကိုမျှဝေရသည်။ စာသမားချင်းတွေ့လျှင် စကားပြော၍ ဘယ်လိုအရသာရှိမှန်းမသိ။

ယခုလည်း ကိုစိုးမြင့်သန်းထံမှ ကျွန်တော်မသိတာရတော့မည်ဟု မျှော်လင့်မိသည်။ ကိုစိုးမြင့်သန်းက သူ့စကားကိုဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇရာဆိုတာကတော့ဗျာ လူ့ဘဝမှာရှောင်လွှဲလို့ရတဲ့ သဘောတရားမှမဟုတ်တာ၊ ကိုဟိန်းလတ်ကတောင် ဇရာကို အဆင်သင့်ပြင်ရင်ဆိုင်ဖို့ စာအုပ်တစ်အုပ်ရေးသေးတယ် မဟုတ်လား။ ဒီလိုပါပဲ၊ ဆရာကြီး ဆန်းမားဆက်မွန်ဟာလဲ အသက်ကြီး လာတော့ နားလေးလာတယ်၊ သတိတွေမေ့လာတယ်၊ ဒါလဲ လူ့သဘာဝပဲပေါ့နော်"

ကိုစိုးမြင့်သန်းက စကားကို ခဏရပ်ပြီး ရေနွေးကို (ခ)ကရားထဲကငှဲ့၍ တစ်ချက်မော့ သောက်လိုက်၏။

ကျွန်တော်က ကိုစိုးမြင့်သန်း၏စကားကို နားထောင်ရင်း ဇရာ၏ အနက်အဓိပ္ပာယ်ကို စဉ်းစားနေမိသည်။

ဟုတ်သည်။ လူတို့သည် အိုမင်းရင့်ရော်လာသောအခါ တွင် ဆုံးရှုံးမှုတွေများလာသည်ဟု ကျွန်တော်ထင်မိသည်။ ငယ်စဉ် ကလို ပျော်စရာတွေ လွတ်လပ်ပေါ့ပါးမှုတွေမရှိတော့။ လေးလံ ထိုင်းမှိုင်းနေသော ကိုယ်ခန္ဓာဖြင့်ရပ်တည်ကာ စိတ်ပျက်ဝမ်းနည်း စရာများသာ များလာမည်ဟု ကျွန်တော်ထင်မိ၏။ ကိုစိုးမြင့်သန်း က သူ့စကားကိုဆက်သည်။





"သတင်းစာဆရာဘဲလ်ဟော့ကင်းက ဆရာကြီး အခု ဘာလုပ်နေသလဲလို့မေးတော့ သူကဘာပြောတယ်ထင်သလဲ"

"ပြောပါဦးဗျာ"

ကိုစိုးမြင့်သန်းကို ကျွန်တော်က စကားထောက်ပေးလိုက် သည်။

"ကျုပ်အဖို့တော့ ခုဆိုရင် လုံးလုံးနားနေရသလို ဖြစ်ပါ ပြီတဲ့၊ အရင်ကလို လူတွေနဲ့လဲတွေ့ပြီး စကားတွေမပြောချင် တော့ဘူး၊ ငယ်တုန်းကတော့ ကျုပ်ဟာ တည်းနစ်ရိုက်တယ်၊ မြင်းစီးတယ်၊ ခုဇရာထောင်းလာတော့ ဘာမှမလုပ်နိုင်တော့ ပါဘူး၊ ဒါပေမယ့် လူတွေဟာ ဒါကိုမျှော်လင့်ထားသင့်တယ်လို့ ပြောတယ်"

ကိုစိုးမြင့်သန်းက ပြုံးလိုက်၏။ ပြီးနောက်.....

"သေခြင်းတရားနဲ့ ပတ်သက်လို့တော့ သူတို့နိုင်ငံက လူတွေဟာ တော်တော်ရဲရင့်တယ်လို့ပြောရမယ်"

သူ့မှတ်ချက်ကြောင့် ကျွန်တော်ပင်အံ့အားသင့်သွားသည်။

"ဘာဖြစ်လို့လဲဗျ၊ လူမှန်သမျှဟာ သေရမှာကြောက်ကြ တာချည်းပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကိုမြင့်ကြည်၊ ဒါပေမယ့် ဆန်းမားဆက်မွန်ကတော့ အဲသလိုမဟုတ်ဘူးဗျ၊ သတင်းစာဆရာက ဆရာကြီး သေရမှာကြောက်သလားလို့မေးတာကို ခပ်တင်းတင်းနဲ့ ဟင့်အင်း..... ကျုပ်သေရမှာ လုံးဝမကြောက်ဘူးလို့ ဖြေခဲ့တယ်လေ....."

ဆန်းမားဆက်မွန်သည် သဘာဝကျကျ အမြဲတွေးခေါ်ဆော့ရှိသူဖြစ်သည်၊ ဆရာကြီး၏စကားတစ်ခွန်းကို ကျွန်တော်သည် အမှတ်ရလာမိ၏။

"ဟုတ်တယ် ကိုစိုးမြင့်သန်း၊ ကျွန်တော်မှတ်မိတာ တစ်ခုရှိတယ်၊ သတင်းစာဆရာက ဆရာကြီး ဘားနတ်ရှောရဲ့ လူတွေဟာ အသက် ၃ ပေလောက်ရှည်ရင်ကောင်းမယ်ဆိုတဲ့ အယူအဆကို သဘောကျလားလို့မေးတော့ သူက ဟင့်အင်း သဘောမကျပါဘူး၊ လူတွေက ဖြစ်နိုင်တာထက်ပိုပြီး မစဉ်းစားသင့်ဘူး၊ လူ့ဘဝဆိုမှာတာ ပွဲဦးထွက်မှာသာအရေးကြီးတာလို့ ပြောတယ်၊ အသက်တိုတာရှည်တာ သိပ်အရေးမကြီးပါဘူးလို့လဲ ပြောသေးသဗျ"





ကျွန်တော်က စားလက်စ ကော်ပြန့်ကြော်ကိုကိုက်ရင်း ပြောလိုက်မိသည်။ ကျွန်တော့်စကားကို နားထောင်ရင်း ိုစိုးမြင့်သန်းသည် အပြင်ဘက်သို့ ငေးကြည့်နေ၏။

ဝက်(စ်)မှိုင့်၏ မှန်တံခါးမှ အပြင်တွင် လမ်းလျှောက်နေကြ သူများကို မြင်တွေ့နေရလေသည်။

"သဘောကျစရာကောင်းတာကတော့ စာရေးတဲ့ကိစ္စနဲ့ တ်သက်လို့ပဲ၊ သတင်းထောက်က ဆရာကြီး အခုစာရေးပါသေး သလားလို့မေးတာကို.....

"ကျုပ်ထုံးစံအတိုင်း တစ်နေ့ကို စာလုံးတစ်ထောင်ရေးနေ ာန်းပဲဗျ၊ ခက်ပါတယ်ဗျာ၊ ဒီအကျင့်တော့ သေမှပျောက်မှာပဲ" ို့ဖြေခဲ့တာပဲပေါ့။

"အေးဗျာ စာရေးဆရာတွေဟာ စာမရေးဘဲမနေနိုင်တဲ့ တ္တဝါတွေလို့ ပြောရမယ်ထင်တယ်"

ကျွန်တော့်စကားကြောင့် ကိုစိုးမြင့်သန်းက ပြုံးလိုက်သည်။

နောက်ဆုံးတော့ စိုးမြင့်သန်းသည် ဆန်းမားဆက်မွန်၏ ာက်ဆုံးဆန္ဒအကြောင်း ဆွေးနွေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သတင်းစာဆရာက သူ့ကို ဆရာကြီးအခုဘာလုပ်ချင်သလဲ လို့မေးတော့ ဘယ်လိုဖြေတယ်ထင်သလဲ"

"ပြောပါဦး"

"ကျုပ်တော့ ပြင်သစ်ပြည်တောင်ပိုင်းက ကျုပ်အိမ်ကြီးကို ပြန်ချင်စိတ်ရှိနေတယ်၊ ပြီးတော့ ကျုပ်ဟာ ခုနေခါမှာ အချိန်ကို မကုန်ကုန်အောင် ဖြုန်းနေရတဲ့လူဆိုတော့ ခေါမပြည်နဲ့ သီဟိုဠ်ကျွန်းကို သွားလည်ဖို့ကြံထားတယ်လို့ ပြောတယ်ဗျ"

ကျွန်တော်က စာရေးဆရာ သက်ကြားအိုကြီး၏ ဘဝကို တွေးတောဆင်ခြင်ကြည့်မိသည်။ ဟုတ်သည်။ အသက်အရွယ်ကြီးရင့်လာသောအခါတွင် ကိုယ်လုပ်ချင်တိုင်းမဖြစ်တော့၊ စိတ်သွားတိုင်းလည်း ကိုယ်ပါတော့မည် မဟုတ်ပါ။ ဇရာဒုက္ခ၏ အရွယ်တွင် တဏှာဖြတ်ကြဖို့သာ လိုပေတော့သည် မဟုတ်ပါလား။

ဆရာကြီးရွှေဒေါင်း အင်မတန်ချစ်မြတ်နိုးသော ဆန်းမားဆက်မွန်၏အကြောင်းကို ဆွေးနွေးပြောဆိုရင်း ကျွန်တော်နှင့် ကိုစိုးမြင့်သန်းတို့ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့ကြပါတော့၏။

❖ ❖ ❖ ❖ ❖





တကယ့်အနုပညာအစစ်သည်
မရှိသေးတာကို ဖန်တီးစရာမလိုပေ၊

အော်စကာဝိုင်း

အနုပညာကို လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ကြသောသူများသည် (များသောအားဖြင့်) လူသိမ်များဖြစ်ကြသည်၊

ပီကာဆို



www.burmeseclassic.com

www.burmeseclassic.com



## ဝါဒသစ်ဖြင့်ကမ္ဘာကျော်သူ

၃၈ လမ်း (အောက်) ထိပ်ရှိ လက်ဖက်ရည်ဆိုင်လေးထဲသို့ ကျွန်တော်ငုံ့ဝင်လိုက်သည်။ ထိုလက်ဖက်ရည်ဆိုင်က လမ်းဘေး လက်ဖက်ရည်ဆိုင်။ မိုးကတဖွဲဖွဲ။ မလုံ့တလုံ ပလတ်စတစ်အမိုး အောက်တွင် ကျွန်တော်အပါအဝင် လူလေးငါးယောက်မိုးခိုရင်း လက်ဖက်ရည်သောက်နေကြသည်။ အချိန်က ဆယ်နာရီခွဲ လောက်သာ ရှိသေးသည်။

ကျွန်တော်က စာရေးဆရာအတွက် လက်ဆောင်ရထား သော "**လူတော်တို့၏ညည့်ကွက်များ**" ဒုတိယတွဲစာအုပ် ဆယ်အုပ် ကို ပေါင်ပေါ်မှာတင်ထားသည်။ စာအုပ်ဆယ်အုပ်ထဲမှ ရင်းနှီးသော မိတ်ဆွေသုံးလေးယောက်အတွက် ဖယ်ထားပြီးလျှင် ဝါမိုးအောင်





စာပေမှ ဦးကြိုင်မြင့်ထံရောင်းစားရန် ကျွန်တော်တွေးနေသည်။

ဦးကြိုင်မြင့်ကဆိုင်မှာမရှိ၊ သူ့သားသမီးတွေသာ ဈေးရောင်း နေသည်။ ကလေးတွေနဲ့ဆိုတော့ သိပ်ပြောလို့ဆိုလို့မကောင်း။ သူတို့လည်း သိပ်လုပ်ပိုင်ခွင့်မရှိ။ ဦးကြိုင်မြင့်ကသာ ဆုံးဖြတ် ဝယ်ယူတတ်သော ကျွန်တော့်ဖောက်သည်ဖြစ်၏။

နေ့လယ်ပိုင်းလောက်မှ အဆင်ပြေလိမ့်မည်ဟု ယူဆရ သည်။ ထိုစဥ်မှာပင် ရုပ်ရှင်မင်းသား "**ကိုဇော်ခင်ကြီး**" လမ်း ထဲသို့ဝင်လာ၏။ ကျွန်တော့်ကိုတွေ့သည်နှင့် လက်ထောင်ပြကာ ဆိုင်ထဲဝင်လာသည်။

ရုပ်ရှင်မရိုက်တော့ဘဲ ၃၈ လမ်းထဲမှ "ကက်ရှဘာ" အရက်ဆိုင်သို့ ဤကဲ့သို့ပင် သူ စောစောစီးစီး ရောက်လာတတ် သည်။ ကျွန်တော်နှင့် ထိုဆိုင်တွင် အရက်သောက်ရင်းမှ ကိုဇော်ခင်နှင့် ရင်းနှီးခြင်းဖြစ်သည်။

ကိုဇော်ခင်က အနုပညာသမားပီသသည်။ သူသည် စာလည်းရေးချင်သည့်အခါ ရေးလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာဗျာ ကိုဇော်ခင်၊ ဒီနေ့ ကျွန်တော့်စာအုပ်တစ်အု
ထွက်တယ်လေ၊ အဲဒါ ပေ.ဒေစာစီးစီး လက်ဆောင်ဝင်ယူလာ
တာ"

ကိုဇော်ခင်က ကျွန်တော့်လက်ထဲမှ စာအုပ်တစ်အုပ်
ဆွဲယူကြည့်သည်။ သူ လက်ဖက်ရည်သောက်မည်မဟုတ်ပ
ထို့ကြောင့် ကျွန်တော်သူ့ကို မလောကွတ်လုပ်မနေတော့။

"ခေါင်းစဉ်ကို သဘောကျတယ်ဗျာ၊ ကျွန်တော့်ကိုတစ်အု
ပေးပါလား၊ အရက်နဲ့မြည်းချင်လို့"

ကိုဇော်ခင်က ပွင့်ပွင့်လင်းလင်းပင် ပြော၏။ ဟုတ်သည်
သူသည် စာအုပ်ကို အရက်နှင့်မြည်းတတ်၏။ စာလည်
တကယ်ဖတ်သူ။ သည့်အရင်က ကျွန်တော်သူ့ကို "ပန်းမျှော်လေ
ကဗျာများ" ဆိုသော ကဗျာစာအုပ်တစ်အုပ် ပေးဖူးသည်
မထင်မှတ်ဘဲ "ကက်ရှဘာ" ဆိုင်ထဲ အရက်သောက်ဖို့ ကျွန်တော်
ဝင်တော့ ကျွန်တော့်ကဗျာစာအုပ်ကို ရေ့တွင်ချကာ တစ်ရွက်ချင်
လှန်ပြီး အရက်နှင့်မြည်းနေသည်ကို တွေ့ရဖူးသည်။

"ယူပါဗျာ ကြိုတုန်းပဲ"





ကျွန်တော်က လက်ဆောင်တစ်အုပ်ပေးဖို့ စာအုပ်တွင် လက်မှတ်ထိုးလိုက်သည်။ ကိုဇော်ခင်၏မျက်နှာ ပြုံးသွားလေသည်။

"အေးဗျာ ခင်ဗျားကိုတွေ့တော့ ကျွန်တော် 'မြမင်းမောင်' ကို သတိရတယ်"

ကျွန်တော့်စာအုပ်ကို ဟိုလှန်ဒီလှန်လုပ်ရင်း ကိုဇော်ခင်က ပြောသည်။

ဟုတ်သည်။ ကိုဇော်ခင်ကိုတွေ့လျှင် ကျွန်တော်လည်း မြမင်းမောင်ကို သတိရတတ်ပါသည်။ အကြောင်းရှိ၏။ တစ်ခါက စာရေးဆရာမြမင်းမောင်သည် ဆောက်လုပ်ရေးမဂ္ဂဇင်းတစ်ခုတွင် အယ်ဒီတာလုပ်သည်။

မထင်မှတ်ဘဲ စာပေဗိမာန်ရှေ့မှ ရုပ်ရှင်မင်းသားရန်အောင်၏ အစ်မဆိုင်တွင် လက်ဖက်ရည်သောက်ဖို့ မြမင်းမောင်ရောက်လာ၏။ ကျွန်တော့်ဆီက စာမူတောင်းသည်။

"ကိုမြင့်ကြည်ရေးရင်တော့ ကျွန်တော်ဟာဖြစ်ဖြစ် သုံးမှာပဲဗျာ၊ ခင်ဗျားရေးတာမကောင်းရင် ခင်ဗျားကလောင်ထိခိုက်မှာပဲ၊ ရေးချင်တာသာရေး"



www.burmeseclassic.com

www.burmeseclassic.com

ကိုမြမင်းမောင်က ပွင့်ပွင့်လင်းလင်း သူ့ဝါသနာအတိုင်း ပြောသည်။

"ရေးဗျာ၊ စာမူခကို လက်ငင်းပေးပါ့မယ်၊ ကျွန်တော့် မိတ်ဆွေတွေကို ကျွန်တော် ဒီအတိုင်းကူညီနေတာပဲ"

မဂ္ဂဇင်းက စာမူခ လက်ငင်းပေးမည်ဆိုတော့ ငွေလိုနေသော ကျွန်တော့်လိုအကောင်က ရက်ပိုင်းအတွင်းရေးပြီး လာပို့မည်ဟု ပြောလိုက်မိပါလေတော့သည်။

ခက်သည်က သူ့မဂ္ဂဇင်းက အိုးအိမ်တို့ အဆောက်အဦးတို့ အကြောင်းရေးရမှာဆိုတော့ ကျွန်တော်ရေးနေကျလိုင်းတော့ မဟုတ်။ သို့သော် ကျွန်တော်က အကြံကြီးသူ။ ဒီတော့ ပန်းဆိုးတန်း အဟောင်းဆိုင်တန်းတစ်လျှောက် အင်္ဂလိပ်မဂ္ဂဇင်းများ လိုက်ရှာသည်။

**"ဒစ်စ်ကာအဘား"**လား **"လိုက်ဖ်"** မဂ္ဂဇင်းလား မမှတ်မိတော့။ ထိုအထဲတွင်ပါသည့် အိမ်တစ်လုံးတည်ဆောက်ပုံကို ဘာသာပြန်သည်။ နှစ်ပုဒ်လောက်ရ၏။ ထို့နောက် ကျွန်တော့် ဟာသဝတ္ထုလေးတစ်ပုဒ်ကိုပါယူကာ မြမင်းမောင်ရှိရာ ၃၃ လမ်း မဂ္ဂဇင်းတိုက်သို့ ချီတက်လာခဲ့၏။

❀ တင်မော် (စာတူ) စာပေ ❀



ဟိုရောက်တော့..... လားလား..... ကိုဇော်ခင် အိတ်ကြီးတစ်လုံး ကျောပိုးလို့၊ လှေကားရင်းမှာ သွားတွေ့သည်။

"ဒီကောင် မြမင်းမောင် တော်တော်အပြောကြီးတဲ့ကောင်၊ ကျွန်တော်သူ့ရှေ့မှာတင် စာထိုင်ရေးပြီး စာမူခယူမလို့လာတာ၊ သူကလက်ငင်းပေးမတဲ့လေ"

ကိုဇော်ခင်က ပြောပြောဆိုဆို တိုက်ပေါ်တက်သွားသည်။ ကျွန်တော့်နောက်က လိုက်တက်၏။

ရင်မောရပြီ။ မြမင်းမောင်မလာသေးဟုဆို၏။

သို့နှင့် ကျွန်တော်လည်းလမ်းခွဲကာ တစ်ဖက်လမ်းရှိ **"ရောင်ခြည်ဦး"** မဂ္ဂဇင်းမှ ကဗျာရှည်စာမူခငွေ ၄၀၀ ကျပ်ကို တောင်း၍လာခဲ့သည်။ ပြီးတော့ မြမင်းမောင်တို့တိုက် ပြန်လာသောအခါ အဆင်သင့် မြမင်းမောင်နှင့်တွေ့သည်။

သူသည် ကျွန်တော့်ကို အားနာသောမျက်နှာဖြင့်ကြည့်၏။ ပြီးတော့.....

"အော၊ဗျာ ဒီနေ့ငွေနည်းသွားလို့ ကိုမြင့်ကြည်စာမူလာမှ လက်ငင်းမပေးနိုင်ဘူးဖြစ်နေတယ်"

ဟုပြော၏။

❀ တင်မော် (စာတူ) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"ကဲ..... မပေးနိုင်လဲနေပါဗျာ၊ လာ..... လက်ဖက်ရည် သောက်မလား၊ ကျွန်တော် ရောင်ခြည်ဦးက စာမူခ ထုတ်လာ တယ်"

ကျွန်တော့်နောက်သို့ အယ်ဒီတာစားပွဲမှ မြမင်းမောင် ထလိုက်လာသည်။ ကာတွန်းမင်းအောင်လည်း သူနှင့်အတူ ပါလာ၏။ လမ်းပေါ်ရောက်တော့မှ မြမင်းမောင်က.....

"ကျွန်တော်လက်ဖက်ရည်မသောက်ဘူး၊ အရက်သောက် ချင်တယ်"

ကျွန်တော် မြမင်းမောင်ကို ကြည့်လိုက်သည်။ သူအတော် အားနည်းချည့်နဲ့နေ၏။ အဆုပ်ရောဂါကုနေရသည်ဟုလည်း သတင်းကြားသည်။

"အင်း..... ကျွန်တော်က ခင်ဗျားကို အရက်တော့မတိုက် ချင်ဘူးဗျ၊ တစ်ခုခုကျွေးချင်တာ၊ တစ်ခုခုစားပါလား"

ကျွန်တော်က တောင်းပန်ကြည့်သည်၊ မရချေ။ မြမင်းမောင် က ခေါင်းခါ၏။

"အရက်ပဲသောက်ချင်တယ်ဗျာ"

"ကဲ လာဗျာ"





မတတ်သာသည့်အဆုံး သူ့ဆန္ဒကိုဖြည့်ဆည်းဖို့ ကျွန်တော် ဘူတာကြီးခုံးတံတားအနီးမှ အရက်ဆိုင်သို့ ခေါ်လာသည်။ ထိုဆိုင်မှာ မြမင်းမောင်တို့သောက်နေကျဆိုင် ဖြစ်ပုံရသည်။

"ကဲ..... ကျွန်တော်အရက်တစ်လုံး ထောင်ပေးခဲ့မယ်၊ ကျွန်တော်ကတော့ အချိန်သိပ်မရဘူး၊ ရုံးကိုပြန်ရမှာ၊ တစ်ခွက် လောက်သောက်ပြီး လစ်တော့မယ်"

ကျွန်တော် အရက်တစ်လုံးနှင့် ကန်စွန်းရွက်ကြော်တစ်ပွဲ မှာ၍စားကာ ပြောသည့်အတိုင်း ဖန်ခွက်ထဲ အရက်လက်နှစ်လုံး လောက်ထည့်ပြီးမော့ကာ ထွက်လာခဲ့သည်။

ထိုနေ့က မြမင်းမောင်နှင့် ကျွန်တော် နောက်ဆုံးတွေ့ရ ခြင်းဖြစ်သည်၊ အရက်ဆိုင်မှ အပြန်တွင် ဆေးရုံတန်းတက်ရသည် ဆို၏။ ကာတွန်းမင်းအောင်က နောက်တစ်နေ့ "အောင်ဆန်း အဆုပ်ဆေးရုံမှာ ကိုမြမင်းမောင် အခြေအနေမကောင်းဘူး" ဟု ဆိုလာသည်။

ကျွန်တော်က အရက်တိုက်၍ သတ်သလိုဖြစ်ပြီဟု တွေးမိ၏။ သို့သော် ကျွန်ုပ်ဘော့စေတနာက စင်ကြယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝကိုသူဖန်တီးခြင်းဟုသာ ဆိုရလိမ့်မည်။ ကျွန်တော်က ဖြည့်ဆည်းကူညီသူသာဟု ဖြေသိမ့်ရသည်။

ကျွန်တော် ရှိစုမဲ့စု ငွေ ၅၀ ကို ကာတွန်းမင်းအောင်နှင့် ပေးကာ အားပေးစကားလေးပါ စာရေးပေးလိုက်သည်။ ကျွန်တော် ပေးသောငွေကိုကိုင်၍ မြမင်းမောင်မျက်ရည်ကျသည် ဟုဆို၏။ ထိုနေ့မှာပင် မြမင်းမောင် ဆုံးသွားသည်။

အမဲပစ်ဝတ္ထု၊ စွန့်စားခန်းဝတ္ထုများ အရေးကောင်းသော မြမင်းမောင် အသက်တိုတိုဖြင့်ပင် ဘဝကို နိဂုံးချုပ်သွားသည်။

ကိုဇော်ခင်ကြီးက ရန်ကုန်သစ်တွင် အတူနေထိုင်သူဖြစ်၍ မြမင်းမောင်နှင့် သောက်ဖော်သောက်ဖက် တရင်းတနှီးနေထိုင်သူ ပင်။ ထို့ကြောင့် ကျွန်တော့်ကိုတွေ့သည်နှင့် ကိုဇော်ခင် မြမင်းမောင်ကို သတိရခြင်းဖြစ်သကဲ့သို့ ကျွန်တော်ကလည်း ထိုထိုအကြောင်းများကြောင့်ပင် မြမင်းမောင်ကို အမှတ်ရခြင်း ဖြစ်ပါ၏။

ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေရာမှ စာအုပ်ကိုကိုင်ကာ ကိုဇော်ခင်က ထရပ်လိုက်သည်။





"သွားဦးမယ်"

"ဟုတ်ကဲ့"

ကျွန်တော်သိပါသည်။ လက်ဖက်ရည်သမားမဟုတ်သော ကိုဇော်ခင် အရက်ဆိုင်ကိုသွားချင်လှပေမပေါ့။

ကျွန်တော်ကတော့ စာပေမိတ်ဆွေများ လာတတ်၍ လက်ဖက်ရည်ဆိုင်တွင်သာထိုင်၍ကျန်ရစ်ခဲ့လေသည်။ ဤလက်ဖက်ရည် ဆိုင်လေးသို့ အယ်ဒီတာနန္ဒာမိုးကြယ်၊ ကြည်မွေ့အိမ်၊ ကိုတင်မွန် နှင့် နွေသင်နိုင်တို့ လာလေ့လာထရှိသည်။

ကိုဇော်ခင်ထွက်သွားပြီး မကြာမီပင် ဖောင်းကားနေသော လွယ်အိတ်ကြီးတစ်လုံးလွယ်ကာ "နန္ဒာမိုးကြယ်" ရောက်လာ သည်။ သူ့လွယ်အိတ်ထဲမှာက ထုံးစံအတိုင်း ကွန်ပျူတာစာစီထား သော မဂ္ဂဇင်းထဲမှ စာမျက်နှာများ၊ ဖလက်တွဲလက်စ ဖလင်များ နှင့် စာမူများ အပြည့်ပါလာသည်။

ကိုမိုးကြယ်နှင့် ကျွန်တော်က ငယ်ပေါင်းမဟုတ်သော် လည်း ငယ်ပေါင်းနီးပါးပင် ခင်မင်သည်။ တောင်ဥက္ကလာသားချင်း လည်း တူသည်။ သူက ခြောက်ရပ်ကွက်၊ ကျွန်တော်က ဆယ်



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်။ လွန်ခဲ့သောအနှစ်နှစ်ဆယ်ကတည်းက တွေ့သိရင်းနှီးခဲ့ဖူးသူ။

"ဘယ်လိုလဲဆရာရဲ့၊ ဘာစာအုပ်တွေလဲ"

သူ့ဟန်မူရာအတိုင်း ကျွန်တော့်ပေါင်ကိုပုတ်၍ ပြုံးချိုစွာ မေးသည်။ ကိုမိုးကြယ်မှာ မျက်နှာအမြဲပြုံးရွှင်၍ စကားကို ယဉ်ယဉ်ကျေးကျေးပြောတတ်သူဟု ကျွန်တော်သတိထားမိခဲ့သည်မှာ ကြာပြီ။

ကျွန်တော်က လက်မှတ်ထိုးကာ စာအုပ်တစ်အုပ် ပေးလိုက်၏။

"ဒါ ဒီလထွက်တာလား"

ကိုမိုးကြယ်က စာအုပ်ကလေးကိုကိုင်ကြည့်ရင်း ပြော၏။

"ဟုတ်တယ် လူတော်တို့ရဲ့ ညံ့ကွက်များ အတွဲ (၂) လေ"

"အင်း ဒါဆို ခင်ဗျား လူညံ့တို့ရဲ့တော်ကွက်များဆိုပြီး တစ်အုပ်ထပ်ရေးဖို့တောင် ကောင်းတယ်"

ကိုမိုးကြယ်က ကျွန်တော့်ကို နောက်ကာ အကြံပြုသည်။





"ရေးရင်တော့ ဖြစ်နိုင်တယ်ဗျ၊ ဒါပေမယ့် အကြောင်းအရာကိုတော့ စိတ်ရှည်လက်ရှည်ရှာရမယ်"

ကျွန်တော်က လက်ဖက်ရည်တစ်ခွက်မှာရင်း ပြောလိုက်သည်။

ကျွန်တော်တို့ စကားပြောနေစဉ်မှာပင် ကိုတင်မွန်က ဆိုင်ထဲဝင်လာသည်။ မိုးကလည်း စဲသွားပြီဖြစ်သည်။

"ခင်ဗျားတို့ရောက်နေတာကြာပြီလား"

ကိုတင်မွန်က ပြုံး၍မေးကာ ဝင်ထိုင်လိုက်သည်။ ကိုတင်မွန်ကို ကျွန်တော့်စာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်ရ၏။ ဤသို့ဖြင့် ကျွန်တော့်လက်ထဲမှ စာအုပ် ဆယ်အုပ်မှာ ခုနစ်အုပ်သာ ကျန်တော့သည်။ မဖြစ်တော့။

နောက်ထပ်စာပေမိတ်ဆွေတွေ ရောက်လာလျှင် ကျွန်တော် ရောင်းစားဖို့ ကျန်တော့မည်မဟုတ်။ ထို့ကြောင့် "ခင်ဗျားတို့ နေကြဦးဗျာ"ဟု ခဏထားခဲ့ကာ စာပေဗိမာန် အရောင်းကိုဒေါင်မှ ကိုသန်းငွေထံသို့ စာအုပ်များ သွားအပ်ထားလိုက်သည်။ ကိုသန်းငွေကို စာအုပ်တစ်အုပ် ထပ်ပေးလိုက်တော့ ခြောက်အုပ်သာ ကျန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင် စာရေးဆရာဆိုသည့် သတ္တဝါတွေကလည်း သူတို့စာအုပ်တတ်နိုင်လျှင် အလကားဝေချင်သော စိတ်ရှိသူမျိုး တွေကိုး။ ဘာပဲဖြစ်ဖြစ် စာအုပ် ခြောက်အုပ်လောက် ဝါမိုးအောင်ကို ကျွန်တော်ရောင်းစားလိုက်မည်ဆိုလျှင် ကျွန်တော့်အတွက် ငွေ ခြောက်ရာ ခုနစ်ရာတော့ရပြီ။ ခြောက်အုပ်ထဲမှ မည်သူ့ကိုမျှ လက်ဆောင်မပေးတော့ဟု ဆုံးဖြတ်ကာ ၃၈ လမ်းဘက် ပြန်ထွက် လာသည်။ ဝါမိုးအောင်ဆိုင်လှမ်းကြည့်လိုက်တော့ ဦးကြိုင်မြင့် မရောက်သေး။

ကျွန်တော်ရောက်တော့ စာပေစကားဝိုင်းမှာ စည်ကားနေပြီ ဖြစ်၏။ ကိုတင်မွန်က ဘာသာပြန်စာရေးဆရာပီပီ နိုင်ငံခြားမှ ကမ္ဘာကျော်ပုဂ္ဂိုလ်များအကြောင်း ဆွေးနွေးနေသည်။ ကျွန်တော် ကလည်း ကျွန်တော်ရေးနေသော **"စိတ်ကူးဉာဏ်ကြောင့် ကမ္ဘာ့ကျော်ကြသူများ"** စာအုပ်အတွက် သူနှင့်ဆွေးနွေးဖို့ သတိရလိုက်မိတော့သည်။

"ဒါနဲ့ နေပါဦး ကိုတင်မွန်ရ..... **"ဖြစ်တည်မှုပဓာနဝါဒ"** ဆိုတာ နှစ်ဆယ်ရာစုနှစ်မှာ ခေတ်စားလာတဲ့ ဒဿနဝါဒတစ်ခု မဟုတ်လား၊ ဒီဝါဒကို ဘယ်သူက ထူထောင်တာလဲ"





ကျွန်တော်က စပေးလိုက်တော့ ကိုတင်မွန်ကမနေ သာတော့။

"အင်း..... ပြောရရင်တော့ **"အတ္တဘာဝမှန်ဝါဒ"** **"ဖြစ်တည်မှု ပဓာနဝါဒ"** လို့ နှစ်ဆယ်ရာစုခေတ်မှာ ခေတ်စားလာတဲ့ ဒဿနကတော့ မြစ်ဖျားခံပုံအမျိုးမျိုးရှိတာပေါ့လေ၊ အဲဒီမှာ ထင်ရှားတာကတော့ ပြင်သစ်ဒဿနိကအတွေးအခေါ်ပညာရှင် **"ဂျက်မာရီတီ"** က စတယ်ပဲဆိုပါတော့၊ သူက (Christian Existentilism) **"ခရစ်ယာန်အတ္တဘာဝမှန်ဝါဒ"** ဆိုတဲ့ အတွေးအခေါ်တစ်ရပ်ကို ထူထောင်ခဲ့တယ်။ သူ့ဝါဒကတော့ လူတွေဟာ သေခြင်းတရားကို အောက်မေ့နေရတာနဲ့အမျှ ဒုက္ခဝေဒနာတွေ ခံစားနေကြရာက ဘယ်လောက်ပြင်းထန် နာကျင်နေပေမယ့် ဘုရားသခင်ကို ယုံကြည်မှုစွဲမြဲရင် ယုံကြည် စွဲမြဲမှုက ဝေဒနာထက်လွန်ကဲရင် အဲဒီဝေဒနာကို သည်းခံနိုင်တယ် ဆိုတဲ့ သဘောပဲ"

ကိုတင်မွန်က စကားကိုရပ်ကာ လက်ဖက်ရည်ပန်းကန် ကိုင်၍ တစ်ငုံငုံလိုက်သည်။ ကိုမိုးကြယ်က ရေနွေးကြမ်းပန်းကန်ကို ရေနွေးငှဲ့ရင်း.....



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး ဒိန်းမတ်နိုင်ငံသား အတွေးအခေါ်ပညာရှင် "ဆိုရန်းကီယာ့စဂေါ့" ဆိုတာလဲရှိသေးတယ် မဟုတ်လားဗျ သူကလူဟာ မိမိကိုယ်ထဲမှာပဲ သစ္စာတရားကို ရှာတွေ့နိုင်တယ်၊ ဘာသာတရားရှိတဲ့ လူတွေဟာ ဒီတစ်သက်တာဘဝမှာ "ဖြစ်တည်မှု" နဲ့ ထာဝရသစ္စာတို့ကြားမှာ ဒုက္ခများနေကြရတယ်လို့ ပြောတဲ့လူ လေ"

ဟု ဝင်ထောက်ပေးလိုက်၏။

"ဟုတ်ပါတယ် ကိုမိုးကြယ်၊ အတွေးအခေါ်ပညာရှင်တွေ အကြောင်းပြောရင်တော့ ကျယ်ပြန့်တာပေါ့ဗျာ၊ ဂျာမန်ဒဿနိက ပညာရှင် 'မာတင်ဟိုက်ဒဂ္ဂါ' က 'ကီယာ့စဂေါ့' ရဲ့ အဆိုကို လက်မခံဘူးဗျ၊ လူဟာ တိုတောင်းတဲ့သူရဲ့ တစ်သက်တာ ဖြစ်တည်မှု အတွင်းမှာ သူ့ရဲ့ပြဿနာတွေကို သူ့ဘာသာသူ သဘာဝယုတ္တိကို ဆင်ခြင်ဖြေရှင်းပြီး သူ့ကံကြမ္မာကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ဖန်တီးရမယ်လို့ ဆိုတယ်လေ"

ကိုတင်မွန်က သူကျွမ်းကျင်သောပညာရပ်ဖြစ်၍ သွက်လက်စွာ ရှင်းပြလိုက်သည်။ သူ့စကားကို ကျွန်တော်က အားရပါးရထောက်ခံလိုက်မိ၏။

❀ တင်မော် (ဓာတု) စာပေ ❀



"ဟုတ်တယ်၊ ကိုတင်မွန် ဗုဒ္ဓဝါဒနဲ့ အဲဒီ "မာတင်ဟိုက်ဒဂ္ဂါး"အဆိုက ညီညွတ်တယ်လေ၊ ကောင်းမှု မကောင်းမှုကို လူက သူ့ဟာသူ့ခံရတယ်၊ လွတ်မြောက်လမ်းကို ကျင့်ကြံရင်လဲ လွတ်မြောက်နိုင်တယ်လို့ ဗုဒ္ဓဝါဒက ဆုံးမဩဝါဒ ပေးတာပဲလေ"

ကျွန်တော့်စကားကို ကိုမိုးကြယ်က ပြုံး၍ ခေါင်းညိတ်၏။

"ဟုတ်တယ်ဗျာ ဘုရားသခင်တို့ ဖန်ဆင်းရှင်တို့ကို ယုံကြည်တာဟာ ရှေးရိုးဘာသာရေးသိပ်ဆန်ပြီး ကိုယ့်အား ကိုယ်မကိုးချင်သလို ဖြစ်တာပေါ့နော်"

ကိုမိုးကြယ်စကားကို နားထောင်ပြီး ကျွန်တော်တို့ တဟားဟားရယ်လိုက်ကြသည်။ ထိုစဉ်မှာပင် စာရေးဆရာမ "ကြည်မွေ့အိမ်"ရောက်လာသည်။ ဒီကလေးမလည်း ကြံ့လျှင် ၃၈ လမ်း လမ်းဘေးလက်ဖက်ရည်ဆိုင်၌ ကျွန်တော်တို့နှင့်လာ၍ လေပစ်သည့်မှာ အကျင့်ဖြစ်နေသူပင်။

"ဆရာတို့ ဘာတွေ သဘောကျနေတာလဲ"

လွယ်အိတ်ကို သူ့ပေါင်ပေါ်တင်ကာ ကြည်မွေ့အိမ်က ခုံတစ်လုံးဆွဲယူထိုင်လိုက်သည်။

❀ တင်မော် (ဓာတု) စာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုမြင့်ကြည်က 'ဖြစ်တည်မှုပဓာနဝါဒ' ကို မေးနေလို့ တတ်သလောက်မှတ်မိသလောက် ပြောပြနေတာပါ"

ကိုတင်မွန့်စကားကို ကြည်မွေ့အိမ် စိတ်ဝင်စားသွား၏။

"ပြောဆရာ..... အဲဒါဆို ကျွန်မလဲစိတ်ဝင်စားပါတယ်၊ ဗဟုသုတရတာပေါ့"

ကိုမိုးကြယ်က ရေမွှေးတစ်အိုးထပ်မှာသည်။ ထုံးစံအတိုင်း ကျွန်တော်တို့ဝိုင်းက လက်ဖက်ရည် မုန့်တို့ထက် ရေနွေးများများ ဖြုန်းတီးသည့်ဝိုင်းကိုး။

ကိုတင်မွန့်က ဆေးလိပ်ကို မီးညှို၍ တစ်ဖွာနှစ်ဖွာ ဖွာပြီး စကားဆက်သည်။

အဲဒီ 'မာတင်ဟိုက်ဒဂ္ဂါ' ရဲ့ဝါဒကို သူကိုယ်တိုင်က Atheistic Existentialism"ဘုရားမရှိ အတ္တဘဝမှန်ဝါဒ" လို့အမည်ပေးခဲ့တယ်၊ ဒီလိုပဲ ဂျာမန်ဒဿနိကအတွေးအခေါ်ရှင် "ကားလ်ယတ်စပါး" က.....

"ဘာသာရေးနဲ့ လူမှုရေး ထုံးစံလေ့ အယူအဆတွေဟာ ဘဝဖြစ်တည်မှုရဲ့ ပြဿနာတွေကို အဖြေရှာတဲ့ နေရာမှာ





အခြေခံပြီး စဉ်းစားရလောက်အောင် အရာမရောက်ဘူး" ဟု ဖွင့်ဆိုခဲ့သေးတာပဲ"

"သူတို့ဟာ ဘာသာရေးကို မယုံကြည်တော့ဘဲ လက်တွေ့ကျတဲ့ လူ့ဘဝပြဿနာတွေ ဖြေရှင်းဖို့ နည်းလမ်းရှာကြတာမျိုးလို့ ဆိုရမှာပေါ့"

ထိုစကားကို ဝင်ပြောလိုက်သူမှာ ကိုမိုးကြယ်ပင် ဖြစ်လေသည်။

"ဟိုက်ဒဂ္ဂါ ရဲ့ တပည့်ကတော့ စာပေလောကမှာ အတ္တဘဝမှန်ဝါဒ "Existentialism" လို့ ထင်ရှားလာတဲ့ အတွေးအခေါ်တစ်ရပ်ကို ဦးအောင်တည်ထောင်တဲ့ ယန်ပေါလ်ဆတ် (Jean Paul Sartre) ပဲပေါ့"

ကိုတင်မွန့်က သူ့စကားအဆုံးတွင် အိပ်စပို့ဒူးယား တစ်လိပ်ကောက်ယူကာ ဖွာရှိုက်နေ၏။ ကျွန်တော်တို့အုပ်စုတွင် နောက်ဆုံးမှ ရောက်လာသည့် ကြည်မွေ့အိမ်က.....

"ဒီဝတ္ထုထဲမှာ ဟဲမင်းဝေးရေးသလို အမေရိကန် အနောက်ပိုင်း ဝတ္ထုတွေမှာ ပါတတ်တဲ့ဟာမျိုး။ ဖော့ကနာရဲ့ အမေရိကန်တောင်ပိုင်းဝတ္ထုမျိုးတွေမှာရေးသားတာမျိုးဖြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူဖြူဆင်းရဲသားတွေအကြောင်းလို မုဒိမ်းမှုတွေ၊ ဆွေမျိုးရင်းချင်း ကာမဖောက်ပြန်မှုတွေ၊ လူတစ်စုက ဥပဒေမဲ့တရားစီရင်မှုတွေ မပါပါဘူး ပြီးတော့ ကမူးရဲ့ ဝတ္ထုဟာစိတ်ညစ်စရာတွေမဟုတ်ဘူး အားလုံးခြုံကြည့်ရင်တော့ ပျော်ရွှင်ချမ်းမြေ့ဖို့ ကောင်းတဲ့ လူအဖွဲ့အစည်းတစ်ခုကို ထင်ဟပ်တဲ့ ဝတ္ထုလို့ဆိုရမယ်၊ အဲလဘတ်ကမူးဟာ အစစ်အမှန်နဲ့ကင်းဝေးတဲ့ ဘူဇွာလူတန်းစား လူ့ကျင့်ဝတ်သတ်မှတ်ချက်တွေကို တိုက်ဖျက်တဲ့သူပဲ၊ တို့ဟာ တို့ရဲ့ သာယာပျော်ရွှင်ရေးအတွက် တစ်နေ့မှာတော့ နိုင်ငံတကာက အတွေးသစ် အမြင်သစ်နဲ့ ရေးနေတဲ့ ဝတ္ထုဆရာ၊ ကဗျာဆရာတွေဆီက သင်ယူကြရဦးမယ်လို့ ရေးသားတင်ပြခဲ့တယ်"

"ကမ္ဘာကျော်စာရေးဆရာ အဲလဘတ်ကမူးရဲ့ ဘဝအကြောင်းရော ပြောပါဦးဆရာ၊ ဆရာသိသလောက်ပေါ့"

ကြည်မွှေ့အိမ်က ကိုတင်မွန်ကို ထပ်၍တိုက်တွန်းလိုက်သည်။ ထိုအကြောင်းအရာမှာ ကျွန်တော်ရော၊ ကိုမိုးကြယ်တို့ပါ စိတ်ဝင်စားသော အကြောင်းအရာတစ်ခုဖြစ်နေ၏။

"ဟုတ်တယ်ဗျ၊ ကမူးဟာ သိပ်အသက်ရှည်ရှည် နေသွားရတဲ့ လူတစ်ယောက်မဟုတ်ဘူးလို့ ကျွန်တော်ဖတ်ဖူးတယ်"





ကိုမိုးကြယ်က ဝင်ထောက်လိုက်သည်။ ကိုတင်မွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ် ကိုမိုးကြယ်၊ (Albert Camus) အဲလဘတ်ကမူးဟာ ၁၉၁၃ ခုနှစ်မှာ အယ်လ်ဂျီးယားမှာ မွေးဖွားတဲ့ပြင်သစ်လူမျိုးတစ်ယောက်ပါ၊ သူဟာ ၁၉၆၀ ခုနှစ်မှာ ကားမှောက်ပြီးသေဆုံးသွားတယ်၊ ဒီတော့ သူဟာ လူ့လောကမှာ အသက် ၄၇ နှစ်လောက်သာနေပြီး ထွက်ခွာသွားရတဲ့ လူလို့ ပြောရမှာပေါ့၊ ဒါပေမယ့် ကမူးဟာ ဒီအသက်ပိုင်းအတွင်းမှာကို သူဟာ အလုပ်တွေအများကြီးလုပ်ခဲ့တာပဲ၊ သူဟာ အယ်လ်ဂျီးယား ဘောလုံးအသင်းမှာလဲ ဂိုးသမားအဖြစ် ဝင်ပြီးကစားခဲ့တယ်၊ ပြီးတော့ ပြင်သစ်ပြည်မ သတင်းစာဆရာ၊ ဒုတိယကမ္ဘာစစ်မှာတော့ သူဟာအယ်လ်ဂျီးယားကို ဂျာမန်တို့လက်ကလွတ်မြောက်ရေးအတွက် တိုက်ခိုက်ခဲ့စင်သား၊ ဒါ့အပြင် 'တိုက်ခိုက်ရေး' လို့အမည်ပေးထားတဲ့ မြေအောက် သတင်းစာဆရာ အယ်ဒီတာလဲ လုပ်သေးသဗျ၊ သူ့ဘဝကတော့ စုံပါတယ်၊ စာအုပ်တွေတော့ သူအများကြီးရေးသွားနိုင်ခဲ့တာမဟုတ်ဘူးလို့ ဆိုရမှာပေါ့၊ သူဟာဝတ္ထု လေးငါးပုဒ်လောက်နဲ့ ဆောင်းပါးတွေ မှတ်စုတွေလောက်ပဲ ရေးသွားနိုင်ခဲ့တာပါ။ ဒါပေမယ့် သူ့ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရေးသားတဲ့ (L'Etranger) စည်းပြင်က လူ ဟာ ၁၉၅၇ ခုနှစ်မှာ စာပေဆိုင်ရာ နိုဗယ်ဆုကို ဆွတ်ခူးရရှိခဲ့တယ်၊ ခင်ဗျားတို့စဉ်းစားကြည့်လေ၊ ဒီတုန်းက သူ့အသက်အရွယ်ဟာ (၄၄) နှစ်ပဲရှိဦးမှာပေါ့၊ ဒီ 'စည်းပြင်ကလူ' ကို ဆရာထင်လင်းက ဘာသာပြန်ထားတယ်၊ ဖတ်ဖူးကြမှာပါ၊ အဲဒီဝတ္ထုဟာ စာပေအနုပညာထွန်းကားတဲ့ ပြင်သစ်ပြည်မှာ အရေးအပါဆုံးဝတ္ထုလို့ သတ်မှတ်တာ ခံရပြီး ခေတ်ပြိုင်စာပေလောကမှာ ဩဇာတိက္ကမအကြီးဆုံးပေါ့ဗျာ"

ကမ္ဘာကျော်စိတ်ကူးဉာဏ်ကောင်းသော စာရေးဆရာတစ်ဦး၏ အကြောင်းကို နားထောင်လိုက်ရ၍ ကျွန်တော် တစ်နေ့တာကျေနပ်ပီတိဖြစ်မိသည်။ သူတို့နှင့်စကားပြောရသည်မှာ ဗဟုသုတရသည်။ ခဏကြာတော့ သူတို့နှုတ်ဆက်ကာ ထပြန်သွားကြသည်။

သို့သော် ကျွန်တော့်ခေါင်းထဲတွင် "ဖြစ်တည်မှု ပဓာနဝါဒ" "အတ္တဘာဝမှန်ဝါဒ" ဟူသော အကြောင်းအရာများကို စဉ်းစားတွေးတောရင်းသာ ကျန်ခဲ့လေသည်။

❖ ❖ ❖ ❖ ❖





## "ဖြစ်တည်မှုပဓာနဝါဒကို ဖန်တီးကြသူများ"

ကိုမိုးကြယ်နှင့် ကိုတင်မွန်တို့နှင့် ပြောလာသော စကားသည် ကျွန်တော့်ခေါင်းထဲတွင် အိမ်အထိ ပါလာခဲ့လေ၏၊ ကျွန်တော်ကလည်း အကြောင်းအရာတစ်ခုကို စိတ်ဝင်စားမိပြီဆိုလျှင် မီးနိုးကြွက်ပျောက်လုန်လှော ရှာဖွေချင်တတ်သူမျိုး၊ ဒီတော့ "ဖြစ်တည်မှုပဓာနဝါဒ" ကို တည်ထောင်သူများ၊ ဖန်တီးသူများနှင့် သက်ဆိုင်သော အကြောင်းအရာကို ကျွန်တော် သိချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက အတွေးနှင့် အိပ်မပျော်။ နောက်တစ်နေ့တော့ ဒဂုံမြို့သစ်မြောက်ပိုင်းမှ စာဖတ်ဖက်မိတ်ဆွေ ကိုသိန်းဖော်၏ အိမ်သို့ ထလာခဲ့မိတော့၏။ ကိုသိန်းဖော်က ၄၈ ရပ်ကွက် ဖြိုးစပယ်ကားမှတ်တိုင်နားမှာနေသူ။ သူ့ဒုက္ခကလည်းမလွယ်။

ကိုသိန်းဖော်ရော သူ့အိမ်ရှင်မကပါ သဘောကောင်းကြသည်။ ထို့ကြောင့် ရွှေလမင်းစားသောက်ဆိုင်မှ "ဝကြီး"လို "ကျော်ပင်း"လိုကောင်းမျိုးတွေ နှိပ်စက်တာလည်း သူခံရသည်။ သူ့အိမ်ရှေ့လမ်းမမှာ ပျံကျဈေးရှိ၍ ထိုဈေးမှပစ္စည်းတွေ လာထားသူထား၊ အိမ်သာလာဝင်သူဝင် ဒီဒုက္ခတွေလည်း သူခံရသည်။

ကိုသိန်းဖော်၏ အားနာတတ်မှု၊ လူတစ်ဖက်သားအား ကူညီလိုစိတ်ရှိမှုတို့ကို အခွင့်ကောင်းယူကာ သူ့အိမ်မှ အဖိုးတန် စာအုပ်များကို ကျွတ်ကျွတ်အိတ်နှင့် တစ်ထုပ်တစ်ပိုးယူကာ ရောင်းစားပစ်တတ်ကြသည့် ကိုပြေငြိမ်းမောင်နှင့် ကိုဖော်လင်းမောင် တို့ နှိပ်စက်သည်ကို ခံရခြင်းကလည်းတစ်မျိုး။

ကြာတော့ ကိုသိန်းဖော်အိမ်ရှင်မက စာအုပ်ငှားရမည်ကို မလိုလား။ စိတ်ပျက်လာသည်။ လူတွေက သစ္စာမရှိကြဘူးကိုး။





သို့သော် ကျွန်တော့်ကိုတော့ စာရေးဆရာဟူ၍ သူ့မိန်းမက စာနာနားလည်ပုံရပါသည်။ ကျွန်တော် ဈေးဘက်ထွက်ရင်း ကိုသိန်းဖော်အိမ် ဝင်လိုက်သည်။ ကိုသိန်းဖော်မှာ ခြေထောက်တွင် ဒဏ်ရာရ၍ လမ်းကောင်းကောင်းမလျှောက်နိုင် ဖြစ်နေသည်ကို တွေ့မြင်ရ၏။

"အစ်ကိုကြီး..... အစ်ကိုကြီး ကိုမြင့်ကြည်လာတယ်"

သူ့ဇနီးက အိမ်ရှေ့ခြံတံရှည်အောက် ခုတင်ပေါ်တွင် အိပ်နေသော ကိုသိန်းဖော်ကိုနှိုးသည်။

ကိုသိန်းဖော်က အိပ်ပျော်နေခြင်းတော့မဟုတ်၊ မှိန်းနေခြင်းသာဖြစ်သည်။ ကျွန်တော်လာသည်ဆိုသည်နှင့် ကိုသိန်းဖော် မျက်လုံးပွင့်လာသည်။ သူ့ဇနီးက သူ့ကိုထူပေးသည်။

"လာ..... ကိုမြင့်ကြည်..... ထိုင်"

ထုံးစံအတိုင်း ကိုသိန်းဖော်က ထနိုင်လာသည်နှင့် ကျွန်တော့်ကို ဖော်ရွေစွာ ညှော်ဝတ်ပြုရှာပါသည်။

"ကျွန်တော် 'ဖြစ်တည်မှုပဓာနဝါဒ' 'အတ္တဘာဝမှန်ဝါဒ' အကြောင်းဖတ်ချင်လို့၊ ခင်ဗျားဆီမှာ စာအုပ်များရှိမလား



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဇော်က ကျွန်းမာရေးမကောင်းသည့်ကြားကပင် သူ့အိမ်ပေါ်အထပ်သို့တက်ကာ စာအုပ်များရှာလာသည်။ သူ့စာအုပ်စင်မှ စတုတ္ထအကြိမ်ထုတ် "စည်းပြင်ကလူ"စာအုပ်နှင့် မောင်ကြည်သစ်ရေးသော "ငြင်းပယ်ခြင်း၏အလှ" စာအုပ်များ အပြင် အင်္ဂလိပ်ဘာသာစာအုပ်များပါ သူကယူချလာသည်။

သူသည် စာကြိုက်သူ၊ စာစုသူ။ ထို့အပြင် ဦးခင်မောင်လတ် ဒေါ်ခင်မျိုးချစ်နှင့် ဆရာထင်လင်းတို့၏ တပည့်အဖြစ် အင်္ဂလိပ်စာ သင်ကြားဖူးသူ၊ ရုရှားဘာသာ ဒီပလိုမာ သင်တန်းတက်ဖူးသူ ဖြစ်၍ စာဖတ်ရုံသာမက စာပေစေတနာ၊ စာပေဝါသနာရှိသူ ဖြစ်သောကြောင့် သူ့စာအုပ်စင်မှ စာအုပ်များကို ရွေးထုတ်ကာ ပေးခဲ့လေသည်။

သူ့စာအုပ်တွေတစ်ပွေ့တစ်ပိုက်ကြီးယူကာ ကျွန်တော် အိမ်သို့ပြန်ခဲ့သည်။ ကျွန်တော့်စာအုပ်အတွက် ကျမ်းကိုးစာရင်းများ သူ့ထံမှရလာခြင်းဖြစ်သည်။ ကိုသိန်းဇော်သည် ကျွန်တော်၏ စာကြည့်တိုက်တစ်ခုဖြစ်ခဲ့ရပြန်ပြီ။ မတာတ်နိုင်။ ကျွန်တော်က ကြွက်တစ်ကောင်လို စာအုပ်ပုံကြားမှာ နေချင်သူဆိုကာ





ကိုသိန်းဇော်က နားလည်ထားပုံရသည်။ သူသည် စာအုပ် တစ်အုပ်ကိုဖွင့်ကာ.....

"တကယ်တော့ ယန်းပေါလ်ဆတ်ဟာ 'ဖြစ်တည်မှု ပဓာနဝါဒ' ကို တူထောင်သူလို့တောင် ပြောလို့ရပါတယ်ဗျာ" ဟုဆိုကာ ယန်းပေါလ်ဆတ်နှင့် ပတ်သက်သော စကားများကို သူက စပြောလာသည်။ ကျွန်တော်ကလည်း ကိုတင်မွန်ထံမှ မကြားခဲ့ရသော ယန်းပေါလ်ဆတ်အကြောင်းကို သူ့ထံမှ နားထောင်ရမည်ဖြစ်၍ ကျေနပ်နေမိတော့သည်။

"တကယ်တော့ ဖြစ်တည်မှု ပဓာနဝါဒ ဆိုတာဟာ ခရစ်ယာန်ဝါဒကို ဆန့်ကျင်ပြီး ဘာသာမဲ့ ဘုရားမဲ့ဝါဒအဖြစ် ပေါ်ပေါက်လာခဲ့တာလို့ပြောရင်တောင် ရလောက်ပါတယ်ဗျာ၊ ပြင်သစ်ဟာ အနုပညာတိုင်းပြည်ဖြစ်သလို အနုပညာရှင်တွေ ထွန်းကားခဲ့တဲ့ ဒေသဆိုတော့ အဲဒီလူတွေထဲမှာ ယန်းပေါလ်ဆတ် ဟာ တစ်ယောက်အပါအဝင်ပဲ ဆိုပါတော့.....

"၁၈၄၃ ခုနှစ်မှာ ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့မှာ လမ်းတွေပေါ် "ထစ်ခုခု" ပဲလို့ လူငယ်တွေဟာ အော်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ့ရှိတယ်။ သူတို့ရဲ့ သဘောကတော့ လှောင်ပြောင်သရော်တဲ့ သဘောပါပဲ.....

"တစ်ခုခု ဆိုတာ ဒိန်းမတ်ဒဿနစာရေးဆရာကြီး "ဆိုရန်ကဲကီးဂါးဒ်" ၁၈၄၃ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော စာအုပ်အမည်ဖြစ်ပါတယ်၊ အဲဒီအချိန်က သတင်းစာကြီးတစ်စောင်ဖြစ်နေတဲ့ တိုက်သဘော်မှာ ကဲကီးဂါးဒ်ကို အပြင်းအထန်ရှုတ်ချထားတဲ့ စာတမ်းတွေ၊ သရော်ထားတဲ့ ဆောင်းပါးတွေ အဆက်မပြတ်ပါဝင်နေခဲ့ပါတယ်၊ ဒါ့အပြင် သူ့ကိုရည်ညွှန်းလှောင်ပြောင်တဲ့ ကာတွန်းတွေဟာ ဆက်တိုက် ပေါ်ထွက်လာခဲ့ပါတယ်.....

"ခါးကုန်းလွန်း၍ ဦးခေါင်းမြေစိုက်နေသည့် တရားသူကြီးဆိုသူ၏ပုံ"

"ခြေနှစ်ချောင်းခွင်ပြီး သိမ်နေသော်လည်း ကြယ်တာရာတို့ကို တမော့တမောကြည့်နေသည့် သူ၏ပုံ"

"ပရမ်းပတာဖြစ်နေသည့် စကြဝဠာကြီးအလယ်တွင် ယိုင်တီယိုင်တိုင် လှုပ်လီလှုပ်လဲ့ဖြစ်နေသည့် သူ၏ပုံ"





စတဲ့ အဲသလိုပုံတွေကို ကာတွန်းဆရာတွေက ရေးဆွဲတင်ပြကြတယ်၊ အမှန်တရားကိုရှာဖွေရင်း အမှန်တရားပျောက်သူအနေနဲ့လဲသူ့ကို သရော်လှောင်ပြောင်ခဲ့ကြတယ်.....

"ဒါနဲ့ပတ်သက်လို့ 'ကဲကီးဂါးဒ်'က 'ယုတ်မာ ရက်စက်တဲ့အညှာအတာကင်းမဲ့တဲ့ စာပေလုပ်ကြံမှုကြီးပါ'

လို့ တုံ့ပြန်ပြောပြခဲ့တယ်၊ တကယ်တော့ ၁၈၅၅ ခုနှစ်မှာ 'ကဲကီးဂါးဒ်'ကွယ်လွန်သွားတော့မှ သူ့ကျေးဇူးတရားတွေကိုလူတွေဟာ သိမြင်ခဲ့ကြတယ်၊ **The Corsair** သတင်းစာကြီးက အယ်ဒီတာ ဂိုးရှမစ်ဒ် (**Goldshmidt**)ဟာ.....

"ကဲကီးဂါးဒ်ဟာ ဒိန်းမတ်နိုင်ငံတော်ရဲ့ ထက်မြက်ကြီးကျယ်ဆုံးသော စာရေးဆရာကြီးပါ"

လို့ပြောဆိုခဲ့ရတယ်လေ"

ကိုသိန်းဇော်က စကားပြောရင်းရေနွေးကို ငုံ့သောက်လိုက်သည်။

"သူတို့ထဲမှာတော့ 'အတ္တဘာဝမှန်ဝါဒ' ကို ဘာသာမဲ့ဘုရားမဲ့ အနေနဲ့လက်ခံမှုကို ဖော်ထုတ်လိုက်တာကတော့ ယန်းပေါလ်ဆတ်ပဲပေါ့ဗျာ၊ သူက ၁၉၄၆ ခုနှစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



Existentialism "အတ္တဘာဝမှန်ဝါဒ" ဆိုတဲ့အမည်နဲ့ စာအုပ်တစ်အုပ် ရေးထုတ်ခဲ့တယ်၊ သူ့စာအုပ်ကို ဒဿနိကပညာရှင်တွေရော၊ စာပေသမားတွေရော ဖတ်ခဲ့ကြရတာပေါ့" ယန်းပေါလ်ဆတ်က.....

"လူဟာ သူ့ဘဝဖြစ်တည်မှုပြဿနာတွေ ဝေဒနာတွေကို သုံးသပ်ရာမှာ ကြောင်းကျိုးဆင်ခြင်တုံတရားနဲ့ ကိုယ့်ဘာသာကိုယ် ရှာဖွေဖော်ထုတ်နိုင်ရမယ်၊ ကိုယ့်ကံကြမ္မာ၊ ကိုယ့်အနာဂတ်ကို ကိုယ့်ဘာသာ ဖန်တီးနိုင်စွမ်းရှိရမယ်လို့ ပြောခဲ့တယ်ဗျ၊ ကဲပါဗျာ ဒီစာအုပ်သာယူသွားပါ"

ယန်းပေါလ်ဆတ်ရေးသော စာအုပ်ကိုယူကာ ကျွန်တော်ကိုသိန်းဇော်ကို နှုတ်ဆက်လိုက်သည်။ ကိုသိန်းဇော်အိမ်ရှေ့ ဈေးထဲသို့ ရောက်သည်အထိ ကျွန်တော့်အတွေးကမပြတ်ပါ။

တကယ်တော့ "အတ္တဘာဝမှန်ဝါဒ"သည် နှစ်ဆယ်ရာစုကို ကျော်လွန်လာသည်မှာ ဒီဖက်ခေတ်အထိ ခေတ်စားလာခဲ့သော ကမ္ဘာကျော်စာရေးဆရာကြီး "ယန်းပေါလ်ဆတ်" နှင့် "အဲလ်ဘတ်ကမူး"တို့၏ စာပေရိုက်ခတ်ချက်ပင်ဖြစ်သည်။ သို့သော် ထိုဝါဒကို လေ့လာလိုက်စားသူ၊ ခံယူအသုံးပြုသူတို့မှာ မူဝါဒအမျိုးမျိုးကွဲကာ ငြင်းခုန်နေကြဆဲဖြစ်လေသည်။

❖ ❖ ❖ ❖ ❖





"နိဂုံး"

ဤစာအုပ်တွင် ကျွန်တော်သည် ထင်ရှားသော ကမ္ဘာကျော်အနုပညာရှင်များ အကြောင်းကို ရေးဖွဲ့ဖော်ပြထားပါသည်။ သူတို့၏ အတ္ထုပ္ပတ္တိကိုဖတ်ရခြင်းဖြင့် အကျိုးအကြောင်း အဆိုးအကောင်းကို ချင့်ချိန်ကာ လူတစ်ဦး၏ ဘဝ၌ တွေ့ကြုံ ဖြစ်ပျက်တတ်သော သဘောတရားများကို ဆင်ခြင် တွေးတောစရာများ ရလာနိုင်သည်ဟု ထင်မိပါသည်။

လူတို့သည် မွေးဖွားသည့်အချိန်မှ သေဆုံးကွယ်လွန်ကြသည့်အချိန်အထိ ဘဝခရီးလမ်းကို လျှောက်လှမ်း ရုန်းကန်နေကြရသည်။ ထို၌ အဆင်ပြေချောမွေ့သူရှိသကဲ့သို့ အဆင်မပြေသူ အကျပ်အတည်းတွေ့သူတို့လည်း ရှိကြပေမည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ဘဝဟူသည်မှာ "နေတတ်ရင်ကျေနပ်တယ်" ဟူသော ဆိုးရိုးအတိုင်း ကောင်းဆိုးနှစ်တန် လောကဓံကိုတွေ့တိုင်း ခံစားတတ်လျှင် အရသာရှိသည်ဟု ကျွန်တော် တွေးကြည့်မိသည်။

ကမ္ဘာကျော်စာရေးဆရာ၊ အနုပညာသမားတို့သည် အလိုအလျောက် ကျော်ကြားထင်ရှားလာကြခြင်း မဟုတ်ပါ။ သူတို့တွင် ရှန်းကန်ကြိုးစားမှု၊ ပြင်းပြင်းထန်ထန် အားထုတ်မှုတို့ရှိကြသည်သာဖြစ်သည်။

အနုပညာသမားတို့၏ ဘဝနှင့် အတွေ့အကြုံကို ဖတ်ရှုပြီး လူ့လောကဓမ္မတာ သဘောတရားများကို ဆင်ခြင်စဉ်းစားမိမည်ဆိုလျှင် ဤစာအုပ်ရေးရကျိုးနပ်ပြီဟု ကျွန်တော်ထင်မိပါသည်။

BURMESE CLASSIC

မောင်မြင့်ကြည် (စာပေဗိမာန်)

❀ တင်မော် (စာတူ) စာပေ ❀

www.burmeseclassic.com